ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (8-11-2015) (၈၃၇၈)

## တည်ငြိမ်အေးချမ်းစွာအကောင်အထည်ဖော်

ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို တည်ငြိမ်အေးချမ်းစွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းသည် နိုင်ငံနှင့် ပြည်သူများ၏ အောင်ပွဲပင်ဖြစ်သည်။

(၅-၁၁-၂၀၁၅ နေ့က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကံမမြို့နယ်၌ ဒေသခံပြည်သူများအား တွေ့ဆုံပြောကြားသည့် အမှာစကားကောက်နုတ်ချက်)




နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် နိုဝင်ဘာ ၃ ရက်မှစတင်ကာ ကြိုတင်ဆန္ဒမဲပေးလျက်ရှိသည်။ ဓာတ်ပုံ - IPRD (သတင်း စာမျက်နှာ - ၃)

# ကင်းတားရေလှောင်တမံ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းပေး

ရှေးမြန်မာမင်းများလက်ထက်မှစ၍ ပန်းလောင်မြစ်ပေါ်တွင်ရေလွှဲဆည်များတည်ဆောက်ပြီး လယ်မြေများကို ဆည်ရေပေးစိုက်ပျိုးခဲ့ရာ ကိုလိုနီခေတ် ၁၈၉၁-၁၈၉၂ ခုနှစ်တွင် ပန်းလောင်မြစ်ပေါ်ရှိ ကင်းတားဆည်၊ နက်လွှဲဆည်၊ ကျီးမဲဆည်နှင့် ထုံးကြီးဆည်တို့ကို ပြန်လည်မွမ်းမံပြင်ဆင်ပြီး ယနေ့တိုင်ဆည်ရေပေးဝေသုံးစွဲခဲ့သည်။

ထိုဆည်များသည် ရေလွှဲဆည်များဖြစ်သဖြင့် မြစ်၏ ရေစီးရေလာနည်းပါးချိန်တွင် ရေလုံလောက်မှုမရှိခြင်း၊ မြစ်ရေကြီးချိန်တွင် လယ်မြေများ၌ ရေလွှမ်းမိုးမှုမှကာကွယ်နိုင်ရန် တစ်နှစ်ပတ်လုံး ရေလိုအပ်ချိန်တွင် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် နှစ်စဉ် လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၁၆၅ သန်း ထုတ်လုပ်ရန်ရည်ရွယ်၍ ကင်းတားရေလှောင်တမံကို သက်ဆိုင်ရာတာဝန်ရှိသူများက ၁၉၈၁-၁၉၈၂ ခုနှစ်တွင် တည်ဆောက်ခဲ့ရာ ၁၉၈၉-၁၉၉၀ ခုနှစ်တွင် ပြီးစီးခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

## မာတိကာ

မြန်မာလူထုအတွက် နိုင်ငံတကာအသိုက်အဝန်းက သတိပြုရှောင်ရှားသင့်သည့် ဘက်လိုက်မှုများ စာမျက်နှာ – ၆

ယခု ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်း ၆၀၀၀ လျာထား စာမျက်နှာ –၁၁



ကြေးမုံစာတည်းရှထောင့် ၈-၁၁-၂၀၁၅၊ တနင်္ဂနွေနေ့

# လွတ်လပ်တရားမျှတသည့်ရွေးကောက်ပွဲ

ယနေ့သည် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ထူးခြားသောနေ့တစ်နေ့ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအတွက် အရေးအကြီးဆုံး ဆုံးဖြတ်ချက်ပေးရမည့် နေ့တစ်နေ့လည်းဖြစ်သည်။ အသွင်ကူးပြောင်းနေသော နိုင်ငံတစ်နိုင်ငံ၏ သမိုင်းဝင်၊ သမိုင်းတွင်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် လွတ်လပ်ပြီး တရားမျှတစွာဖြင့် ဆန္ဒမဲများ ပေးကြလေပြီ။

မြန်မာနိုင်ငံသမိုင်းတွင် ရွေးကောက်ပွဲများအကြိမ်ကြိမ် ကျင်းပခဲ့ဖူးသော်လည်း ယနေ့ကျင်းပနေသည့် ရွေးကောက်ပွဲမှာ မြန်မာနိုင်ငံ၏အနာဂတ်အတွက် ထူးခြားလေးနက်သည့်အသွင်ဆောင်သည်။ ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော်အမတ်ရွေးကောက်ပွဲ၊ ၁၉၅၇ ခုနှစ် ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲ၊ ၁၉၉၀ ခုနှစ်ပါတီစုံရွေးကောက်ပွဲ၊ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲများနှင့် ယနေ့ကျင်းပသည့် ရွေးကောက်ပွဲမှာ ကွဲပြားခြားနားသည့်အသွင်ဆောင်ပေသည်။

ယခင်နှင့်မတူသည့်အချက်များမှာ ၂၀၁၅ ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်း ၉၀ ကျော်၊ ကိုယ်စားလှယ်လောင်း ၆၀၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သဖြင့် ယှဉ်ပြိုင်မှုအင်အား အများဆုံးဟုဆိုနိုင်သည့် ရွေးကောက်ပွဲကြီးဖြစ်လာသည်။ တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း လေးသောင်းကျော်ရှိပြီး မဲဆန္ဒရှင်ပြည်သူ ၃၄ သန်းကျော်စာရင်းရှိကြောင်း သိရသည်။

ရွေးကောက်ပွဲမတိုင်မီ အစောပိုင်းကာလများက ရွေးကောက်ပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများမှာ စိတ်ဝင်စားမှုနည်းပါးသည်ဟု ထင်မြင်ရပြီး မဲဆွယ်စည်းရုံးရေးကာလ အဆုံးပိုင်းတွင်မူ မြန်မာနိုင်ငံသူ နိုင်ငံသားများ ရွေးကောက်ပွဲအား ပိုမိုစိတ်ဝင်စားမှုရှိလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနာဂတ်ရေးအတွက် ယခုရွေးကောက်ပွဲ၏ အရေးကြီးပုံကိုနားလည်လာကြသည်။

စိတ်ဝင်စားဖွယ်ကောင်းသော မြန်မာနိုင်ငံ၏ရွေးကောက်ပွဲကို ပြည်တွင်းပြည်ပမှ စောင့်ကြည့်လေ့လာရေးအဖွဲ့များအား လက်ခံခွင့်ပြုပေးထားခြင်းကလည်း ထူးခြားချက်ပင်ဖြစ်သည်။ အစောပိုင်းကာလကတည်းက နိုင်ငံ့ခေါင်းဆောင်များနှင့် ရွေးကောက်ပွဲကော်မရှင်က လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်စေရန် ဆန္ဒပြုထားသည်။

ယနေ့နိုင်ငံတစ်ဝန်းတွင်ကျင်းပနေသည့် အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံတကာသံရုံး ၃၂ ရုံးမှ လေ့လာသူ ၄၇၀၊ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ခြောက်ဖွဲ့မှ ၄၆၅ ဦး၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် အကူအညီပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်းကိုးဖွဲ့မှ ၁၈၃ ဦးအပါအဝင် နိုင်ငံတကာလေ့လာစောင့်ကြည့်သူ ၁၁၁၈ ဦးတို့အား သက်သေခံကတ်ပြားများ ထုတ်ပေးခဲ့သဖြင့် လွတ်လပ်စွာလေ့လာခွင့်ရနေကြပြီဖြစ်သည်။

ထို့အပြင် ပြည်တွင်းမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့အစည်း ၁၃ ဖွဲ့မှ ၉၄၀၆ ဦးနှင့် ပြည်တွင်းမီဒီယာ ၄၅ ဖွဲ့မှ သတင်းသမား ၂၉၁ ဦးတို့ကလည်း ဥပဒေစည်းကမ်းများနှင့်အညီ လေ့လာကြည့်ရှုသတင်းယူနေကြပြီဖြစ်သည်။ ထို့ကြောင့် သတင်းသမားများနှင့်လေ့လာသူ ဦးရေ တစ်သောင်းကျော်တို့သည် မြန်မာနိုင်ငံ၏ထူးခြားလေးနက်မှုရှိသည့် အထွေထွေရွေးကောက်ပွဲကြီးတွင် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်၍ ဤရွေးကောက်ပွဲကြီးသည် တရားမျှတပြီးလွတ်လပ်မှုရှိနေသည်မှာ အမှန်ဖြစ်သည်။

မဲဆန္ဒရှင်ပြည်သူများနှင့် လေ့လာသတင်းယူနေကြသူများအနေဖြင့် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပါသည်။ ယနေ့ညနေ ရွေးကောက်ပွဲပိတ်သိမ်းချိန်တွင် ရရှိလာမည့်ရလဒ်အဖြေများအပေါ်တွင်လည်း သက်ဆိုင်ရာနိုင်ငံရေးပါတီများနှင့် အားပေးသူပြည်သူများအနေဖြင့် စည်းကမ်းရှိစွာဖြင့် ကျေနပ်စွာ လက်ခံကြရန်လိုအပ်ပါသည်။

သို့ဖြစ်ရာ ၂၀၁၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးသည် သမိုင်းဝင်၊ သမိုင်းတွင်မည့် ရွေးကောက်ပွဲကြီးဖြစ်၍ ရွေးကောက်ပွဲကြီးအောင်မြင်စေရန် နိုင်ငံကြီးသားပီသစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## မိတ္ထီလာ သီးကုန်း (၂၈၅) မိုင် အရေးပေါ်ရှေးဦးပြုစုခြင်းစခန်း အဆောက်အအုံသစ်ဆောက်လုပ်မှု ၈၀ ရာခိုင်နှုန်းကျော်ပြီးစီး

**မိတ္ထီလာ နိုဝင်ဘာ ၇**

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေး အမြန်လမ်း သီးကုန်း(၂၈၅)မိုင် ယာဉ်ရပ်နားစခန်းအနီးတွင် အရေးပေါ်ရှေးဦးပြုစုခြင်းစခန်းအဆောက်အအုံသစ်အား မေလအတွင်းက စတင်ဆောက်လုပ်ခဲ့ရာ နိုဝင်ဘာ ၆ ရက်တွင် ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံကြက်ခြေနီအသင်းက တစ်ဆင့် စင်ကာပူနိုင်ငံကြက်ခြေနီအသင်းရဲ့ လှူဒါန်းငွေကျပ် ၃၅၃ သိန်းကျော်နဲ့ မိတ္ထီလာ သီးကုန်း(၂၈၅)မိုင် အမြန်လမ်း အရေးပေါ်ရှေးဦးပြုစုခြင်းစခန်း အဆောက်အအုံသစ်ကို ဆောက်လုပ်တာပါ။ ဖြူး (၁၁၅) မိုင် အမြန်လမ်းအရေးပေါ်ရှေးဦးပြုစုခြင်းစခန်းအဆောက်အအုံကို ဆောက်လုပ်ခဲ့တဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင် ဦးစိုးအောင်ကပဲ တာဝန်ယူဆောက်လုပ်တာပါ။

"အခုအနေအထားက အဆောက်အအုံမှာ တံခါးပေါက်၊ပြတင်းပေါက်တွေ တပ်ဆင်ဖို့နဲ့ ဆေးသုတ်ဖို့ပဲကျန်တာမို့ ဆောက်လုပ်ရေးလုပ်ငန်း ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးပါပြီ။ နိုဝင်ဘာ လကုန်ပိုင်းလောက်မှာ အားလုံး ဆောက်လုပ်ပြီးစီးသွားမှာပါ" ဟု မိတ္ထီလာကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးနေဦးက ပြောသည်။

ယင်းအဆောက်အအုံအသစ်မဆောက်လုပ်မီ ၂၀၁၃ခုနှစ် ဇူလိုင်လ ၂ ရက်က စတင်ကာ (၂၈၅) မိုင် သီးကုန်းယာဉ်ရပ်နားစခန်း မြောက်ဘက် အဆောက်အအုံတစ်ခုတွင် ယာယီအရေးပေါ်ရှေးဦးပြုစုခြင်းစခန်း (အမြန်လမ်း)ကို ဖွင့်လှစ်ကာ ယနေ့အထိ ယာဉ်မတော်တဆမှု ၁၂၀ ခန့် ထိခိုက်ဒဏ်ရာရရှိသူ ၂၂၀ ကျော်၊ သေဆုံးသူ ၃၉ ဦးတို့အား အရေးပေါ်ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

❖






## ကျောင်းကုန်း၌ နိုဝင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ အရက်၊ ဘီယာဆိုင်များ ရောင်းချခြင်းမပြုရန် တားမြစ်ထား

**ကျောင်းကုန်း နိုဝင်ဘာ ၇**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရေးမဲဆန္ဒရှင်ပြည်သူများ မဲပေးသွားရာတွင် စိတ်အနှောင့်အယှက်ဖြစ်စေမည့် ဆူညံသံများ၊ မူးယစ်သောက်စားရမ်းကားမှုများ မဖြစ်စေရန်အတွက် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာ အုပ်စုများမှ စားသောက်ဆိုင်များတွင် အရက်၊ဘီယာများကို နိုဝင်ဘာ ၇ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ လုံးဝရောင်းချခြင်းမပြုရန် တားမြစ်ထားသည်။

လိုက်နာခြင်းမရှိသော စျေးဆိုင်များအား စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

## မုံရွာမြို့နယ်အတွင်းရှိ မဲရုံများ ဆန္ဒမဲပေးရန် အသင့်ပြင်ဆင်ပြီးဖြစ်

**မုံရွာ နိုဝင်ဘာ ၇**

၂၀၁၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မဲရုံများ နိုဝင်ဘာ ၈ရက်တွင် မဲပေးနိုင်ရန် အသင့်ပြင်ဆင်ပြီးဖြစ်ကြောင်း တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

"မဲရုံတွေကတော့ မဲပေးဖို့အတွက် အသင့်ဖြစ်နေပါပြီ။ သတ်မှတ်ချိန်အမီ မဲပေးနိုင်ရေးအတွက် ဆန္ဒမဲပေးမှုကို ရပ်ကွက်ထဲကပြည်သူတွေ မဲရုံကိုလာပြီးအစမ်းလေ့ကျင့်နေကြတယ် "ဟု မုံရွာမြို့ ဆူးလေကုန်းရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ မဲရုံအမှတ်(၁)မှ ကော်မရှင် အဖွဲ့ခွဲဝင်တစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် ပြည်သူ့လွှတ်တော် ၁၅၄ ဦး၊ အမျိုးသားလွှတ်တော်၌ ၄၂ဦး၊ တိုင်းဒေသကြီးလွှတ်တော် (ရှမ်းတိုင်းရင်းသား၊ချင်းတိုင်းရင်းသားပါ) ၃၀၇ ဦးတို့သည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ လူ့ဘောင်သစ်ပါတီ၊ အမျိုးသားတိုးတက်ရေးပါတီ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ၊ ညီညွတ်သောဒီမိုကရေစီပါတီ၊ တသီးပုဂ္ဂလ၊ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေးပါတီ၊ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ရှမ်းနီတိုင်းရင်းသားဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ်၊ ချင်းတိုးတက်ရေးပါတီတို့မှ စုစုပေါင်း ၅၀၃ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

### ❖ ကင်းတားရေလှောင်တမံမှ

ရေလှောင်တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံဖြစ်ပြီး တမံအမြင့် ၂၃၆ ပေ၊ တမံအလျား ၂၀၃၄ ပေ၊ ရေထုတ်ပြွန်အမျိုးအစားကွန်ကရစ်ဥမင်၊ ရေထုတ်ပြွန်အရွယ်အစား ၂၄ ဒသမ ၆ ပေ၊ ရေထုတ်ပြွန်အလျား ၁၅၂၅ ပေ၊ ရေပိုလွှဲအမျိုးအစားရေတံခါးတပ်ကွန်ကရစ် ခန့်မှန်းကုန်ကျငွေ ၁၃၆၁ ဒသမ ၇၀ သန်းဟု ကင်းတားတမံတာဝန်ရှိသူထံမှ သိရသည်။

ထို့အတူ ကင်းတားတမံ ဘက်စုံစီမံကိန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တင်ဒါခေါ်ယူမှုစနစ်အရ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၊ လာမေယာအင်တာနေရှင်နယ်ကုမ္ပဏီက ၁၉၇၈ ခုနှစ်တွင်ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကို ပြုစုပေးခဲ့ပြီး ရေလှောင်တမံနှင့် ရေတားအဆောက်အအုံများ၊ ရေအားလျှပ်စစ်ဆိုင်ရာ မြို့ပြအဆောက်အအုံများကို သက်ဆိုင်ရာနိုင်ငံများက တည်ဆောက်ပေးခဲ့ရာ ၁၉၈၉-၁၉၉၀ ခုနှစ်တွင် စီမံကိန်းအားလုံးဆောင်ရွက်ပြီးစီးခဲ့သည်ဟု သိရသည်။

ယခုအခါ ကင်းတားရေလှောင်တမံဘက်စုံစီမံကိန်းများနှင့် ပတ်သက်ပြီး ကင်းတားရေလှောင်တမံဘက်စုံစီမံကိန်းကို စိုက်ပျိုးရေပေးဝေရန်၊ ရေလွှမ်းမိုးမှုမှကာကွယ်နိုင်ရန်၊ ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကင်းတားရေလှောင်တမံ၏ အောက်ဘက်ရှစ်မိုင်အကွာရှိ ကင်းတား ရေလွှဲဆည်မှ လက်ဝဲ/လက်ယာနှင့် ပန်းလောင်ရေသောက်စနစ်ရှိ စိုက်ပျိုးမြေဧကများကို စိုက်ပျိုးရေပေးဝေရန် နိုင်ငံတော်ကတည်ဆောက်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မိုးစပါးဧက ၉၀၆၀၆ ဧကသာ ရေသွင်းစိုက်ပျိုးနိုင်ခဲ့ပြီး၂၀၁၅-၂၀၁၆ ခုနှစ်တွင် မိုးစပါး ၁၁၀၀၀၀ စိုက်ပျိုးနိုင်ခဲ့ကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၅၂ ဒသမ ၅၈ ထုတ်လွှတ်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ကန်အတွင်းရေသိုလှောင်ပမာဏ ၂၀၁၅၀၄ ဧကပေသာရှိသည်။ ၂၀၁၄ ခုနှစ်က ရေသိုလှောင်ပမာဏမှာ ဧကပေ ၃၈၉၆၄၀ ရှိသဖြင့် ၁၈၈၁၃၆ ဧကပေ လျော့နည်းလျက်ရှိသည်။

"အခုဆိုရင် သစ်တောတွေပြုန်းတီးလာသလို ကင်းတားတမံရေဝပ်ဧရိယာမှ သစ်တောထွက်ပစ္စည်းတွေ တရားမဝင်သယ်ယူပို့ဆောင်မှုတွေရှိနေတာကြောင့် ဟန့်တားပေးရန် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၈ ရက်စွဲနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် သက်ဆိုင်ရာဌာနများကိုလည်း တင်ပြထားပါတယ်"ဟု မြစ်သားမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမိုးကဆိုသည်။

ဆက်လက်၍ ကင်းတားရေသိုလှောင်မှုနည်းပါးခြင်းနှင့် ဆည်၏ လုံခြုံရေးများနှင့်ပတ်သက်ပြီး "ကျွန်တော်တို့တပ်ခွဲ ဒီရေလှောင်တမံမှာတာဝန်ကျတာ မကြာသေးပါဘူး။ ဒီဆည်ရဲ့ အဝင်မှာကျွန်တော်တို့တပ်ခွဲရုံးထားပြီး နေ့ညလုံခြုံရေးကို တာဝန်ယူထားသလို အောက်တိုဘာ ၂၀ ရက်ကစလို့ ဒီဆည်ပေါ်မှာရှိတဲ့ လူဦးရေစာရင်းကိုကောက်ယူသွားမှာပါ။ ဒီလိုမှမလုပ်ရင် တစ်ခါတလေကျ လူစိမ်းတွေရောက်လာနိုင်ပါတယ်။ ဒါကြောင့် တမံလုံခြုံရေးကို အထူးတာဝန်ယူထားရတာပါ"ဟု မြစ်သားမြို့နယ် မိုင်မောမှဆည်လုံခြုံရေးတာဝန်ခံ ဗိုလ်ကြီးကျော်လှိုင်က ဆိုသည်။

ဆက်လက်၍ အဆိုပါဆည်အနီး တောင်ပေါ်ရှိ (ရှမ်း)သစ်တောမှ တာဝန်ခံတောအုပ်ကြီးက "ကျွန်တော်တို့တာဝန်ယူထားတဲ့အပိုင်းက သစ်တောသစ်ပင်ပြုန်းတီးမှုမရှိစေရေး တရားမဝင်သစ်ကားများကိုတွေ့ရှိပါက သစ်တောဥပဒေနှင့်အညီ ဆောင်ရွက်သွားမှာပါ"ဟု ဆိုသည်။

ဆက်လက်ပြီး အဆိုပါဆည်အနီးနေထိုင်သော ဒေသခံပြည်သူတစ်ဦးက "ကျွန်တော်တို့ငယ်ငယ်တုန်းကဆို ရေလှောင်တမံအနီးမှာရှိတဲ့ တောတောင်တွေဟာ အမြဲတမ်းစိမ်းလန်းစိုပြည်နေတာပါ။ ဒီတောတောင်ပေါ်မှာဆို နှစ်ပေါင်းများစွာကတည်းက ပေါက်ရောက်နေတဲ့သစ်ပင်ကြီးတွေ၊ ရှေးလူတွေနေထိုင်ခဲ့တဲ့ ဂူတွေအစရှိတဲ့ဟာတွေရှိသလို ကျွန်တော်တို့လို တောင်သူလယ်သမားတွေအတွက် ဒီဆည်ကရေကိုပဲအားကိုးပြီး စပါး စတဲ့ သီးနှံတွေ စိုက်ပျိုးနေတာ အဆင်ပြေပါတယ်။ ဒေသခံကျေးလက်နေပြည်သူတွေအတွက်လည်း စိုက်ပျိုးရေပေးဝေတဲ့အခါ ရေပေါများစွာ ပေးဝေနိုင်ခြင်း၊ ဆည်တမံအတွင်း ရေပေါများစွာ သိုလှောင်နိုင်ခြင်းတွေရှိတော့လည်း အခုအခါ(ရှမ်းသစ်တော) အပိုင်တမံ ၃ မှ တရားမဝင်သစ်ဆွဲဖောင်များကတစ်ဆင့် သစ်တင်ခြင်း၊ ဒီတောတောင်ထဲရှိ သစ်ပင်ကြီးငယ်တွေကိုသစ်ခုတ်သမားတွေကတစ်ဆင့် သစ်ပွဲစားတွေက ယာဉ်ကြီးယာဉ်ငယ်တွေနဲ့ လာရောက်ဝယ်ယူမှုတွေလည်း ရှိပါတယ်။ အောက်တိုဘာ ၁၄ ရက် ညကဆိုရင် ရွာခိုင်ကြီးနယ်မြေရဲကင်းစခန်းက သစ်ကားသုံးစီး ဖမ်းမိထားတယ်လို့သိရတော့လည်း နောက်ရက်မှ သစ်ကားတွေကို ပြန်လွှတ်လိုက်တဲ့ ဖြစ်ရပ်မျိုးတွေကြောင့် သစ်ခုတ်သူတွေက အတင့်ရဲလာတာပါ"ဟု မြနဒီကျေးရွာမှတောင်သူ ဦးညိုဝင်းက ဆိုသည်။

ယင်းကြောင့် ကင်းတားရေလှောင်တမံရေရှည်တည်တံ့ရေးအတွက်သည် သဘာဝစိမ်းလန်းစိုပြည်ရေးကို တစ်ထောင့်တစ်နေရာက လိုအပ်သလို၊ သစ်ပင်များခုတ်ယူခြင်းသည် မြေဆီလွှာများပျက်စီးနိုင်ခြင်းကြောင့် ထိန်းသိမ်းရန်လိုအပ်ပေသည်။ ကင်းတားရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းပေါ်ရှိ ကူမဲမြို့အရှေ့ဘက် ၂၁ မိုင်အကွာ ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားရှိပြီး မြစ်သားမြို့နယ်ရှိ တောင်သူလယ်သမားများ အဓိကအားကိုး အားထားနေရသည့် ဆည်တမံတစ်ခုအဖြစ် ရေရှည်တည်တံ့ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများသာမက ပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးရန် လိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကျော်ကျော်(မလှိုင်)**

၀၀၀

# အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ကြိုတင်ဆန္ဒမဲပေးလိုသည့် အချုပ်သူ၊ အချုပ်သား နှစ်ထောင်ကျော် မဲပေးခဲ့ပြီးဖြစ်

**ရန်ကုန် နိုဝင်ဘာ ၇**

အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အချုပ်ကျခံနေရသည့် အချုပ်သားများအတွက် ရွေးကောက်ပွဲတွင် ကြိုတင်မဲပေးနိုင်ရေးအတွက် အကျဉ်းဦးစီးဌာနမှ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်အထိ စုစုပေါင်း အချုပ်သား ၂၃၀၇ ဦး ကြိုတင်မဲပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၏ ပြောကြားချက်အရ သိရသည်။



"အင်းစိန်အကျဉ်းထောင်ထဲမှာ အချုပ်ကြနေတဲ့ အချုပ်သူ အချုပ်သားတွေအတွက် ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးအောင် အောက်တိုဘာ ၅ ရက်ကတည်းက ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး မဲပေးလိုတဲ့သူတွေကို ပုံစံ(၁-၁)နဲ့ ပုံစံ(၁၅)ပြုစုပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေဆီကို အမြန်ချောပို့နဲ့ ပို့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးထဲက သူဆိုရင်လည်း သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲတွေဆီကို ပို့ပေးပါတယ်။ ဒါ့ကြောင့် အောက်တိုဘာ ၂၄ ရက်မှစပြီး အချုပ်ကျခံနေသူတွေအနေနဲ့ ကြိုတင်မဲပေးနိုင်ခဲ့ပါတယ်။ ယနေ့အထိဆို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက အချုပ်သားတွေရယ်၊ ရန်ကုန်မှာပဲ အချုပ်ကျခံနေသူတွေ စုစုပေါင်း ၂၃၀၇ ဦးဆန္ဒမဲပေးခဲ့ပြီးဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောသည်။

ထိုကဲ့သို့ကြိုတင်ဆန္ဒမဲပေးရာတွင် မဲပေးလိုသည့် အချုပ်သား၏ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လာရောက်၍ အင်းစိန်အကျဉ်းထောင်ထဲ၌ ပြုလုပ်ထားသည့်မဲရုံတွင် အချုပ်သားများကို ကိုယ်တိုင် မဲထည့်စေခြင်းဖြစ်ပြီး ထိုသို့ ကြိုတင်ဆန္ဒမဲပေးခြင်း မြို့နယ်တစ်ခုချင်းအလိုက် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အင်းစိန်အကျဉ်းထောင်တွင် ကြိုတင်ဆန္ဒမဲပေးရန်အတွက် လျှောက်ထားသူ အချုပ်သား ကျား/မ စုစုပေါင်း ၃၈၅၂ ဦးရှိသော်လည်း အောက်တိုဘာ ၅ ရက်မှ စ၍ ၎င်းတို့ထဲမှ ထောင်ကျခြင်း၊ လွတ်ခြင်း၊ မဲပေးနိုင်မည့်အချက်အလက်မပြည့်စုံသူများ စသည်တို့ပါရှိနေမှုကြောင့် မဲပေးလိုသူအရေအတွက်စုစုပေါင်း၏ ခုနစ်ဆယ်ရာခိုင်နှုန်းကျော်သာ ဆန္ဒမဲပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"နိုဝင်ဘာ ၅ ရက်အထိတော့ စုစုပေါင်း ၃၈၅၂ ဦးအနက်မှ ၂၃၀၇ဦး ပေးပြီးသွားပြီ။ ဒီလိုမဲပေးနိုင်ဖို့ စီစဉ်တဲ့နေရာမှာလည်း အခက်အခဲအနည်းငယ်တော့ရှိပါတယ်။ နေ့စဉ်ရုံးထုတ်တဲ့သူက ခုနစ်ရာကျော်ရှိတော့ အားလုံးတစ်ကြိမ်တည်းနဲ့ မဲပေးနိုင်ဖို့က မလွယ်ဘူး။ သက်ဆိုင်ရာမြို့နယ်ကော်မရှင်တွေလာတဲ့အချိန်နဲ့ မဲပေးလိုတဲ့ အချုပ်သားရှိတဲ့အချိန်ဖြစ်အောင် စီစဉ်ရပါတယ်။ ပြီးတော့ စာရင်းထဲမှာ အချုပ်သားရဲ့နာမည်စာရင်းပါနေတာ၊ နေ့စဉ်ရုံးထုတ်မှာ ထောင်ကျသွားတဲ့၊ လွတ်သွားတဲ့ သူတွေကလည်း နေ့စဉ်ဖြစ်နေတော့ စာရင်းကမငြိမ်ဘူး။ တချို့ဆို မဲပေးချင်တယ်။ နေရပ်လိပ်စာနဲ့အချက်အလက်တွေကမမှန်ဘူး။ အချိန်မီပြင်လို့ရတာကတော့ ပေးလိုက်နိုင်ပေမယ့် လုံးဝပြင်လို့မရတာကတော့ မပေးလိုက်ရဘူး ဖြစ်သွားတာပေါ့"ဟု အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဦးက ရှင်းပြသည်။

ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ကြိုတင်ဆန္ဒမဲပေးရန် လျှောက်ထားသည့် အချုပ်သား ၃၃၉၉ ဦးနှင့် အချုပ်သူ ၄၅၃ ဦးရှိခဲ့ရာ ကြိုတင်ဆန္ဒမဲပေးပြီးသူ အချုပ်သားမှာ ၂၀၃၈ ဦးနှင့် အချုပ်သူ ၂၆၉ ဦးတို့ဖြစ်ကြောင်း သိရသည်။

**(သတင်း-သီဟသူ ဓာတ်ပုံ-အကျဉ်းဦးစီး)**

# ရွေးကောက်ပွဲအေးချမ်းအောင်မြင်စွာကျင်းပပြီးစီးရေး သထုံတွင် တွေ့ဆုံဆွေးနွေး

**သထုံ နိုဝင်ဘာ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ မွန်ပြည်နယ်တာဝန်ခံ ဦးညွန့်တင်သည် သထုံခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ခရိုင်အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းရှိ သုဝဏ္ဏဧည့်ရိပ်သာတွင် တွေ့ဆုံကာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို တရားမျှတပြီး အောင်မြင်စွာ ကျင်းပနိုင်စေရန်အတွက် ညှိနှိုင်းဆွေးနွေးပြီး သထုံမြို့နယ်အတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေးနိုင်ရန် မဲရုံခင်းကျင်းထားရှိမှုကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်နယ်တာဝန်ခံက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြသည်။

ယင်းနောက် ပြည်နယ်တာဝန်ခံနှင့် တာဝန်ရှိသူများက သထုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားသည့် သိမ်ကုန်းရပ်ကွက် မဲရုံအမှတ်(၁)၏ မဲရုံခင်းကျင်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုကာ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ၎င်းတို့ လုပ်ကိုင်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲဆိုင်ရာမဲရုံလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် ကြိုတင်မဲများ အဆင်ပြေစွာမဲပေး

**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ မဲဆန္ဒနယ်မြေအမှတ်(၁၀)ဖြစ်သော နေပြည်တော်ကောင်စီနယ်မြေတွင် မဲရုံပေါင်း ၆၁၃ ရုံရှိပြီး ဇမ္ဗူသီရိမြို့နယ်တွင် မဲရုံပေါင်း ၃၃ ရုံရှိနေသည်။

နိုဝင်ဘာ ၇ ရက် ညနေ ၆ နာရီထိ ကြိုတင်မဲပေးခြင်းများကို သက်ဆိုင်ရာမဲရုံများ၌ ဆန္ဒမဲများပေးရာတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် မဲရုံအမှတ်(၁၇)၊ (၁၈)၌ မဲပေးနိုင်သူဦးရေ ၃၇၉၉ ဦးရှိပြီး ကြိုတင်မဲပေးသူဦးရေ ၄၇၀ ပေးပြီးကြောင်း ဦးဆန်းနီအောင်ထံမှသိရသည်။

အောင်ဇမ္ဗူ(ပြန်ကပြေး)ရပ်ကွက်တွင် မဲရုံအမှတ်(၂၆)၊ (၂၇)၊ (၂၈)၊ (၂၉)နှင့် (၃၀) မဲရုံငါးရုံရှိပြီး မဲပေးနိုင်သူ ဦးရေမှာ ၆၆၇၃ ဦးရှိပြီး ကြိုတင်မဲပေးသူဦးရေမှာ ၁၉ ဦးရှိကြောင်း ဦးဇော်ဟိန်းထွန်းထံမှသိရသည်။ ထို့ပြင် ဝဏ္ဏသိဒ္ဓိရပ်ကွက်မဲရုံအမှတ် (၁၂)၊ (၁၃)နှင့် (၁၄)မဲရုံသုံးရုံရှိပြီး မဲပေးနိုင်သူဦးရေမှာ ၄၆၅၉ ဦးရှိသည်။ ကြိုတင်မဲပေးသူဦးရေမှာ ၁၃၀ ရှိကြောင်း ဦးသိန်းစိုးအောင်ထံမှ သိရသည်။

ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ မဲရုံ(၂၄)နှင့်(၂၅) မဲရုံနှစ်ရုံရှိရာ မဲပေးနိုင်သူဦးရေမှာ ၄၅၃၄ ဦးရှိပြီး ကြိုတင်မဲပေးသူဦးရေမှာ ၆ ရက်နေ့စာရင်းအရ ၃၁ ဦးရှိထားပြီး ၇ ရက်နေ့တွင် ဆက်လက်မဲပေးမည့်သူများ ရှိနေကြောင်း ကိုသက်နိုင်ထံမှသိရသည်။ ယနေ့မွန်းလွဲ ၂ နာရီက ကြိုတင်မဲပေးမည့်သူများ အလွယ်တကူမဲပေးနိုင်ရေးအတွက် ဆန္ဒမဲသက်သေခံလက်မှတ် ထုတ်ယူနေကြသည်။ ကိုယ်တိုင်အမည်စာရင်း ရှာဖွေနေသူများကိုလည်း ရုံးရှေ့တွင် တွေ့မြင်နေရသည်။

ဥတ္တရသီရိနယ်မြေတွင်လည်း မဲပေးနိုင်သူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲရုံများနှင့် ခရီးဝေးကွာခြင်းမရှိဘဲ အဆင်ပြေပြေမဲပေးနိုင်ရေးအတွက် အနီးစပ်ဆုံးနေရာများတွင် မဲရုံများတည်ဆောက်နိုင်ရေးကို ကြိုးပမ်းလျက်ရှိကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**ခင်မောင်မြင့်(ဇမ္ဗူသီရိ)**

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တရုတ်(တိုင်ပေ) အကြီးအကဲတို့ ပထမဆုံးအကြိမ် တွေ့ဆုံ



**စင်ကာပူ နိုဝင်ဘာ ၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တရုတ် (တိုင်ပေ) အကြီးအကဲ မာရင်ဂျိုးတို့သည် နိုဝင်ဘာ ၇ ရက်က စင်ကာပူနိုင်ငံ၏ ဟိုတယ်တစ်ခုတွင် တွေ့ဆုံခဲ့ကြသည်။

ယင်းအစည်းအဝေးသည် နှစ်ပေါင်း ၆၀ ကျော်အတွင်း ပထမဆုံး တွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။

သမ္မတရှီကျင့်ဖျင်သည် နက်ခ်တိုင်အနီရောင်ကို ဝတ်ဆင်ခဲ့ပြီး ခေါင်းဆောင်မာရင်ဂျိုးက အပြာရောင်နက်ခ်တိုင်ကို ဝတ်ဆင်ခဲ့သည်။ ဆွေးနွေးမှုမစတင်မီ ခေါင်းဆောင်နှစ်ဦးတို့က လက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။

အစောပိုင်းကကြေညာထားသည့်အတိုင်း အစည်းအဝေးတွင် သမ္မတအသုံးအနှုန်းကို သုံးစွဲခြင်းမရှိဘဲ အရပ်သုံး 'မစ္စတာ' အသုံးအနှုန်းကိုသာ အပြန်အလှန်အသုံးပြုခဲ့ကြသည်။

ယခုအစည်းအဝေးပွဲသည် နှစ်နိုင်ငံအတွက် သမိုင်းတွင်ကျန်ရစ်မည့် တွေ့ဆုံဆွေးနွေးပွဲတစ်ခုဖြစ်ကြောင်းနှင့် နှစ်နိုင်ငံကိုယ်စားပြုခေါင်းဆောင်များအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းတစ်ခုကို အတူတကွ လျှောက်လှမ်းသင့်ကြောင်း သမ္မတရှီကျင့်ဖျင်က အစည်းအဝေးပွဲမစတင်မီ မီဒီယာများသို့ပြောကြားခဲ့သည်။

ယခုအချိန်သည် တရုတ်ပြည်မကြီးနှင့် တရုတ်(တိုင်ပေ)တို့၏ဆက်ဆံရေးသည် နှစ်ပေါင်း ၆၆ နှစ်အတွင်း အကောင်းဆုံးသောအနေအထားကို ရောက်ရှိနေပြီဖြစ်ပါကြောင်း အကြီးအကဲ မာရင်ဂျိုးက ဆိုသည်။

ယခုတွေ့ဆုံဆွေးနွေးပွဲသည် ၁၉၄၉ ခုနှစ် တရုတ်ပြည်မကြီးမှ တရုတ် (တိုင်ပေ) ခွဲထွက်ခဲ့သည့်အချိန်မှစပြီး တရုတ်ပြည်မကြီးနှင့် တရုတ် (တိုင်ပေ)တို့အကြား ပထမဆုံးအကြိမ် တွေ့ဆုံပွဲဖြစ်သည်။ ၂၀၀၈ ခုနှစ် ခေါင်းဆောင်မာရင်ဂျိုး အာဏာရလာသည့်အချိန်တွင် တရုတ်ပြည်မကြီးနှင့် တရုတ်(တိုင်ပေ) ဆက်ဆံရေးသည် တိုးတက်ကောင်းမွန်လာခဲ့သည့်အပြင် ခရီးသွားလာရေးလုပ်ငန်းနှင့် ကုန်သွယ်ရေးကဏ္ဍတို့တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ရှိလာခဲ့သည်။

အစည်းအဝေးတွင် ၁၉၉၂ ခုက ချမှတ်ခဲ့သည့် 'နှစ်နိုင်ငံစနစ်တစ်ခု' နိုင်ငံရေးသဘောတူညီချက်ကို နှစ်နိုင်ငံအနေဖြင့် လိုက်နာရန်လိုအပ်ကြောင်း၊ တရုတ်ပြည်မကြီးနှင့် တရုတ်(တိုင်ပေ)တို့၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်မှု ပိုမိုရရှိရန် လိုအပ်ကြောင်း၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ရင်းနှီးချစ်ကြည်မှုများရရှိရန် ပိုမိုကြိုးပမ်းသင့်ကြောင်းနှင့် ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သင့်ကြောင်း သမ္မတရှီက ပြောကြားခဲ့သည်။

ယခုအစည်းအဝေးပွဲတွင် ဒေသအတွင်းမကြာသေးမီက စိုးရိမ်ပူပန်မှုများ မြင့်တက်ခဲ့သည့် တောင်တရုတ်ပင်လယ်အတွင်း နယ်မြေအငြင်းပွားမှုနှင့် ပတ်သက်ပြီး ဆွေးနွေးမည်မဟုတ်ကြောင်း ခေါင်းဆောင်မာရင်ဂျိုးကဆိုသည်။ ဒေသအတွင်းရန်လိုစိတ်များ လျှော့ချပစ်ရန်၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဒေသဆိုင်ရာအရေးပေါ် ဖုန်းလိုင်းတစ်ခုထားရှိရန် ၎င်းက အဆိုပြုပြောကြားခဲ့သည်။

တရုတ် (တိုင်ပေ)တွင် သမ္မတ ရွေးကောက်ပွဲကို ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးကို ယခုအချိန်တွင် ကျင်းပရခြင်းနှင့်ပတ်သက်ပြီး နှစ်နိုင်ငံခေါင်းဆောင်များက ရှင်းလင်းစွာပြောကြားခဲ့ခြင်းမရှိပေ။

ရွေးကောက်ပွဲတွင် အကြီးအကဲ မာရင်ဂျိုး ပါတီအမတ်အနိုင်ရရှိရန် ယခုအစည်းအဝေးသည် တစ်စိတ်တစ်ပိုင်း အကျိုးပြုမည်ဖြစ်ကြောင်း မီဒီယာများက သုံးသပ်ကြသည်။

**အင်န်အိတ်ချ်ကေ။**

# ဆိုက်ဘာလုံခြုံရေး အလေးပေးဆောင်ရွက်သင့်ကြောင်း ဂျပန်ဝန်ကြီးချုပ် ပြောကြား

**တိုကျို နိုဝင်ဘာ ၇**

၂၀၂၀ ပြည့်နှစ်မတိုင်မီ တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် ၂၀၁၆ ခုနှစ်တွင်ကျင်းပမည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးများမကျင်းပမီ ကွန်ပျူတာစနစ်များလုံခြုံမှုရှိစေရန်အတွက် အလေးပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ယနေ့ပြောကြားခဲ့သည်။

အိုကီနာဝါမြို့တွင်ကျင်းပလျက်ရှိသည့် ဆိုက်ဘာတိုက်ခိုက်မှု တန်ပြန်ရေး အစီအမံများဆိုင်ရာ နိုင်ငံတကာအစည်းအဝေးပွဲဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ်က အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့ကြောင်းသိရသည်။

အဆိုပါ ဆိုက်ဘာတိုက်ခိုက်မှုတန်ပြန်ရေး အစီအမံများဆိုင်ရာ နိုင်ငံတကာ အစည်းအဝေးပွဲတွင် နိုင်ငံပေါင်း ၃၅ နိုင်ငံမှ ကွန်ပျူတာကျွမ်းကျင်ပညာရှင် ၃၅၀ ကျော် တက်ရောက်လျက်ရှိသည်။ ယင်းအစည်းအဝေးကို နိုဝင်ဘာ ၇ ရက်မှ ၈ ရက်အထိ နှစ်ရက်ကြာ ကျင်းပလျက်ရှိသည်။

ဆိုက်ဘာလုံခြုံရေးသည် မဟာဗျူဟာကျသည့် အရေးပါသော ကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် သတင်းနှင့်နည်းပညာ အသုံးပြုမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် အခြေခံကျသည့်အရေးပါမှုတစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။ အမျိုးသားလုံခြုံရေးအတွက်လည်း အရေးပါကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ထိပ်သီးအစည်းအဝေးပွဲများနှင့် အိုလံပစ်အားကစားပြိုင်ပွဲများ ကျင်းပရန်ရည်ရွယ်ထားသည့်အတွက် ဆိုက်ဘာလုံခြုံရေးကို အလေးပေးဆောင်ရွက်သင့်ကြောင်း ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားခဲ့သည်။

ယခုကျင်းပသည့် ဆိုက်ဘာလုံခြုံရေးအစည်းအဝေးတွင် ဆိုက်ဘာလုံခြုံရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးကြသည်။

**အင်န်အိတ်ချ်ကေ။**



# အီဂျစ်သို့ လေကြောင်းခရီးစဉ်ပျံသန်းမှု ရုရှားဆိုင်းငံ့ အမေရိကန်ကလည်း လေကြောင်းခရီးစဉ် လုံခြုံရေးတင်းကျပ်

**မော်စကို နိုဝင်ဘာ ၇**

အီဂျစ်နိုင်ငံ၌ ရုရှားခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရခြင်း၏ အကျိုးသက်ရောက်မှုအရ ရုရှားနိုင်ငံက အီဂျစ်နိုင်ငံသို့ လေကြောင်းခရီးစဉ်များ ပျံသန်းမှုကို ဆိုင်းငံ့ထားလိုက်ပြီး အမေရိကန်ပြည်ထောင်စုကလည်း လေကြောင်းခရီးသွားလာခြင်းဆိုင်ရာ လုံခြုံရေးစီမံချက်သစ်များကို ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားခရီးသည်တင်လေယာဉ်သည် ဗုံးပေါက်ကွဲမှုတစ်ရပ်ကြောင့် ပျက်ကျခဲ့ရသည်ဟု အနောက်နိုင်ငံများမှ တာဝန်ရှိသူများက ပြောကြားခဲ့ပြီးနောက် လေကြောင်းခရီးစဉ်များ လုံခြုံရေးအတွက် ရုရှားနှင့် အမေရိကန်တို့က အပူတပြင်း အရေးယူတုံ့ပြန် ဆောင်ရွက်ကြခြင်းဖြစ်သည်။

ရုရှားလေကြောင်းဌာနတစ်ခုက ခရီးစဉ်ပြေးဆွဲပေးနေသော အဲဘတ်စ်-အေ ၃၂၁ လေယာဉ်တစ်စင်း ပျက်ကျခဲ့ရခြင်းသည် မိမိတို့၏ လက်ချက်ဖြစ်သည်ဟု အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်) စစ်သွေးကြွအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်ရှိ အပန်းဖြေစခန်းတစ်ခု၌ အားလပ်ရက်ကာလအပန်းဖြေခဲ့ကြပြီးနောက် နေအိမ်များသို့ ပြန်လည်ထွက်ခွာလာသူ ခရီးသည်များကို တင်ဆောင်ထားသော အဆိုပါလေယာဉ်ပျက်ကျရခြင်းသည် ဗုံးပေါက်ကွဲမှုကြောင့် ဖြစ်ရကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ပြောကြားသည်။

လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ် လိုက်ပါလာသူ ၂၂၄ ဦးစလုံး သေဆုံးခဲ့ရသည်။ ဆီးရီးယားနိုင်ငံ၌ ရုရှားက လေကြောင်းမှ တိုက်ခိုက်မှုများပြုလုပ်မှုကို ကလဲ့စားချေသည့်အနေဖြင့် မိမိတို့လေယာဉ်ကို ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း စစ်သွေးကြွများက ကြေညာခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အင်ဂျင်စက်ချွတ်ယွင်းမှုကြောင့် လေယာဉ်ပျက်ကျရခြင်းမဟုတ်ကြောင်း စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**

# ပါကစ္စတန်နိုင်ငံ လာဟိုးမြို့မှ စက်ရုံပြိုကျမှု သေဆုံးသူဦးရေ ၂၉ ဦးထိ တိုးမြင့်လာ

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၇**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းလာဟိုးမြို့တွင် ဖြစ်ပွားခဲ့သော စက်ရုံတစ်ရုံပြိုကျမှုကြောင့် သေဆုံးသူဦးရေမှာ ၂၉ ဦးထိ တိုးမြင့်လာကြောင်း ဒေသတွင်း သတင်းမီဒီယာများနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၅ ရက်တွင် ပြောကြားသည်။


ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက စက်ရုံအပြိုအပျက်များအောက်မှ ထိခိုက်ဒဏ်ရာရရှိသူ ၁၀၀ ကျော်အား ကယ်တင်နိုင်ခဲ့သည်။ အဆိုပါ စက်ရုံမှာ ပန်ဂျပ်ပြည်နယ် မြို့တော် လာဟိုးမြို့ ဆန်ဒါစက်မှုနယ်မြေတွင် တည်ရှိပြီး နိုဝင်ဘာ ၂ ရက်တွင် ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရာ့ဂျ်ပွတ်အမည်ရှိ ပိုလီယက်စတာ စက်ရုံတွင်း အလုပ်သမားဦးရေ ၁၅၀ ကျော်ရှိနေချိန်တွင် ယင်းသို့ ပြိုကျမှု ဖြစ်ပွားခြင်းဖြစ်သည်ဟု လာဟိုးမြို့တော် ဒုတိယအုပ်ချုပ်ရေးမှူး မိုဟာမက်အူစမန်က ပြောကြားသည်။

စက်ရုံ၏ စတုတ္ထအထပ်အား တည်ဆောက်မှုများ ပြုလုပ်နေစဉ်အတွင်း ပြိုကျမှုဖြစ်ပွားခြင်းဖြစ်ပြီး စက်ရုံ၏ အခြားသုံးထပ်မှာ လုံးဝပြိုပျက်သွားခြင်းဖြစ်သည်။


ယင်းဖြစ်ရပ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူအားလုံးကို ဆေးရုံများသို့ တင်ပို့ကုသပေးလျက်ရှိပြီး ဒဏ်ရာရသူအများစုမှာ ခြေထောက်နှင့် လက်မောင်းများ ကျိုးနေသည်ကို တွေ့ရှိရသည်ဟု သတင်းတွင်ဖော်ပြသည်။ သေဆုံးသူအရေအတွက် အတိအကျကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အဆုံးသတ်မှသာ သိနိုင်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ဆင်ဟွာ။**



ပြည်တွင်းရေးရာ

# မြောက်ဦးဒေသ ရေဘေးလွှန်ကာလ ပြန်လည်ထူထောင်ရေးအတွက် ကျေးရွာသုံးရွာတွင် အိမ်ခြေ ၁၁၈ လုံး ဆောက်လုပ်လှူဒါန်း



**မြောက်ဦး နိုဝင်ဘာ ၇**

CB-KMA Foundation မှ မြောက်ဦးဒေသ ရေဘေးလွှန်ကာလ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ရာတွင် မြေ ရှစ်ဧကကို ဝယ်ယူခဲ့ပြီး စုစုပေါင်း အိမ်ခြေ ၁၁၈ လုံးကို ရေဘေးသင့်ပြည်သူများအတွက် တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ စီမံကိန်းမှာ နိုဝင်ဘာလကုန်တွင် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်သည် ဆိုးရွားပြင်းထန်သည့် ရေဘေးဒဏ်ခံရသော ဒေသထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ရေဘေးကြောင့် နေထိုင်ရေးအတိဒုက္ခရောက်ရှိခဲ့သည့် ပြည်သူများမှာ ဖောင်ဒေးရှင်း၏ ကူညီထောက်ပံ့မှုဖြင့် မူလထက်သာလွန်ကောင်းမွန်သော နေထိုင်မှုကို ရရှိပိုင်ဆိုင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ရေဘေးကြောင့် အတိဒုက္ခရောက်ရတဲ့ပြည်သူတွေကိုကျွန်တော်တို့ဖောင်ဒေးရှင်းအနေနဲ့ အချိန်နှင့်တစ်ပြေးညီ အကူအညီပေးခဲ့ပါတယ်။ သမ္မတကြီးရဲ့ လမ်းညွှန်မှု၊ အလိုတော်ပြည့် ဆရာတော်ကြီး၏ ဦးဆောင်မှုတွေ၊ အလှူရှင်တွေရဲ့ပူးပေါင်းပါဝင်မှုတွေနဲ့ ရခိုင်မြောက်ဦးဒေသအတွက် အကောင်းဆုံး စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ CB-KMA Foundation အနေနဲ့ ဒေသခံပြည်သူများရဲ့ လူမှုရေး၊ ကျန်းမာရေး၊ အခြေတကျနေထိုင်ရေး၊ ပညာရေး အစရှိတဲ့ လိုအပ်ချက်တွေအတွက် ငွေကျပ်သိန်း နှစ်သောင်းကျော် အကုန်အကျခံကာ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်" ဟု နိုဝင်ဘာ ၁ ရက်မှ ၃ ရက်ထိ အဆိုပါဒေသတွင် တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည့် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောသည်။

မြောက်ဦးမြို့နယ်ရှိရေဘေးဒဏ်ခံခဲ့ရသည့် ကျေးရွာများဖြစ်သော ထမ္မရာဇ်ကျေးရွာတွင် မြေငါးဧက၊ ရော်မနီကျေးရွာတွင် ၂ ဒသမ ၅ ဧက နှင့် ရွှေထွန်းဖြူကျေးရွာတွင် မြေ သုည ဒသမ ၅ ဧကဝယ်ယူပြီး နေအိမ်များဆောက်လုပ်ပေးခြင်းဖြစ်သည်။ ထမ္မရာဇ်ကျေးရွာတွင် အိမ် ၆၄ လုံး၊ ရော်မနီကျေးရွာတွင် အိမ် ၃၈ လုံး၊ ရွှေထွန်းဖြူကျေးရွာတွင် အိမ် ၁၆ လုံး စုစုပေါင်း ၁၁၈ လုံး ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ ယင်းအိမ်တစ်လုံးအတွက် မြေအကျယ်အဝန်းမှာ ပေ(၃၀ x ၄၀)နှင့် အိမ်အကျယ်အဝန်းမှာ (၁၅ x ၂၀)ပေရှိသည်။ ယခုနိုဝင်ဘာလဆန်းတွင် အဆိုပါ ကျေးရွာသုံးရွာတွင် အိမ် ၉၈ လုံး ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"နေအိမ်တွေကတော့ အားလုံးဆောက်လုပ်ပြီးစီးတော့မှာပါ။ ဖောင်ဒေးရှင်းအနေနဲ့ နှစ်လအတွင်း အားလုံးတည်ဆောက်ပြီးစီးနိုင်အောင် ကြိုးစားနေပါတယ်။ လက်ရှိမှာတော့ ၈၀ ရာခိုင်နှုန်းကျော်အထိ တည်ဆောက်ပြီးစီးသွားပါပြီ။ ဒေသခံပြည်သူတွေအနေနဲ့ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုပြီးမြင့်မားလာမှာဖြစ်ပြီး ရေ၊ မီးအပြည့်အစုံ အားလုံး စုံလင်စွာနေထိုင်နိုင်အောင် လုပ်ဆောင်ပေးနေပါတယ်။ ရေကိုလည်း ပိုက်လိုင်းနဲ့ သွယ်တန်းပေးထားပြီး မီးရရှိအောင် ဆိုလာစနစ်နဲ့ ဆောင်ရွက်ပေးထားပါတယ်" ဟု CB-KMA Foundation တွင် ပါဝင်သော ကောင်းမြန်မာအောင် ဆောက်လုပ်ရေးမှ အင်ဂျင်နီယာ ဦးဝင်းမင်းသန်းက ပြောသည်။

နိုဝင်ဘာလကုန်တွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ အစီအစဉ်ဖြင့် ဒေသခံပြည်သူများကို မဲနှိုက်နေရာချထားပေးသွားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။ ယင်းအပြင် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ အလက(၁)ကျောင်း ပြုပြင်တည်ဆောက်ခြင်း၊ ဆင့်အိုး အမက(၂)၊ကျောင်းတောင် အမကတို့ကိုလည်း ပြုပြင်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာလကုန်တွင် အပြီးသတ်စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



## မဲဆန္ဒပေးရန် ဌာနေပြန်သူများ၏ ဒဂုံရေအဝေးပြေးတွင် ပြင်ပယာဉ်များပြေးဆွဲ၊ ယာဉ်စီးခပိုပေးရ

**ရန်ကုန် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၈ရက် (တနင်္ဂနွေနေ့)တွင် မဲဆန္ဒပေးရန်အတွက် မြစ်ဝကျွန်းပေါ်ဒေသမြို့၊ ရွာများသို့ပြန်ကြမည့် ရန်ကုန်ရောက်နေသူများသည် နိုဝင်ဘာ ၇ရက် (စနေနေ့)တွင် များပြားသဖြင့် အဝေးပြေးလိုင်းကားလက်မှတ်များ ဝယ်မရဘဲ ဖြစ်နေသည်။ ထိုင်ခုံမရဘဲ မတ်တတ်ရပ်၍ မိုင်၁၀၀ ဝန်းကျင်လိုက်ပါရန်ပင် လိုက်ခွင့်မရဘဲရှိသည်ဟု နံနက် ၁၁ နာရီဝန်းကျင် ဒဂုံရေအဝေးပြေးကားကွင်းသို့ရောက်ရှိနေသည့်ပုသိမ်သွားမည့်ကိုကျော်ဇေယျာထွန်း၊ ဟင်္သာတသွားမည့် ကိုကျော်ကျော်တို့က ဆိုသည်။

ဌာနေပြန်ရန်အခက်အခဲဖြစ်သဖြင့် ဘုရင့်နောင်ပွဲရုံဝင်းရှိ ပုသိမ်-ဟင်္သာတကုန်ကားဂိတ်များမှ အသိမိတ်ဆွေများထံ ညထွက်ကုန်ကားကြုံဖြင့် လိုက်ပါရန် အကူအညီတောင်းခံခဲ့ရသည်ဟုဆိုသည်။ သို့သော် ဟင်္သာတသို့လိုက်ထရပ်ယာဉ်ငယ်များ ခရီးသည်တစ်ဦးလျှင် ယာဉ်စီးခ ကျပ် ၇၀၀၀နှုန်း၊ ပုသိမ်သို့ ယခင်ရန်ကုန်မြို့တွင်း ပြေးဆွဲခဲ့သော အဆင့်မြင့် အိမ်စီးယာဉ်လိုင်းမှ ကားများဖြင့် တစ်ဦးလျှင် ယာဉ်စီးခကျပ် ၁၀၀၀၀ နှုန်းဖြင့် မွန်းလွဲပိုင်းတွင် လူတင်ဆောင်ပြေးဆွဲပေးသဖြင့် အဆင်ပြေခဲ့ရသည်ဟုဆိုသည်။

ရန်ကုန်-ပုသိမ်ယာဉ်စီးခမှာ ပုံမှန် ငွေကျပ် ၃၀၀၀-၃၅၀၀၊ ရန်ကုန်-ဟင်္သာတယာဉ်စီးခမှာ ငွေကျပ် ၂၀၀၀-၃၀၀၀ သာရှိသော်လည်း ခရီးသွားများ အခက်အခဲ တွေ့ကြုံရချိန်တွင် ယာဉ်စီးခပိုမိုပေး၍ စီးနင်းရခြင်းဖြစ်သည်ဟုဆိုသည်။ ညနေ ၄နာရီထိ ယင်းအဝေးပြေးကားဝင်းအတွင်း ဌာနေပြန်ရန် ကားစောင့်နေသည့် ခရီးသွားအများအပြားကို မြက်ခင်းပြင် အရိပ်အောက်တွင် မြင်တွေ့နေရသည်။ မြစ်ဝကျွန်းပေါ်သွားကားဂိတ်ရှေ့များတွင် ယာဉ်စီးခပိုမိုကောက်ခံခြင်းမရှိသော်လည်း ခရီးသည်တင်ယာဉ်အဆင့်မြင့်ယာဉ်ကြီးတစ်စီး ပြင်ပနေရာများတွင် ကားရပ်၍ ရန်ကုန်-ပုသိမ် ခရီးသည်တစ်ဦးလျှင် ယာဉ်စီးခ ကျပ် ၇၀၀၀နှုန်းဖြင့် လူခေါ်တင်ဆောင်နေသည်ကို မြို့တွင်းသွားယာဉ်လိုင်းများ ဂိတ်ထိုးရာနေရာအနီး၌ မြင်တွေ့ရသည်ဟု ဌာနေပြန်မည့်သူကို လိုက်ပို့သူတစ်ဦးကဆိုသည်။

၂၀၁၅ သင်္ကြန်ပိတ်ရက် မတိုင်မီကာလရက်များတွင် ခရီးသွားများ ဌာနေပြန်ရာတွင် ယာဉ်စီးခပိုမိုပေးစီးရသကဲ့သို့ ယခုမဲဆန္ဒပေးရန်ပြန်ရာတွင်လည်း ထပ်မံကြုံတွေ့ရသည်ဟု ပြောနေကြသည်။

ရန်ကုန်မြို့တွင်းရှိလုပ်ငန်းရှင်အများအပြားသည် မိမိတို့ထံတွင် အလုပ်လုပ်ကိုင်နေသော ဝန်ထမ်းများ မဲဆန္ဒပေးနိုင်ရန် တနင်္ဂနွေနေ့တွင် ယခင်မပိတ်သော်လည်း ယခုနိုဝင်ဘာ ၈ရက်တွင် ပိတ်ပေးကြသည်ကို မြင်တွေ့လာရသည်။ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းပေါ်ရှိ ဓာတ်ပုံဆိုင်မန်နေဂျာ ဦးဇော်က မိမိဝန်ထမ်းများအနေဖြင့် မဲဆန္ဒပေးနိုင်ရန်အတွက် ယခင်တနင်္ဂနွေနေ့များတွင်ပင် ဆိုင်ဖွင့်ခဲ့သော်လည်း မဲပေးသည့် ယခုတနင်္ဂနွေနေ့တွင်မူ အလုပ်ပိတ်ပေးခြင်းဖြင့် မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရန် တစ်ဖက်တစ်လမ်းမှ ကူညီခြင်းဖြစ်သည်ဟု ဆိုသည်။

သို့သော်ဌာနေပြန်ရာတွင် ယာဉ်စီးခပိုပေးရခြင်း၊ တစ်နေကုန်ကားစောင့်ရခြင်းများကြုံတွေ့ရသော်လည်း ယာဉ်မျိုးစုံမှ ခရီးစဉ်အသီးသီးတွင် ဝင်ရောက်ပြေးဆွဲခြင်းဖြင့် နှစ်ဦးနှစ်ဖက် အဆင်ပြေလာရသည်ဟု ပုသိမ်သို့ပြန်သည့် မပေါက်က ဆိုသည်။

**(မောင်စေစေအောင်)**

## Facebook Account အတုအတွက် အသိပေးချက်




ကြေးမုံသတင်းစာ၏ facebook ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် www. facebook.com/ The Mirror Dailyဟူ၍ စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ စတင်တည်ထောင်စဉ်က ပင်မသတင်းစာတိုက်၏ အမှတ်တံဆိပ် Logo သတင်းစာခေါင်းစီးနှင့် The Mirror Established in 1957 ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီတွင် စတင်တည်ထောင်သည်ဟု ဖော်ပြခဲ့ပါသည်။

ထိုအမှတ်တံဆိပ်ဖြင့် နေ့စဉ်ထုတ် ကြေးမုံသတင်းစာတိုက်သို့ ရောက်ရှိလာသော သတင်းနှင့် ဓာတ်ပုံများကို facebook စာမျက်နှာတွင် နေ့စဉ်တင်လာခဲ့ရာ ဝင်ရောက်ဆွေးနွေးသူ ၂၄၇၇ ဦးနှင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၇ ရက်အထိ likes လုပ်သူ ၄၄၉၆၈ ဦးရှိခဲ့ပါသည်။ ထို့အပြင် ကြေးမုံသတင်းစာ၏ အမှတ်တံဆိပ် Logo ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှစတင်၍ နေပြည်တော်ရှိ ကြေးမုံသတင်းစာတိုက်၏ ဓာတ်ပုံကို နောက်ခံထားကာ ကြေးမုံ The Mirror Daily Established in 1957 ဖြင့် အသစ်ပြောင်းလဲအသုံးပြုခဲ့ပါသည်။

ထိုသို့ အသုံးပြုလျက်ရှိရာတွင် ကြေးမုံ facebook နှင့် ဆင်တူယိုးမှား facebook Account အတု (၂)ခုကို ၎င်းတို့နှစ်သက်ရာသတင်းများဖြင့် တရားမဝင် လွှင့်တင်ထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကြေးမုံသတင်းစာတိုက်နောက်ခံပါရှိသော ကြေးမုံ facebook သာလျှင် တရားဝင်အစစ်အမှန်မူပိုင် facebook Account ဖြစ်ပြီး အကောင့်အသစ်ဖြင့် ကြေးမုံသတင်းစာ facebook နှင့် ဆင်တူယိုးမှားပြုလုပ်နေသော facebook Account များမှာ အတုဖြစ်ပါကြောင်းနှင့် စာဖတ်ပရိသတ်များအနေဖြင့် အတုနှင့်အစစ်မှ သတင်းများတင်ပြနေမှုကို ခွဲခြား သိရှိနိုင်ပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပညာပေးသင်တန်းဖွင့်

**ကျိုက်မရော နိုဝင်ဘာ ၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက်တွင် ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးရဲဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်စုံဦးနှင့် အခြားတက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား လက်သုံးကိရိယာများနှင့် သင်ထောက်ကူစာအုပ်များ ပေးအပ်ကြသည်။

ယင်းသင်တန်းကို ရှစ်ရက်ကြာဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ကျေးလက်အုပ်စုမှ သင်တန်းသားသင်တန်းသူ ၇၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ကျေးလက်)**

# မြန်မာလူထုအတွက် နိုင်ငံတကာအသိုက်အဝန်းက သတိပြုရှောင်ရှားသင့်သည့် ဘက်လိုက်မှုများ



(နိုဝင်ဘာ ၇ ရက်ထုတ် ***The Global New Light of Myanmar*** တွင်ဖော်ပြထားသော ဦးစိုးသိန်း၏ ***The International Community should avoid fueling divisions by taking sides. People in Myanmar want reconciliation*** ဆောင်းပါးအား ဆီလျော်အောင်ဘာသာပြန်ဆိုပါသည်။)

**ကြယ်စင်သာ**

ယနေ့မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အနေအထားများကို လွန်ခဲ့သောငါးနှစ်က မည်သူမျှစိတ်ကူးယဉ်အိပ်မက်ပင်မက်ဖူးကြလိမ့်မည်မဟုတ်ပေ။ ထောင်သောင်းချီသော ပြည်သူများသည် မြန်မာနိုင်ငံအနှံ့အပြားတွင် လွတ်လပ်စွာပြုလုပ်နေကြသော နိုင်ငံရေးပါတီများ၏ မဲဆွယ်ပွဲများသို့သွားရောက်လျက်ရှိသကဲ့သို့ သတင်းစာနှင့် ဂျာနယ်များစွာကလည်း နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆင်ဆာစိစစ်ဖြတ်တောက်ထားခြင်းမရှိသော သတင်းဆောင်းပါးများကို ပုံနှိပ်ဖော်ပြလျက်ရှိကြသည်။ သန်းနှင့်ချီသောပြည်သူများမှာ မိုဘိုင်းဖုန်းများ၊ လက်တော့(ပ်) (Laptop)များမှတစ်ဆင့် နောက်ဆုံးရ အွန်လိုင်းသတင်းများကိုလည်း ဆန်းစစ်ဖတ်ရှုနေကြသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၅၀ ကျော်ကာလကို ဖြတ်သန်းခဲ့ပြီးနောက် ဒီမိုကရေစီအပြောင်းအလဲကို စနစ်တကျဖြင့် စတင်လုပ်ဆောင်လာချိန်အတောအတွင်း ပထမဦးစွာကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာအသိုက်အဝန်းက စိတ်ဝင်စားမှုမြင့်တက်နေခြင်းမှာ ထင်ရှားလျက်ရှိသည်။ လေ့လာစောင့်ကြည့်သူအများစုအနေဖြင့်လည်း မြန်မာနိုင်ငံတွင်ကျင်းပမည့် ရွေးကောက်ပွဲ၏အရေးပါပုံကို သိရှိနားလည်နေကြသည်။ သို့သော်လည်း မြောက်မြားလှစွာသော ဝေဖန်မှုများမှာ ယခုချိန်အထိ ပေါ်ထွက်လာဆဲဖြစ်သည်။ အဆိုပါဝေဖန်မှုများသည် မြန်မာနိုင်ငံ၏တိုးတက်ဖြစ်ထွန်းလာမှုများကို အဆိုးဘက်မှသာ ပြောဆိုလျက်ရှိကြပြီး ပြောင်းလဲတိုးတက်လာမှု အတိုင်းအတာများကိုမူ လျစ်လျူရှုထားကြသည်။ ထိုကဲ့သို့ပြုမူခြင်းများသည် ရွေးကောက်ပွဲအတွက် အားကြိုးမာန်တက်ဆောင်ရွက်နေမှုများကို သေးသိမ်သွားစေသကဲ့သို့ ပံ့ပိုးဆောင်ရွက်ရမှုအလုံးစုံကိုပါ သိမ်ငယ်သွားအောင် ရည်ရွယ်လုပ်ဆောင်နေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ရဲရင့်ပြတ်သားစွာလုပ်ဆောင်ခဲ့သော ပြုပြင်ပြောင်းလဲမှုအသစ်များကြောင့် လက်ခံယုံကြည်နိုင်သည့် ဖြစ်စဉ်ဖြစ်ရပ်များစွာ ဖြစ်ထွန်းလာမှုမှာ အံ့သြဖွယ်ရာတစ်ရပ်အဖြစ်ရှိနေသည့်တိုင် အဓိကမူဝါဒများနှင့် ကနဦးလုပ်ဆောင်မှုများ၏ နောက်ကွယ်တွင်မူ အဆိုးမြင်စိတ်ဓာတ်ဖြင့် ကဲ့ရဲ့ဝေဖန်မှုများကလည်း ရှိနေပါသေးသည်။

မြန်မာပြည်သူများမှာ လူ့အဖွဲ့အစည်းအတွင်း ဆန့်ကျင်ဘက်အုပ်စုများအကြား အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလိုရှိကြသကဲ့သို့ အနာဂတ်တစ်ရပ်ကောင်းမွန်သည့် နေ့သစ်များကိုလည်း မျှော်မှန်းအလိုရှိကြသည်။ ထို့ကြောင့်လည်း နိုင်ငံတကာ၏ထောက်ခံမှုကို နည်းမျိုးစုံစွာဖြင့် ရရှိခဲ့ကြခြင်းဖြစ်သည်။ ယခုအချိန်သည် နိုင်ငံတကာအသိုက်အဝန်းများအနေဖြင့် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မြဲမြံစွာ ရပ်တည်ပေးရမည့်အချိန်ဖြစ်ပြီး ဘက်လိုက်မှုကြောင့် စည်းလုံးညီညွတ်မှုပြိုကွဲစေနိုင်သည့် လုပ်ရပ်များကို တွန်းအားပေးသည့် ဖြစ်စဉ်များကို ရှောင်ရှားကြရမည်ဖြစ်သည်။ ထိုအချက်သည် နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက်သာ မဟုတ်ဘဲ ရွေးကောက်ပွဲအလွန်ကာလအထိ အဓိကလုပ်ဆောင်ကြရမည့်အချက်လည်း ဖြစ်ပေသည်။

> **ယခုအချိန်သည် နိုင်ငံတကာအသိုက်အဝန်းများအနေဖြင့် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မြဲမြံစွာရပ်တည်ပေးရမည့်အချိန်ဖြစ်ပြီး ဘက်လိုက်မှုကြောင့် စည်းလုံးညီညွတ်မှုပြိုကွဲစေနိုင်သည့် လုပ်ရပ်များကို တွန်းအားပေးသည့် ဖြစ်စဉ်များကို ရှောင်ရှားကြရမည်ဖြစ်သည်။**

မြန်မာနိုင်ငံတွင် ဖြေလျှော့မှုများစွာနှင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို လေးနှစ်တာကာလအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖြင့် လုပ်ဆောင်လာနိုင်ခဲ့ပြီးနောက် နိုင်ငံတွင်းရှိအခြေအနေများမှာလည်း ယခင်ကနှင့် လုံးဝကွဲပြားခြားနားသွားခဲ့ပြီဖြစ်သည်။ ယခုရွေးကောက်ပွဲကျင်းပမည့်အချိန်ကာလသည် အစိုးရအဖွဲ့နှင့်တာဝန်ရှိပုဂ္ဂိုလ်များ၏ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ဖြင့် လုပ်ဆောင်နေချိန်၊ ပွင့်လင်းမြင်သာမှုရရှိလာချိန်နှင့် ပြည်သူများ၏ တက်ကြွနိုးကြားမှုများ ပိုမိုရရှိလာချိန်တွင် ပြုလုပ်ခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အခြေခံကောင်းများစွာ ချထားနိုင်ခြင်း၊ မိုက်ခရိုစီးပွားရေး တည်ငြိမ်မှုရရှိစေရန် ပံ့ပိုးဆောင်ရွက်ထားခြင်း၊ ရှေးကျပြီး အလုပ်မဖြစ်တော့သည့် ငွေကြေးလဲလှယ်မှုစနစ်များကို ပြုပြင်ပြောင်းလဲထားခြင်း၊ လွတ်လပ်သောကုန်သွယ်မှုနှင့် ပိုမိုကောင်းမွန်သည့် အခွန်ဥပဒေများမှတစ်ဆင့် ဝင်ငွေခွန်နှစ်ဆနီးပါးရရှိအောင် ဆောင်ရွက်ထားနိုင်ခြင်းစသည်ဖြင့် ပြုပြင်ပြောင်းလဲမှုများစွာ လုပ်ဆောင်ထားပြီးဖြစ်သည်။ ထို့အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင်လည်း လွန်စွာအရေးပါသည့် နိုင်ငံတကာတင်ဒါနှစ်ခုကို ဖိတ်ခေါ်၍ လုပ်ဆောင်နိုင်ခဲ့ရာ ယင်းကဏ္ဍနှစ်ခုတွင် ဒေါ်လာဘီလီယံပေါင်းများစွာရင်းနှီးမြှုပ်နှံမှုလည်း ရရှိခဲ့ပြီးဖြစ်သည်။

ထို့အပြင် နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက်လည်း ထူးထူးခြားခြား စွမ်းဆောင်နိုင်ခဲ့သည်။ ယခုအခါ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အခြားသော ကြီးမားသည့် အင်စတီကျူးရှင်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် လွတ်လပ်သော အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းလုပ်ဆောင်နိုင်ရန် ခွင့်ပြုခဲ့ခြင်း၊ အနည်းဆုံးလုပ်အားခဆိုင်ရာ ဥပဒေကြမ်းအသစ်တစ်ရပ်ကို အဆိုပြုခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို တိုးမြှင့်လုပ်ဆောင်ခြင်းများ လုပ်ဆောင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏စီးပွားရေးမှာလည်း တစ်နှစ်အတွင်း ခုနစ်ရာခိုင်နှုန်းမှ ရှစ်ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ရာ ယခင်အခြေအနေနှင့် နှိုင်းယှဉ်ပါက များစွာသာလွန်ကောင်းမွန်လာခဲ့ပြီဖြစ်သည်။

အထက်ပါပြောင်းလဲမှုများက ပြီးပြည့်စုံပြီလားဟုဆိုလျှင် မပြည့်စုံနိုင်သေးပါ။ ကနဦးအစလုပ်ငန်းများသာဖြစ်ပြီး အခြေခံအုတ်မြစ်တစ်ခုအဖြစ် တည်ဆောက်နိုင်မှုသာဖြစ်ပါသေးသည်။ လက်ရှိအနေအထားအရ အလိုအပ်ဆုံးအခြေအနေမှာ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ဆက်လက်ရရှိနေစေရန်နှင့် ယင်းအခြေအနေများကို အောင်အောင်မြင်မြင်ဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်သည့် တည်ငြိမ်သောအစိုးရတစ်ရပ် တည်ရှိရေးပင်ဖြစ်သည်။ ထိုကဲ့သို့ တည်ငြိမ်သောအစိုးရတစ်ရပ်က ငါးနှစ်သက်တမ်းအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးအသွင်ကူးပြောင်းရေးတစ်ရပ်ကို ထိန်းကျောင်းကြီးကြပ်ကွပ်ကဲနိုင်ခြင်းဖြင့် နိုင်ငံ၏စက်မှုထွန်းကားလာမှုနှင့်အတူ အခြားကဏ္ဍများစွာတွင်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှုများကို အမှန်တကယ် မြင်တွေ့နိုင်မည်ဖြစ်ပေသည်။

ပြီးခဲ့သော ရက်သတ္တပတ်များအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံပေါင်းစုံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ အသီးသီးရောက်ရှိလာခဲ့ကြသည်။ အများစုမှာ စိတ်ကောင်းစေတနာကောင်းဖြင့် လေ့လာစောင့်ကြည့်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ကြမည်ဖြစ်သော်လည်း နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ချက်များအပေါ် ဘက်ပေါင်းစုံမှ ချဉ်းကပ်၍ ပိုမိုသိရှိနားလည်သဘောပေါက်ရန် လိုအပ်နေသေးသည့် အုပ်စုများလည်းရှိဦးမည်ဖြစ်သည်။

ရွေးကောက်ပွဲကို လေးနှစ် (သို့မဟုတ်) ငါးနှစ်တစ်ကြိမ် ကျင်းပရသောနိုင်ငံအများစုအနေဖြင့် အတွေ့အကြုံနှင့် ပြဿနာများစွာကို ရရှိခဲ့ကြပြီးဖြစ်ပါသည်။ ၂၀၀၀ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အယ်လ်ဂိုးက ဂျော့ဘုရှ်အပေါ် ဆင်ခြေဆင်လက်ပြကာသက်ဆိုင်ရာသို့ တိုင်တန်းမှုပြုလုပ်ခဲ့သည်။ ထို့အတူ ဂျိုကိုဝီဒိုဒိုနှင့် ပရာဘို ဝိုဆူဘီယန်တိုတို့ ယှဉ်ပြိုင်ခဲ့သော အင်ဒိုနီးရှားသမ္မတ ရွေးကောက်ပွဲတွင်လည်း အလားတူ တိုင်တန်းမှုများရှိခဲ့ကြသည်။

အစိုးရအနေဖြင့် အောင်မြင်သောရွေးကောက်ပွဲတစ်ခုဖြစ်ရေးအတွက် အကောင်းဆုံးလုပ်ဆောင်ပေးရန် ရွေးကောက်ပွဲကော်မရှင်ကိုလည်းကောင်း၊ မည်သို့သောရလဒ်ထွက်ပေါ်လာစေကာမူ ထွက်ပေါ်လာသည့် ရလဒ်ကို လေးစားအသိအမှတ်ပြုရန် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်များကို လည်းကောင်း တိုက်တွန်းထားရှိပြီးဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်သည် လိုအပ်ပါက ဘောလုံးဒိုင်လူကြီးတစ်ဦးကဲ့သို့ အနီကတ်ပြကာ ပြစ်မှုကျူးလွန်သူများကို အရေးယူအပြစ်ပေးရမည်သာ ဖြစ်ပါသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် သုတေသနဌာနများကပြုလုပ်သည့် လွတ်လပ်စွာကောက်ယူသောစစ်တမ်းအချို့အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီထက် ပို၍မဲအသာရရှိနိုင်ကြောင်း ဖော်ပြထားသော်လည်း အချို့ကမူ ပွတ်ကာသီကာဖြင့် အနိုင်ရရှိမည်ဟုလည်း ယူဆလျက်ရှိကြသည်။ အဆိုပါပါတီကြီးနှစ်ခုမှာ အကြိတ်အနယ်ရှိမည်ဟုလည်း ဆိုကြသည်။ တိုင်းရင်းသား လူနည်းစုပြည်နယ်များရှိ ရွေးကောက်ပွဲများတွင် ဒေသခံတိုင်းရင်းသားများအတွက် ကိုယ်စားပြုသောပါတီများကသာ အနိုင်ရဖွယ်ရှိကြောင်းလည်း ခန့်မှန်းနေကြသည်။

ပြည်သူလူထုအနေဖြင့် လွှတ်တော်အသစ်အတွက် အမှန်တကယ်အရည်အချင်းရှိပြီး လက်တွေ့ကျသည့် ဥပဒေများကို ပြုစုပေးနိုင်မည့် အမတ်များကို မျှော်လင့်ပါသည်။ ဥပဒေအသစ်များကို ရေးဆွဲအတည်ပြုနိုင်ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ဥပဒေပြုအမတ်များကို အလိုရှိခြင်းဖြစ်ပါသည်။ ထိုဥပဒေပြုအမတ်များသည် ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းပေးနိုင်မည့်သူများလည်း ဖြစ်ရပေလိမ့်မည်။

မြန်မာနိုင်ငံတွင် လက်ရှိအစိုးရ ကြိုးပမ်းဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆက်လက်ပြီး ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ မပြုလုပ်နိုင်ပါက လာမည့်ငါးနှစ်တာကာလသည် မြန်မာနိုင်ငံအတွက် တုံ့ဆိုင်းကြန့်ကြာမှုတစ်ရပ်သာ ကြုံတွေ့ရပေလိမ့်မည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရွေးကောက်ပွဲရလဒ်အပေါ် လေးစားအသိအမှတ်ပြုမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားရှိပြီးဖြစ်သည်။ မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက် အောင်မြင်သောရွေးကောက်ပွဲမှသည် ရိုးသားကြိုးစားမှုကို အစွမ်းကုန်ပြသနိုင်သည့် အရည်အချင်းပြည့်ဝပြီး ကိုယ်ကျိုးစွန့်သော လွှတ်တော်အမတ်များ ရွေးချယ်နိုင်မည်ကို မျှော်လင့်စောင့်ကြည့်ကြပါစို့. . .။ ။

***(ဦးစိုးသိန်းသည် နိုင်ငံတော်သမ္မတရုံးမှ ပြည်ထောင်စုဝန်ကြီးတစ်ဦးဖြစ်ပြီး အဓိကစီးပွားရေးအကြံပေးတစ်ဦးလည်း ဖြစ်သည်။)***



The International community should avoid fueling divisions by taking sides. People in Myanmar want reconciliation

U Soe Thane

5 November 2015 1:23pm ET

FIVE years ago, no one could have process and ignoring the magnitude of change unfolding before us.

This is by no means intended to minimize the logistical issues and other problems bedeviling the daunting task of staging nationwide polls. But just as it was fashionable to characterise bold, new reforms in Myanmar three or four years ago as a "miracle" to be embraced, it is now equally fashionable to criticise, assuming cynical motives behind key polocies and initiatives.

... as to the wider world.

We have laid the foundations for future economic growth, provided macroeconomic stability, overhauled the old and dysfunctional exchange rate system, nearly doubled tax revenues mainly through better enforcement, and liberalized trade. We have managed two very important international tenders, on telecoms and oil and gas exploration, which together have brought in several billion dollars in investment.

... tion of the Myanmar economy, and begin to see real progress towards industrialization and the development of other modern sectors.

Over several weeks, international observers have been arriving in droves in Myanmar. While many are participating in observation missions in good faith, there are also groups that still need more historical and contextual understanding of the government's multifaceted approach to reform.

Many countries that regularly ... tutes, suggest that the opposition National League for Democracy will do better than the ruling Union Solidarity and Development Party in central Myanmar, but not by the margins some believe. The race may be close. The elections in ethnic minority states will likely be dominated by local parties representing their own communities.

Smart and pragmatic lawmakers are needed for our new parliament, above all those who can draft and pass new laws and get things

ပြည်တွင်းရေးရာ


## မဲဆန္ဒရှင်များ သတိပြုရန်

နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအရ လျှို့ဝှက်ဆန္ဒမဲပြုပြီးသည့်အခါ တစ်စုံတစ်ယောက်က မဲဆန္ဒရှင်အနေဖြင့် မည်သူ့အား မဲပေးခဲ့သည်ကို မေးမြန်းလာလျှင် မိမိဆန္ဒအရ ဖြေကြားခြင်းမပြုလိုက မပြုနိုင်ကြောင်းနှင့် မဲဆန္ဒရှင်၏မဖြေကြားလိုမှုကို အတင်းအကျပ် မေးမြန်းခြင်းသည် ရွေးကောက်ပွဲပြစ်မှုမြောက်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုင်ကြားနိုင်ကြောင်း အသိပေးအပ်ပါသည်။

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

**နေပြည်တော် နိုဝင်ဘာ ၇**

ယနေ့ နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(ကြေးမုံ)**




## ရေရှည်အကျိုးကိုမျှော်ရည် ဆန္ဒမဲပေးကြမည်

**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံ၏ သမိုင်းဝင် သမိုင်းတွင်မည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် ရွေးကောက်ခံနိုင်ရေး ပါဝင်ယှဉ်ပြိုင်ကြသည့်ပါတီများ၏ မဲဆွယ်စည်းရုံးရေးကာလများ ပြီးဆုံးသွားပြီဖြစ်သလို ကြိုတင်မဲပေးကြသူများ၊ မဲဆန္ဒရှင်သက်သေခံကတ်ပြား ထုတ်ယူကြသူများကြောင့်လည်း နိုင်ငံတစ်ဝန်းရှိ မဲရုံများတွင် လှုပ်ရှားသက်ဝင်နေသည်ကို မြင်တွေ့ရသည်။ ရွေးကောက်ပွဲကြီး၏ အဓိကကာလများဖြစ်သည့် ရွေးကောက်ပွဲကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအပြီးကာလများအနက် ရွေးကောက်ပွဲကြိုကာလမှာ လွန်မြောက်သွားပြီဟုဆိုနိုင်ပြီး ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလများ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် ပြီးဆုံးသွားရန် နိုင်ငံသားတိုင်းက မျှော်လင့်တောင့်တနေကြသည်မှာ အမှန်ပင်ဖြစ်သည်။

"အဘက အခု အသက်(၆၅)နှစ်ရှိပါပြီ။ ရွေးကောက်ပွဲ အတွေ့အကြုံကတော့ အရင်ကလည်း ကြုံဖူးပြီးပါပြီ။ အခုချိန်မှာတော့ ပင်စင်စားတစ်ယောက်ပေါ့ဗျာ။ မနက်ဖြန်ကျရင် ကိုယ်တိုင်ကိုယ်ကျ မဲသွားပေးမှာပါ။ ဒါက နိုင်ငံသားတစ်ယောက်အနေနဲ့ လုပ်ကိုလုပ်ရမယ်ဆိုတဲ့ခံယူချက်နဲ့ မဲသွားပေးမှာပါ" ဟု ပျဉ်းမနား (မြောက်) သစ်ထုတ်လုပ်ရေးမှ အငြိမ်းစားတစ်ဦးဖြစ်သူ ဦးလှငွေက ဆိုသည်။

"မနက်ဖြန် မဖြစ်မနေမဲပေးမှာပါ။ မဲပေးရတဲ့ရည်ရွယ်ချက်ကတော့ ကိုယ်ပေးတဲ့မဲတစ်ပြား အဟောသိကံ မဖြစ်ဖို့အတွက်ရယ်၊ နိုင်ငံအတွက် ကောင်းကျိုးပြုပြီး တိုးတက်မှုကို လိုချင်တာရယ်ကြောင့်ပါ။ ကိုယ်ပေးလိုက်တဲ့ မဲတစ်ပြားကလည်း တကယ်တန်ဖိုးရှိမယ်။ ထိရောက်မယ်ထင်လို့ သွားပေးမှာပါ" ဟု သရက်ခရိုင်ဆေးရုံမှ မြို့နယ်သူနာပြု အဆင့်(၁) ဆရာမ ဒေါ်နော်ရင်းကပြောသည်။

"အခု ကျွန်တော်တို့မဲရုံကတော့ ကြိုတင်မဲသီးသန့်ပါ။ ကြိုတင်မဲအတွက် ကြိုတင်မဲပုံး ရှစ်ပုံးထားပေးထားပါတယ်။ ရေဆင်းမှာ ကြိုတင်မဲရုံနှစ်ရုံရှိပါတယ်။ နိုဝင်ဘာ ၂ ရက်ကနေစပြီး ကြိုတင်မဲတွေလက်ခံပါတယ်။ အဲဒီနေ့ကစပြီး မနက် ၈ နာရီကနေ ညနေ ၆ နာရီအထိ နေ့တိုင်းဆောင်ရွက်ပေးနေပါတယ်။ ဒီနေ့ကြိုတင်မဲပေးတဲ့သူတွေ တော်တော်များတယ်။ ဌာန ဆိုင်ရာ မဲရုံဝန်ထမ်းတွေ၊ အထူးရဲတွေ စသဖြင့် အဲဒီမဲဆန္ဒရှင်တွေက ကြိုတင်မဲတွေ လာပေးကြတော့ ကြိုတင်မဲပေးတဲ့သူတွေ ပိုပိုများလာတာပါ။ ကြိုတင်မဲအတွက် ဆန္ဒမဲလက်မှတ် ၃၅၀ လောက် ထုတ်ထားပါတယ်။ ကြိုတင်မဲပေးသူအရေအတွက်နဲ့ ပတ်သက်ပြီးတော့ ညနေ မဲရုံပိတ်ရင်တော့ တစ်နေ့ချင်း အစီရင်ခံစာတင်ပေးပါတယ်" ဟု ရေဆင်းကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်ဝေက ပြောကြားခဲ့သည်။

"နိုင်ငံတော်ရဲ့ ဒီမိုကရေစီလမ်း ပြောင်းလဲလျှောက်လှမ်းနေတဲ့ဖြစ်စဉ်မှာ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကို ကျေပွန်စေရမယ်ဆိုတဲ့စိတ်နဲ့ ဒီဆန္ဒမဲကို ပေးဖြစ်အောင် ပေးပါမယ်။ ကျွန်တော်ကတော့ အရောင်းအဝယ်လုပ်ငန်းကို လုပ်ပါတယ်။ ဆန္ဒမဲပေးဖို့အတွက် လုပ်စရာရှိတဲ့ အလုပ်တွေကို ကြိုတင်လုပ်ထားပါတယ်"ဟု အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်နေသူ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာမှ ကိုဖိုးသိန်းက ပြောပြသည်။



ရေဆင်းကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်ဝေ။

"နိုင်ငံသားတိုင်း မဲပေးရမယ့်တာဝန်ရှိတယ်ဆိုတဲ့ အသိနဲ့ မနက်ဖြန်ကျရင် အစောကြီးသွားပြီး မဲပေးမှာပါ။ ကိုယ်ပေးတဲ့ မဲတစ်ပြားက ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်အတွက်၊ နိုင်ငံတော်အတွက် အထောက်အပံ့ကောင်းတစ်ခု ဖြစ်စေဖို့ မျှော်လင့်ထားပါတယ်"ဟု ရေဆင်းကျေးရွာဒေသခံ ဒေါ်ချစ်တင်က မဲဆန္ဒရှင်သက်သေခံကတ်ပြား ထုတ်ယူရင်းပြောသည်။

"ကျွန်တော်ရွေးကောက်ပွဲကို စိတ်ဝင်စားလို့ တစ်တပ်တစ်အားပါဝင်တဲ့အနေနဲ့ဝင်ပြီး တာဝန်ထမ်းဆောင်တာပါ။ အထူးရဲတစ်ယောက်အနေနဲ့ အခုရဲလုပ်ငန်းကိုလည်း ဆက်ပြီးလုပ်ဖို့လည်း ရည်ရွယ်ထားပါတယ်။ ကျွန်တော်တို့ကတော့ အထူးရဲတာဝန်ထမ်းဆောင်နေရတာမို့ ကြိုတင်မဲပေးထားပါတယ်။ အခုလက်ရှိ တာဝန်ကျတာကတော့ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မဲရုံအမှတ်(၁)မှာပါ"ဟု အထူးရဲတာဝန်ထမ်းဆောင်နေသည့် ကိုပိုင်ပိုင်ထွေးက နိုဝင်ဘာ ၈ ရက်ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်လိုမှုနှင့် ပတ်သက်၍ ရှင်းပြသည်။

နေပြည်တော်ကောင်စီ နယ်မြေအတွင်း၌ ရွေးကောက်ပွဲရက်တွင် မဲရုံပေါင်း ၆၁၃ ရုံ၌ မဲရုံလုံခြုံရေးအတွက် အထူးရဲ ၆၁၃ ဦးတို့ တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်းသိရပြီး ယင်းနှင့်ပတ်သက်၍ ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းမြို့မရဲစခန်းမှ ဒုရဲမှူးတင်ထွေးက "အထူးရဲတွေအနေနဲ့ ရွေးကောက်ပွဲရက်မှာ အဓိကချိတ်ဆက်ဆောင်ရွက်ရမှာကတော့ တာဝန်ကျမဲရုံရဲ့ မဲရုံမှူးနဲ့ပါ။ အခက်အခဲတစ်စုံတစ်ရာဖြစ်လို့ အလွယ်တကူ မဖြေရှင်းနိုင်ဘူးဆိုရင်တောင် ကျွန်တော်တို့တာဝန်ရှိသူတွေအပိုင်းက သွားရောက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။



အထူးရဲတာဝန်ထမ်းဆောင်နေသည့် ကိုပိုင်ပိုင်ထွေး။

ရွေးကောက်ပွဲရက်၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မဲရုံများသို့ လာရောက်သတင်းရယူကြမည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ ၃၇၆ ဖွဲ့ရှိကြောင်း၊ ထို့အတူ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းငါးဖွဲ့ရှိပြီး စုစုပေါင်းအင်အားမှာ ၁၁၉ ဦးရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ နေပြည်တော်မှဥက္ကဋ္ဌ ဦးအောင်ထက်ကျော်က ပြောသည်။

**နေသန့်၊ ရာမည၊ နိုင်လင်းကြည်**



ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁) ရပ်ကွက် ကော်မရှင်ရုံး၌ နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက ကြိုတင်မဲလာရောက်ထည့်သူများနှင့် မဲဆန္ဒရှင်သက်သေခံလက်မှတ် လာရောက်ထုတ်ယူသူများကို တွေ့ရစဉ်။ (၃၂၉)

## အခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ် (၄၆)ဖွင့်လှစ်

**ပုဗ္ဗသီရိ နိုဝင်ဘာ ၇**

ယာဉ်မောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း နားလည်၍ ကျွမ်းကျင်စွာ မောင်းနှင်တတ်ကြစေရန် ရည်ရွယ်ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ် (၄၆)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ယာဉ်မောင်းသင်တန်းကျောင်း၌ ပြုလုပ်ရာ သင်တန်းသား သင်တန်းသူ ၂၅ ဦးတက်ရောက်ပြီး နည်းပြဆရာများက ယာဉ်မောင်းနှင်ခြင်းမပြုမီ အချက်များ၊ ယာဉ်မောင်းကောင်းတစ်ယောက်ထားရှိရမည့်အချက်များ၊ ယာဉ်တစ်စီးလုံး ဖွဲ့စည်းပုံ၊ ယာဉ်အမျိုးအစားအကြောင်းများကို သင်ကြားပေးမည့်အပြင် ဂျပန်နိုင်ငံထုတ် တိုယိုတာကိုရိုလာယာဉ် လေးစီးဖြင့်လည်း လက်တွေ့မောင်းနှင်သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။ **(ရွှေရဲရင့်)**

**ပြည်တွင်းရေးရာ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပြည်ထောင်စုနယ်မြေအတွင်း မဲရုံများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အဖွဲ့ဝင် ဦးအောင်မြင့်၊ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်အတူ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာအုပ်စုရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၂)၊ ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းရှိ မဲရုံများ၊ ဘောဂသိဒ္ဓိရပ်ကွက် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်းရှိမဲရုံများနှင့် ပုဗ္ဗသီရိမြို့နယ် ဘုရင့်နောင်ရပ်ကွက်ရှိ မဲရုံအမှတ် (၃)တို့အား လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မသန်စွမ်းသူများရှိက အလွယ်တကူ မဲပေးနိုင်ရေးအတွက် စီစဉ်ထားရန်၊ မဲအရောင်းအဝယ် မပြုနိုင်စေရေးအတွက် အမှတ်အသားပြုထားသည့် မဲလက်မှတ်များအား ပယ်မဲအဖြစ်သတ်မှတ်ရန်၊ မဲပုံးများအား လုံခြုံရေးကြိုးဖြင့် စနစ်တကျ ချည်နှောင်ထားရန်၊ ဆန္ဒပြုခန်း၏နောက်ကျောအား အပြင်မှမကြည့်နိုင်စေရေး လုံခြုံစွာပိတ်ထားရန်၊ ပြည်တွင်းပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ စောင့်ကြည့်လေ့လာရာတွင် လျှို့ဝှက်မဲပေးမှုစနစ်ကိုမထိခိုက်စေရေးအတွက် အလှည့်ကျစောင့်ကြည့် လေ့လာစေရန်၊ ပင်တိုင်စောင့်ကြည့်လေ့လာလိုကြောင်း တင်ပြလာက တစ်ဖွဲ့သာ စောင့်ကြည့်ခွင့်ပြုပြီး ကျန်အဖွဲ့များအား အလှည့်ကျ စောင့်ကြည့်လေ့လာစေရန်၊ မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးသူစာရင်းကို ပုံစံ(၁၃)တွင် စနစ်တကျရေးသွင်းရန်နှင့် ကပ်ထားကြေညာရန်၊ အမှန်တံဆိပ်တုံးစမ်းသပ်ရိုက်နှိပ်နိုင်ရေး ဆောင်ရွက်ပေးရန်၊ ဆန္ဒပြုခန်း၏နောက်ဘက်တွင် မည်သူမျှမရှိစေရန်၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များအတွက် ထိုင်ခုံနေရာများစီစဉ်ထားရှိရန်၊ လက်သန်းတွင်တို့မည့်မင်အိုးအား စနစ်တကျလှုပ်ခတ်ပြီးမှမင်တို့ရန်၊ မဲရုံအတွင်း ဝင်ရောက်ဓာတ်ပုံရိုက်ကူးမှု မပြုရန်နှင့် လျှို့ဝှက်မဲပေးစနစ် မထိခိုက်နိုင်သော အကွာအဝေးမှ ဓာတ်ပုံရိုက်ခွင့်ပြုရန်၊ ဆန္ဒပြုခန်း၏ ရှေ့ပိုင်းအားလိုက်ကာများကာထားခြင်း မပြုရန်နှင့် မဲရုံမှူးများအနေဖြင့် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲများအား ပုံစံ(၁၃)ဖြင့် စနစ်တကျ လက်ခံရေးတို့ကို မှာကြားပြီး မဲဆန္ဒနယ် ပြင်ပရောက်ကြိုတင်မဲပေးသူများစာရင်းအားကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာအုပ်စုရှိ မဲရုံအမှတ်(၂)တွင် ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

# ကော့မှူးမြို့နယ်တွင် လူဦးရေ ကိုးသောင်းကျော်ဆန္ဒမဲပေးနိုင်မည်

**ကော့မှူး နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်တွင် လူဦးရေ တစ်သိန်း နှစ်သောင်းကျော်ရှိသည့် အနက် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူ ကိုးသောင်းကျော်ရှိကြောင်း အဆိုပါ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံမှ နိုဝင်ဘာ ၇ ရက်က သိရသည်။



ယင်းမြို့နယ်တွင် ရပ်ကွက်ပေါင်း ၇ ရပ်ကွက်နှင့် ကျေးရွာပေါင်း ၅၅ ရွာရှိပြီး မဲရုံပေါင်း ၁၅၅ ရုံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၂၁၃၈ ဦးရှိသည်။ ထိုမြို့နယ်မှ ပြည်ပတွင် ရောက်ရှိနေသည့် ပြည်သူများအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ဆန္ဒမဲလက်မှတ် ၉၀ ပေးပို့ခဲ့ရာ ကြိုတင်ဆန္ဒမဲအဖြစ် ၆၈ ဦး၏ ဆန္ဒမဲလက်မှတ်များ ပြန်လည်ရောက်ရှိခဲ့သည့်အပြင် မြို့နယ်အတွင်း၌လည်း ကြိုတင်ဆန္ဒမဲပေးသူ ၁၃၆ ဦးရှိကြောင်း သိရသည်။

"မနက်ဖြန်မှာ ပြည်သူတွေ စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးနိုင်ဖို့ မဲရုံတွေ ပြင်ဆင်ထားပြီးပါပြီ။ မဲရုံတစ်ရုံကို အထူးရဲတစ်ယောက်နှုန်း အပြင် မြို့နယ်စောင့်ကြပ်အဖွဲ့တွေနဲ့လည်း လုံခြုံရေးဆောင်ရွက်သွားမှာပါ" ဟု ကော့မှူးမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မြတ်က ပြောသည်။

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆန္ဒမဲပေးနိုင်ရန်အတွက် ကော့မှူးမြို့နယ်အတွင်း၌ တစ်ဖွဲ့လျှင် ငါးဦး ပါဝင်သည့် မြို့နယ်စောင့်ကြပ်အဖွဲ့ ၁၅ ဖွဲ့အား ဇုန်အလိုက်ထားရှိ၍ လုံခြုံရေးအတွက် ချိတ်ဆက်ဆောင်ရွက်မှုများပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ဇော်ကြီး(ပဏီတ)**

**❋ ကျောဖုံးမှ**

အဆိုပါ ရေလုပ်သားများသည် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြန်မာနိုင်ငံသားအဖြစ် အတည်ပြုချက်ရယူပြီး ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်ကာ ရန်ကုန်၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် မွန် ၊ ကရင်၊ ရခိုင်ပြည်နယ်တို့မှ ပါဝင်ကြောင်း သိရသည်။

"အင်ဒိုနီးရှားအစိုးရက ငါးဖမ်းခွင့်ပိတ်လိုက်တဲ့အတွက် အခက်အခဲတွေ ကြုံခဲ့ရတယ်။ အင်ဒိုနီးရှားငါးဖမ်းလှေပေါ်မှာ တစ်နှစ်ကျော်ကြာခဲ့တယ်။ ကျန်ရှိနေတဲ့လုပ်အားခတွေကိုလည်း သက်ဆိုင်ရာကကူညီပေးလို့ အားလုံးရရှိခဲ့ပါတယ်။ နောက်ထပ်သွားဖို့ အစီအစဉ်မရှိတော့ပါဘူး" ဟု ပြန်လည်ရောက်ရှိလာသူ ထားဝယ်မြို့နယ်မှ ကိုစိုးအောင်က ပြောသည်။

ထိုသို့ပြန်လည်ရောက်ရှိလာသူတို့ကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းဦးစီးဌာနရှိ မသန်စွမ်းသက်ငယ် သင်တန်းကျောင်းတွင် သက်ဆိုင်ရာမှ ခေတ္တနေရာချပေးထားသည်။ IOM အနေဖြင့် ပြန်လည်ရောက်ရှိလာသူများကို သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်မှုများပြုလုပ်ပေးနေသည့်အပြင် နောက်ဆက်တွဲ စောင့်ကြည့်လေ့လာမှုများပြုလုပ်၍ လိုအပ်ပါက ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးရန်စီစဉ်ထားကြောင်း IOM မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာရေလုပ်သားများကို အဆိုပါနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ စက်တင်ဘာလဆန်းမှ နိုဝင်ဘာ ၇ ရက် အထိ (၈) ကြိမ်မြောက် ပို့ဆောင်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံသား ၃၀၃ ဦး နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**❖ တိရစ္ဆာန်ဥယျာဉ်မှ**

ပန်ဒါနီများ၏အခြားတိရစ္ဆာန်နှင့် မတူညီသောအချက်မှာ ရာသီဥတုအပူဒဏ်ခံနိုင်ခြင်းမရှိဘဲအပူချိန် (10˚Cမှ 25˚C) ဝန်းကျင်ရှိသော ရာသီဥတုတွင်သာ အသက်ရှင်နေထိုင်နိုင်သော တိရစ္ဆာန်ဖြစ်ပါသည်။ ပန်ဒါနီများသည် ဝါးရွက်များ၊ ဥများ၊ ငှက်ငယ်၊ ပိုးမွှား၊ ပန်းပွင့်နှင့် သစ်သီးများကို အဓိကစားသောက်ပြီး အစုံစားသတ္တဝါဖြစ်သည်။ ထိုကဲ့သို့ ရှားပါးသော ပန်ဒါနီများကို တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ မူလက ပန်ဒါနီ အထီးတစ်ကောင် မွေးမြူပြသထားပြီး ၆-၂-၂၀၁၅ ရက်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ အသက်သုံး နှစ်ခန့်ပန်ဒါနီအထီးတစ်ကောင်နှင့် အသက်နှစ်နှစ် ခြောက်လခန့်ရှိ အမတစ်ကောင်ပေးပို့လှူဒါန်းသဖြင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် ဒုတိယအကြိမ် ပြသနိုင်ခဲ့သည်။

ယခုရောက်ရှိလာသော ခန့်မှန်းအသက်လေးနှစ်ခန့်ရှိ ပန်ဒါနီအမတစ်ကောင်ကို မြစ်ကြီးနားမြို့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနမှ ရရှိခဲ့သဖြင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် ရှားပါးတိရစ္ဆာန်မျိုးနွယ်ဝင်ဖြစ်သော ပန်ဒါနီကို တတိယအကြိမ်ပြသနိုင်ပြီဖြစ်သည်။ အသစ်ရောက်ရှိလာသော ပန်ဒါနီအမတစ်ကောင်အပါအဝင် စုစုပေါင်းပန်ဒါနီ အထီးနှစ်ကောင်၊ အမ နှစ်ကောင်အား တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် ၎င်းတို့၏သဘာဝအတိုင်းနေထိုင်သည့် ပတ်ဝန်းကျင်၊ ရာသီဥတုပုံသဏ္ဌာန်အတိုင်း နေထိုင်နိုင်ရန်အတွက် လေအေးပေးစက်များ တပ်ဆင်ထားသောအခန်းတွင် ၎င်းတို့အတွက်လိုအပ်သော အပူချိန်များအတိုင်း ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိသည်။

၎င်းတို့ကြိုက်နှစ်သက်သော အစာများဖြစ်သည့် ဝါးရွက်များ၊ ပန်းသီး၊ စပျစ်သီးနှင့် ငှက်ပျောသီးများကို ကျွေးမွေးလျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် သန်ချဆေးများတိုက်ကျွေး၍ သန်ချခြင်းများပြုလုပ်ခြင်း၊ သွားပိုးစားမှုများမဖြစ်စေရေးအတွက် သွားကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခြင်း၊ ခန္ဓာကိုယ်အလေးချိန် အတိုးအလျှော့ သိရှိနိုင်ရန်အတွက် လစဉ်ပေါင်ချိန်ခြင်းများ ပြုလုပ်ပေးခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများအား အခါအားလျော်စွာပြုလုပ်၍ ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။

ဥယျာဉ်၌ ပန်ဒါနီတစ်ကောင်လျှင် ကြက်ဥတစ်လုံး၊ ငုံးဥလေးလုံး၊ ပန်းသီးသုံးလုံး၊ ငှက်ပျောသီးတစ်ဖီးခွဲ၊ စပျစ်သီး ၃၀ ကျပ်သားနှင့် ဝါးရွက်တစ်စည်း နေ့စဉ်ကျွေးမွေးလျက်ရှိသည်။ မျိုးသုဉ်းရန်အန္တရာယ်ရှိသော (Vunierable) တိရစ္ဆာန်များအဖြစ် သတ်မှတ်ထားခြင်းခံရသော ပန်ဒါနီတိရစ္ဆာန်များအနက် မြန်မာနိုင်ငံမြစ်ကြီးနားမြို့မှ ခန့်မှန်းအသက်လေးနှစ်ခန့် ခန္ဓာကိုယ်အလေးချိန် (4 Kg)ကိုးပေါင်ခန့်ရှိသော ပန်ဒါနီအမတစ်ကောင်အသစ် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ရောက်ရှိသဖြင့် အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက် မွေးမြူပြသထားလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

ပြည်တွင်းရေးရာ

# ရွေးကောက်ပွဲကျင်းပရန်အတွက် ဗဟန်းမြို့နယ်မှာ ဘာတွေ ပြင်ဆင်ထားလဲ

တွေ့ဆုံမေးမြန်း
ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်

**ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်တွင် ၂၀၁၅ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးနိုင်သူဦးရေ ခြောက်သိန်း ခုနစ်သောင်းကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။ အနောက်ပိုင်းခရိုင်တွင် ပါရှိသည့် ဗဟန်းမြို့နယ်တွင် မဲရုံပေါင်း ၆၆ ရုံရှိပြီး ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိပြီးစီးမှု အခြေအနေကို မြန်မာ့သတင်းစဉ်(ပြည်တွင်း)က ဗဟန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။**

**မေး။ ဗဟန်းမြို့နယ်မှာ တည်ရှိတဲ့ မဲရုံအရေအတွက်နဲ့ မဲပေးခွင့်ရှိသူဦးရေ စုစုပေါင်း ဘယ်လောက်ရှိပါသလဲ။**

ဖြေ။ ကျွန်တော်တို့ ဗဟန်းမြို့နယ်မှာ မဲရုံစုစုပေါင်း ၆၆ ရုံရှိပါတယ်။ ဆန္ဒမဲပေးနိုင်တဲ့ မဲဆန္ဒရှင်အရေအတွက်က ခြောက်သောင်းငါးထောင်ခန့်ရှိပါတယ်။ အနည်းဆုံး မဲဆန္ဒရှင် ၃၀၀ နဲ့အထက်ရှိရင် မဲရုံ တစ်ရုံ သတ်မှတ်ထားရှိပါတယ်။ ဗဟန်းမြို့နယ်က မဲရုံတစ်ရုံမှာ အများဆုံးမဲဆန္ဒရှင် ၁၃၀၀ ကြား မဲပေးနိုင်မှာပါ။

**မေး။ မဲရုံတည်နေရာတွေကို ဘယ်လိုအချက်အလက်တွေအပေါ်မှာ အခြေခံပြီး ရွေးချယ်ခဲ့ပါသလဲ။**

ဖြေ။ မဲရုံကို အများပြည်သူမဲဆန္ဒရှင်တွေ အလွယ်တကူ လာရောက်ပြီး ဆန္ဒမဲပေးနိုင်တဲ့နေရာ၊ ပရဝဏ်သတ်သတ်မှတ်မှတ်ရှိနိုင်တဲ့နေရာ၊ မဲဆန္ဒရှင်တွေအတွက် သွားရေးလာရေး အဆင်ပြေစေမယ့် မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနဲ့ အထက်တန်းကျောင်းတွေကို ရွေးချယ်ပါတယ်။ တချို့သော ရပ်ကွက်တွေမှာတော့ ဆွမ်းလောင်းအသင်းအဆောက်အအုံတွေကို အသုံးပြုပါတယ်။

**မေး။ အခုလက်ရှိ မဲရုံပြင်ဆင်မှုနဲ့ လိုအပ်တဲ့ရွေးကောက်ပွဲဆိုင်ရာပစ္စည်းတွေထားရှိမှုအခြေအနေက ဘယ်လိုရှိပါသလဲ။**

ဖြေ။ မဲရုံတစ်ရုံမှာ သုံးရမယ့်ပစ္စည်းတွေဖြစ်တဲ့ မဲပုံးတွေ၊ မဲလက်မှတ်တွေ၊ ဆန္ဒမဲပြုမယ့်အချိန်မှာ အသုံးပြုမယ့် တံဆိပ်တုံးတွေ၊ ဆန္ဒမဲပေးပြီးနောက် စုစည်းပြီးပြန်ပို့ရမယ့် အိတ်တွေ၊ ခြင်းတောင်းတွေအားလုံးကို မဲရုံ ၆၆ ရုံအတွက် သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင်ရုံးအသီးသီးကို ဖြန့်ဝေပေးပြီးဖြစ်ပါတယ်။

**မေး။ ကြိုတင်မဲတွေနဲ့ ပတ်သက်ပြီးတော့ကော ဘယ်လိုဆောင်ရွက်မှုတွေ ပြုလုပ်နေပါလဲ။**

ဖြေ။ ကြိုတင်မဲဆိုရာမှာ နှစ်ပိုင်းရှိမယ်။ ပြည်တွင်းနဲ့ ပြည်ပပါ။ ပြည်ပရောက်ကြိုတင်မဲတွေကတော့ သတ်မှတ်တဲ့ကာလ ကုန်ဆုံးသွားပါပြီ။ သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးဌာနက တောင်းဆိုတဲ့ မဲလက်မှတ်တွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနကို ပို့ပါတယ်။ အခု ဆန္ဒမဲပေးပြီးသွားတဲ့ မဲလက်မှတ်တွေ ပြန်လည်ရောက်ရှိလာပါပြီ။

ပြည်တွင်းမှာက အကြောင်းအမျိုးမျိုးကြောင့် သင်တန်းတက်ရောက်နေတဲ့ နေရာတွေရှိပါတယ်။ ဥပမာ. . ဇီးပင်ကြီးတို့၊ ဖောင်ကြီးတို့လို ဗဟိုဝန်ထမ်းတက္ကသိုလ်တွေ၊ ခရီးဝေးတာဝန်ထမ်းဆောင်နေရသူတွေ၊ ကမ်းလွန်ရေနံကဝန်ထမ်းတွေလို မဲဆန္ဒရှင်တွေအတွက် ကြိုတင်မဲတောင်းခံမှုတွေကို ပေးပို့ပြီးပါပြီ။ အခု လက်ရှိမှာ ကြိုတင်မဲတွေ ပြန်လည်ရောက်ရှိလာပါပြီ။ အခုလက်ရှိ အကျဉ်းဦးစီးက အချုပ်သားတွေဆီက ကြိုတင်မဲတောင်းခံမှုတွေအတွက်လည်း ပေးပို့ဖြန့်ဝေပြီးဖြစ်ပါတယ်။ ပြန်လည်ရောက်ရှိဖို့ စောင့်ဆိုင်းနေပါတယ်။ ဒါကတော့ ပြည်တွင်း ပြည်ပက ကြိုတင်မဲကိစ္စပါ။

နောက်တစ်ခုကတော့ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲတွေက ဆောင်ရွက်တဲ့ ကြိုတင်မဲလည်း ရှိပါတယ်။ ဒါကတော့ အစိုးရရဲ့ တာဝန်ထမ်းဆောင်မယ့် ဝန်ထမ်းတွေကိုဆိုရင် အောက်တိုဘာ ၂၉ ရက်ကစပြီး ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ ပေးခွင့်ပြုထားတယ်။ ဗဟန်းမြို့နယ်အတွင်းက ရပ်ကွက် ၂၂ ရပ်ကွက်မှာ နိုဝင်ဘာ ၆ နဲ့ ၇ ရက်မှာတော့ သက်ကြီးရွယ်အိုတွေ၊ ခရီးသွားမယ့်သူတွေ၊ သတ်မှတ်ထားတဲ့ဥပဒေတွေနဲ့ ကိုက်ညီသူတွေ၊ အကြောင်းအမျိုးမျိုးကြောင့် မဲရုံကိုဆန္ဒမဲ လာမပေးနိုင်တဲ့ မီးဖွားစလူနာတွေကိုတော့ ရပ်ကွက်တွေမှာ ကြိုတင်မဲပေးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကြိုတင်မဲကို ပွင့်လင်းမြင်သာမှုရှိအောင် ရပ်ကျေးကော်မရှင်ရုံးက ကြိုတင်မဲပေးနိုင်တဲ့နေရာမှာ ပါတီအသီးသီးရဲ့ ကိုယ်စားလှယ်တွေကို ဖိတ်ကြားစောင့်ကြည့်ခွင့်ပြုထားသလို နေအိမ်မှာ ဆန္ဒမဲပေးလိုသူတွေအတွက်လည်း ကော်မရှင်က တာဝန်ရှိသူ နှစ်ဦးနဲ့အတူ ပါတီကိုယ်စားလှယ်လေ့လာစောင့်ကြည့်သူတွေကို လိုက်ပါခွင့်ပြုထားပါတယ်။



ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂) ရပ်ကွက် အမက(၃)ရှိ မဲရုံများ ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။

**မေး။ လက်ရှိမှာ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားရှိမှုအခြေအနေက ဘယ်လိုရှိပါသလဲ။**

ဖြေ။ လက်ရှိမှာ ဌာနဆိုင်ရာ ဝန်ထမ်းများနဲ့ပေါင်းစပ်ပြီး မဲရုံတွေ ကြိုတင်ပြင်ဆင်ထားမှု ရှိ၊ မရှိ၊ မဲရုံပြင်ဆင်ပြီးစီးမှုအခြေအနေ၊ မဲရုံသုံးပစ္စည်းတွေ ရောက်ရှိမှုတွေကို ရပ်ကွက်တိုင်းအတွက် ကြီးကြပ်စစ်ဆေးမှုတွေ လုပ်ဆောင်နေပါတယ်။ ရပ်ကွက်အတွင်းမှာ သက်သေခံလက်မှတ်တွေ လာရောက်တောင်းခံရင် ထုတ်ပေးနိုင်ဖို့ လိုအပ်မယ့် မဲဆန္ဒရှင်တွေရဲ့စာရင်းကို ပြင်ဆင်ဆောင်ရွက်ပေးထားပါတယ်။ မဲရုံတာဝန်ရှိသူတွေနဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်တွေကို လိုက်နာရမယ့် ကျင့်ဝတ်တွေအတိုင်း လိုက်နာဆောင်ရွက်ကြဖို့ ညွှန်ကြားထားသလို ပါတီတွေနဲ့တွေ့ဆုံမှုတွေလည်း လုပ်ထားပါတယ်။

ရွေးကောက်ပွဲကျင်းပမယ့်နေ့မှာ သတင်းမီဒီယာတွေကိုတော့ မဲရုံပရဝဏ်အတွင်းမှာတော့ ဓာတ်ပုံရိုက်ခွင့်၊ ဝင်ရောက်ခွင့်ပြုပေမယ့် မဲရုံအတွင်းမှာတော့ ဓာတ်ပုံရိုက်ကူးခွင့်မရှိပါဘူး။ နိုင်ငံတကာ လေ့လာသူတွေကို မဲရေတွက်ရာမှာ ပါတီအသီးသီးက မဲရုံကိုယ်စားလှယ်တွေနည်းတူ လေ့လာခွင့်ပြုထားပါတယ်။

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် Phyo Sithu Trading Ltd & Eco Natural Resort မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲသတ္တမပွဲစဉ်(ရန်ကုန်)၏ စတုတ္ထနေ့ ၁၈ ကျင်း ပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တည်းကုန်း)၌ ဆက်လက်ကျင်းပသည်။



စတုတ္ထနေ့ ၁၈ ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးစိုင်းဖီးလစ်ရီက Phyo Sithu Trading Ltd & Eco Natural Resort သို့ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်ရာ Phyo Sithu Trading Ltd & Eco Natural Resort ဒါရိုက်တာဦးကျော်ကိုကိုချစ်က လက်ခံရယူပြီး အမှတ်တရလက်ဆောင်ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးထွန်းထွန်းလင်းက ပေးအပ်ရာ ရန်ကုန်ဂေါက်ကလပ် ဒုတိယအထွေထွေမန်နေဂျာ ဦးခင်မောင်သက်က လက်ခံရယူသည်။

ဆက်လက်ပြီး ပြိုင်ပွဲဒုတိယနေ့ ကျင်းအမှတ်(၁၁)တွင် ဝါသနာရှင်အဆင့်အမျိုးသားပြိုင်ပွဲတွင် Hole In One ရရှိသွားသော ဌေးအောင်ဌေးကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် ဦးသန့်ဇင်က ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၃၀ ဖြင့် တတိယရရှိသော ခင်မာနွယ်၊ စုစုပေါင်းရိုက်ချက် ၂၂၇ ချက်ဖြင့် ဒုတိယရရှိသော မေဦးခိုင်၊ စုစုပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် ပထမရရှိသော ယဉ်မေမျိုးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်ဂေါက်ကလပ် Captain ဦးဇော်မင်းက ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၃၀၂ ချက်ဖြင့် တတိယရရှိသော လှိုင်မင်းထက်၊ စုစုပေါင်းရိုက်ချက် ၃၀၁ ချက်ဖြင့် ဒုတိယရရှိသော စည်သူရဲရင့်၊ စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် ပထမရရှိသောဟိန်းစည်သူတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၈ ချက်ဖြင့် တတိယရရှိသော အောင်ဆန်းဝင်း(KM Golf Centre)၊ စုစုပေါင်းရိုက်ချက် ၂၈၅ ချက် (3 Under) ဖြင့် ဒုတိယရရှိသော သိန်းဇော်မြင့်(KM Golf Centre)၊ စုစုပေါင်းရိုက်ချက် ၂၈၄ ချက် (4 Under) ဖြင့် ပထမရရှိသွားသော ဇော်ဇော်လတ် (HAN Golf Academy) တို့အား ဆုများပေးအပ်ချီးမြှင့်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် Phyo Sithu Trading Ltd & Eco Natural Resort မှ မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုအေးက ပထမရရှိသွားသော ဇော်ဇော်လတ် (HAN Golf Academy)အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

**(ဖိုးသော်ဇင်)**

# မြန်မာ့လက်ရွေးစင်အသင်း ခြေစစ်ပွဲ၌ ဟောင်ကောင်ကို ရှုံးနိမ့်

**ဟောင်ကောင် နိုဝင်ဘာ ၇**

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေပိုင်းက ဟောင်ကောင်တွင် ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းမှာ ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

နည်းပြသစ် ဂတ်ဖရိုင်းဒရစ်လက်ထက်တွင် လေ့ကျင့်ရက်အနည်းငယ်သာရှိသေးသည့် မြန်မာ့လက်ရွေးစင်အသင်းမှာ ပုံစံကောင်းပြသနိုင်ခြင်းမရှိသေးဘဲ ခံစစ်ပိုင်းလိုအပ်ချက်များကြောင့်လည်း ဂိုးပြတ်သွားခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ တောင်ကိုရီးယားအသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ယခုကဲ့သို့ အမှားများမဖြစ်ပေါ်စေရန် ပြင်ဆင်ရတော့မည်ဖြစ်သည်။

နည်းပြ ဂတ်ဖရိုင်းဒရစ်မှာ ကျော်ဇင်ဖြိုး(ဂိုး)၊ သက်နိုင်၊ အောင်ဇော်၊ ဇော်မင်းထွန်း၊ နန္ဒကျော်၊ ရန်အောင်ကျော်၊ ရဲကိုဦး၊ ဟိန်းသီဟဇော်၊ ကျော်မင်းဦး၊ ကြည်လင်း၊ အောင်သူတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ နှစ်မိနစ်မှာပင် မြန်မာအသင်းမထင်မှတ်ဘဲ ဂိုးပေးခဲ့ရပြီး တိုက်စစ်မှူး မက်ကီးအန်တိုနီက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ကွင်းလယ်အသာရစေရန် အလယ်တန်းငါးဦးအထိ အသုံးပြုခဲ့သည့် ၃-၅-၂ ပုံစံဖြင့် ပွဲထွက်ခဲ့သည့် မြန်မာအသင်းမှာ ဂိုးပေးရပြီး နောက်ပိုင်းတွင် ဖိကစားနိုင်ခဲ့သည်။ သို့သော် အာဖရိက ကစားသမားများကို မွေးစားနိုင်ငံသားအဖြစ် ထည့်သွင်းထားသည့် ဟောင်ကောင်အသင်းမှာ ခြေစွမ်းပိုင်းပိုကောင်းလာခဲ့ပြီး ၃၂ မိနစ်တွင် ချန်ဆုကီ၊ ပထမပိုင်းပြီးခါနီးတွင် မက်ကီးအန်တိုနီတို့က သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းမှာ လူအပြောင်းအလဲပြုလုပ်ခဲ့ပြီး ကစားသမားများ၏ ခြေစွမ်းကို စမ်းသပ်ခဲ့သည်။ ဟောင်ကောင်တိုက်စစ်မှူးများ၏ လျင်မြန်မှုကိုမထိန်းနိုင်ခဲ့သည့် မြန်မာအသင်းမှာ ဒုတိယပိုင်းတွင် နှစ်ဂိုးထပ်ပေးခဲ့ရပြီး ၆၆ မိနစ်တွင် ဖာရဲရာ၊ ၇၅ မိနစ်တွင် အကန်ဒီတို့က သွင်းယူခဲ့သည်။ မြန်မာနောက်ခံလူ နန္ဒကျော်မှာ ၆၁ မိနစ်တွင် ပြစ်ဒဏ်ဘောကန်ရာတွင် ဒိုင်လူကြီး ခရာမမှုတ်မီကန်ခဲ့၍ နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

မြန်မာနှင့် ဟောင်ကောင်အသင်းတို့မှာ ၂၀၁၃ ခုနှစ် ခြေစမ်းခဲ့စဉ်က ဂိုးမရှိသရေကျခဲ့သော်လည်း နောက်ပိုင်းတွင် ဟောင်ကောင်အသင်းမှာ ခြေစွမ်းပိုင်းသိသိသာသာ တိုးတက်လာခဲ့သည်။

**(ကိုကိုစိုးညွန့်)**

# (မဲရုံ)၂ . . . ဂီတစာဆို

ကိုကိုလွင်

(မဲရုံ)၂ ကိုလာ (တစ်ပြည်လုံးမဲဆန္ဒနဲ့)၂ ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင် (တိုင်းနဲ့ပြည်နယ် အမြဲမခွဲ တို့မခွာ)၂ (မဲရုံကို)၂ (လာကြ)၂ မဲသွားပေးမယ်ကွာ။

၁၉၇၄ ခုနှစ်က ဂီတစာဆို ဦးကျော့မှူးရေးဖွဲ့သီကုံးပြီး အဆိုတော် အောင်ကိုလတ် သီဆိုခဲ့သော ပြည်သူ့ဆန္ဒခံယူပွဲ မဲရုံသီချင်းဖြစ်သည်။ ၁၉၇၅ ခုနှစ်မှာ ကျွန်တော်အိမ်ထောင်ပြုအပြီး ဇနီးသည်၏အစ်ကိုတစ်ဝမ်းကွဲ မင်္ဂလာညှော်ခံပွဲတွင် ဆရာ့ကို စတင်မြင်တွေ့ခွင့်ရခဲ့သည်။ ဆရာက ပေါင်မုန့်ကားအဖြူကြီးပေါ်မှ အနောက်တိုင်းဝတ်စုံ(နက်ကတိုင်၊ရှူးဖိနပ်)အထိ တစ်ကိုယ်လုံးအဖြူရောင်ဝမ်းဆက်နှင့် လက်ကိုင်တောင်ဝှေးဖြင့် ခံ့ခံ့ညားညား ဆင်းလာပြီး ကြိုတင်ရောက်ရှိနေသည့် ဂီတာတင်အုန်း(တစ်ပင်တိုင်မင်းသားကြီး) တို့ထိုင်ဝိုင်းအဖွဲ့ဆီလျှောက်လာရင်းပြောသည်၊

“မင်္ဂလာဆောင်ဖိတ်စာလေးတစ်စောင်ပေး”တဲ့။ပြီးတော့“တင်အုန်း မင်းဂီတာကိုမွှေးပြီးလိုက်တီး ငါဆိုမယ်”ဟုဆိုကာ ဖိတ်စာထဲကစာသားတွေကို သီချင်းလုပ်ပြီးဆိုပါလေရော။ သီချင်းတိုက်ထားတာလည်းမဟုတ်၊ စာသားထဲအသံကြိုတင်ထည့်သွင်းထားတာလည်းမဟုတ်၊ ရုတ်တရက် ကောက်ကာငင်ကာ သီချင်းတစ်ပုဒ်အဖြစ် လုပ်ယူသီဆိုသွားသောဆရာ့ကို ကျွန်တော်တို့အားလုံး မှင်တက်အံ့သြငေးမောရင်း ကြည့်နေမိတော့သည်။ ၁၉၇၆ ခုနှစ်မှာ သူဇာရုပ်ရှင်မှထုတ်လုပ်သော“ငါတို့လဘက်ရည်ကြမ်းဝိုင်း” ရုပ်ရှင်ဇာတ်ကားကြီးမှာ ကျွန်တော်နောက်ခံသီချင်းရေးခွင့်ရသည်။ သီချင်းနာမည်က “အချစ်မြို့စားလေးဖြစ်ချင်တယ်”ဖြစ်သည်။ ၁၉၇၇ ခုနှစ်မှာ ကျွန်တော့်အစ်ကိုကြီးရှုတင်မန်နေဂျာက သူ့ခယ်မလေး နယ်မှာသီချင်းဆိုရန်အတွက် ကော်ပီသီချင်း အားချင်းရေးခိုင်းသည်။ ဦးကျော့မှူးကတစ်ပုဒ်၊ မောင်မောင်ခင်အောင်(ပွမ်ပွမ်မြည်တဲ့ကားလေး)က တစ်ပုဒ် ရေးထားကြောင်း သိရသည်။ ထိုဖျော်ဖြေပွဲမှာ သီချင်းသုံးပုဒ်ထဲတွင် ကံကောင်းချင်လို့လားမသိ၊ ကျွန်တော် ရေးပေးလိုက်သော “မချစ်ရဲသူများ မလိုချင်ဘူး”က ပရိသတ်များလက်ခုပ်တီးအားပေးသံ ဆူညံသွားကြောင်း ပြန်ကြားသိရသည်။ ဆရာက အစ်ကို့ကိုမေးသည်။

“ဒီသီချင်းဘယ်သူရေးတာလဲ”၊ “ကျွန်တော့်ညီ ကဗျာဆရာကိုကိုလွင်ရေးတာ”ဆိုတော့“အေး ကောင်းတယ်၊ မင်းညီအရင်းလား”။ “ဟုတ်တယ် ညီအရင်း”။ ထို့နေ့ကစပြီးဆရာက ကျွန်တော့်ကိုသတိထားချီးမွမ်းခဲ့သည်။

၁၉၇၈ -၇၉ ခုနှစ်တွေမှာ သူဇာရုပ်ရှင်ထုတ်လုပ်ရေးအတွက်ပဲ ဆရာကိုလေးလွင်နှင့်တွဲဖက်ပြီး ရုပ်ရှင်ကားကြီးနှစ်ကားမှာသီချင်းလေးပုဒ်ရေးခွင့်ရသည့်အပြင် သရုပ်ဆောင်ပါအဆစ်လုပ်ခဲ့ရပြန်သည်။ “သစ္စာရင်ခွင်မှာနားမယ်”ဇာတ်ကားမှာ သီချင်းနှစ်ပုဒ်နှင့် ဒုရဲအုပ်အဖြစ်လုပ်ခဲ့ရပြီး“မေတ္တာချစ်ကြွေးပြေပါစေ”ဇာတ်ကားမှာ ရှေ့နေအဖြစ်ပါဝင်သရုပ်ဆောင်ခဲ့ရရင်း ဇာတ်ဝင်သီချင်းနှစ်ပုဒ်ရေးသားခွင့်ရသည်။

၁၉၈၀ ခုနှစ်နောက်ပိုင်းကာလတွေမှာ အစ်ကိုကြီးက ဆရာဦးကျော့မှူးထံကျွန်တော့်ကို မိတ်ဆက်ပေးရင်း အပ်နှံခဲ့သည်။ ဆရာက အားရင်အားသလို ဂီတာတီးနည်း၊ဂီတသင်္ကေတတွေရေးနည်း၊ရွတ်ဆိုနည်း အပြင် သီချင်းရေးနည်းတွေပါ အနီးကပ်လေ့လာဆည်းပူးခွင့်ရသည်။ အနုပညာနှင့်ပတ်သက်၍ ဆရာ့လှုပ်ရှားမှု နေရာအနှံ့လိုက်ပါခွင့် ရရှိသည်။

၁၉၈၅ ခုနှစ်ထင်သည်။ သူဇာရုပ်ရှင်ထုတ်လုပ်ရေးအတွက်ဆရာနှင့်အတူကျွန်တော်သီချင်းနှစ်ပုဒ်ရေးသားခွင့်ရပြန်သည်။ ဂီတမှူးက စန္ဒရားကွန်းဇော်ဖြစ်ပြီး ဇာတ်ကားနာမည်က“ပြန်ပါနဲ့ကိုဧည့်သည်”ဖြစ်သည်။ အဲ့ဒီနောက် “ချစ်သား”ကက်ဆက်ခွေဇာတ်လမ်းသွင်းတော့ ဆရာက ကျွန်တော့်ကိုဇာတ်ဝင်တေးစုံတွဲသီချင်း ရေးခွင့်ပေးပြန်သည်။ နောက်“စားပွဲထိုးမလေးမိဖြူ” ကက်ဆက်ခွေဇာတ်လမ်းသွင်းကြတော့ အဓိကသရုပ်ဆောင်အဖြစ် ဆရာအပါအဝင်ကျွန်တော့်ကိုပါ အသံသရုပ်ဆောင်ခိုင်းသည်။ သို့သော်ထိုခွေမထွက်ဖြစ်၊ ဆင်ဆာငြိကြောင်း သိရသည်။

ဆရာကစည်းကမ်းကြီးသည်။ မိမိကိုယ်ပိုင်ငွေနှင့်မိသားစုပိုင်ငွေဟု ခွဲခြားထားသည်။ မရှိလျှင်ဇနီးသည်ဆီက ချေးငှားသုံးတတ်သည်။ တစ်ရက်၊ တစ်ညနေမှာဖြစ်သည်။ နောက်နေ့ဆိုလျှင်ရုပ်ရှင်ဇာတ်ဝင်တေးတစ်ကားစာအတွက် သီချင်းရေးခရမှာဖြစ်သော်လည်း ယနေ့မှဆရာ့မှာငွေကပြတ်လပ်နေသည်။ ဆရာကတော်က“မရှိရင် မသောက်နဲ့ပေါ့”ဟုထေ့ငေါ့ကျီစယ်ပြန်သည်။ ဒီတော့မဝံ့မရဲကျွန်တော်စည်းရုံးကြည့်မိသည်။

**“ဆရာတောအရက်သောက်မလား။ ကျွန်တော်အကြွေးနဲ့ယူလို့ရတယ်”။**

**“ကောင်းပါ့မလား. . . ကောင်းရဲ့လားကွ”။**

“ကောင်းပါတယ်ဆရာရဲ့၊ အနံ့ပျောက်တဲ့ဆေးရှိတယ်၊ တစ်ခါတည်းရောခဲ့မယ်”။ ထိုညကျွန်တော်တို့ဆရာတပည့်အုပ်စု ထွေးညိုနှင့်နှစ်ပါးသွားခဲ့ကြသည်။ နောက်နေ့ရုပ်ရှင်သီချင်းအသံသွင်းတော့ စတူဒီယိုရှေ့မှာ မျက်နှာရှုံ့မဲ့စွာနှင့်ဆရာတီးတိုးလေးကပ်ပြောလာသည်။ ဒီအတွက်ကျွန်တော် ယနေ့အချိန်အထိ စိတ်မကောင်းဖြစ်နေမိသည်။

“မောင်ကိုလွင်၊ ကိုတော့ခေါင်းတွေကိုက်ခဲနေတယ်၊နောက်မသောက်နဲ့တော့” “ဟုတ်ကဲ့” ဆိုပြီးကျွန်တော်လည်း တစ်သက်စာထွေးညိုနှင့် လမ်းခွဲခဲ့တာ ယခုဒီစာရေးနေတဲ့အထိပါပဲ။ တစ်ညမှာလည်း မှတ်မိတာလေးရှိသေးသည်။ ဆရာတပည့်နှစ်ယောက် ယမကာသောက်သုံးပြီးခါစ အလှူခံတွေက ဆရာတို့အိမ်နားရောက်လာကြသည်။ ဆရာက ‘ရှူး’ အသံမထွက်နဲ့ဆိုဟန်လုပ်ပြပြီးကျွန်တော့်ကိုနောက်ဖေးမီးဖိုချောင်နားခေါ်သွားသည်။ ဆရာ့သားသမီးအလှူငွေထည့်အပြီး အလှူခံတွေထွက်သွားမှ တီးတိုးလေးကပ်ပြောသည်။

“ကလေးတွေဆိုငါးကျပ်၊ တစ်ဆယ်နဲ့ပြီးတယ်၊ ကိုယ့်ကိုတွေ့သွားရင် ငါးရာလောက်အလှူခံနေဦးမှာတဲ့”။ ဟုတ်ပ့ါ၊ ဆရာကနိုင်ငံကျော်စတီရီယိုဖခင်ကြီးကိုး။ ဆရာကအနုပညာကြေးကိုတစ်ခါတစ်ရံကျေနပ်ကြေးနှင့် လက်ခံတတ်သည်။ တစ်နေ့ မြန်မာသံသကြၤန်ယိမ်းသီချင်းတစ်ပုဒ်စတီရီယိုတေးရေးတစ်ဦးက လာအပ်သည်။ “အစ်ကိုဘယ်လောက်ယူမလဲ” မေးတော့“သီချင်းရေးခစီးကရက်တစ်ဘူးပဲပေး”တဲ့။ တကယ်တမ်းသီချင်းသွင်းကြတော့ ယမကာကသုံးပုလင်း၊ ထမင်းဟင်းနှင့် အမြည်းအစုံအလင်၊ စီးကရက်အပြင် လမ်းစရိတ်လုံလုံလောက်လောက်နှင့် ပြုစုကြသည်။ ဆရာက စတီရီယိုသီချင်းရေးရခြင်းအကြောင်းပြောပြဖူးသေးသည်။

“ကိုယ်ကစက်ချုပ်သမားဆိုပါတော့၊အမှန်ခေါင်းပေါင်းနဲ့တိုက်ပုံပဲချုပ်ချင်တာ၊ ဒါပေမယ့် တစ်နှစ်ကို ဘယ်နှထည် လာအပ်ကြမှာလဲ၊ အဲဒါကြောင့်ရှပ်အင်္ကျီချုပ်တယ်၊ လုံချည်ချုပ်တယ်၊ ဘောင်းဘီပါချုပ်တယ်၊ အဲ့ဒါမှ အလုပ် ဖြစ်မှာ--”။ ဆရာကရှေ့မီ၊နောက်မီစွယ်စုံရ ဂီတစာဆိုကြီးဖြစ်သည်။ ဒေါ်တင်တင်မြ၏ တစ်ဝဂ္ဂလိုသီချင်းမျိုးမှ တွံတေးသိန်းတန်၊ချစ်စံပယ်တို့၏ “မောင်ရွှေရိုးနဲ့ချစ်စံပယ်”တို့၊စိုးပိုင်၏ “အချစ်ဟောင်းရဲ့လက်ထပ်မင်္ဂလာ” အစရှိသော နိုင်ငံကျော်သီချင်းမျိုးစုံ မြောက်မြားစွာကိုရေးသားပြုစုထားခဲ့သည်။ ဆရာ့မှာက စိန်ဂွန်းကိုကိုဇော်ဆိုသော သားအကြီးရှိသည်။ ကျွန်တော့်ကိုသားတပည့်အရာမှာထားသည်။ နှစ်ယောက်သား အပြင်ထွက်တော့မည်ဆိုလျှင် ဆရာကကြိုတင်သိသည်။ ကြည့်--”

“ကိုဇော်နဲ့ကိုလွင်ဘယ်ကိုလဲ၊ ဖားရေလား ဆိုဆိုလား”

“ဒီနေ့တော့ဆိုဆိုသွားမယ်. . ဖေဖေ”

“အေးအေးအရမ်းကြီးမသောက်ကြနဲ့၊ စောစောလေးပြန်ကြ”

ဖားရေဆိုတာ ဂီတသင်္ကေတအရ ဖားက လေးဂဏန်းဖြစ်ပြီး ရေက နှစ်ဂဏန်းဖြစ်၍လေးဆယ့်နှစ်လမ်းလားဟု ဆိုလိုသည်။ ဆိုမှာ ငါးဂဏန်းဖြစ်ပြီး နောက်ထပ်ဆိုမှာ ‘ငါး’ဂဏန်းဖြစ်၍ ငါးဆယ့်ငါးလမ်းလားဟုဆိုလို ခြင်းဖြစ်သည်။ ထိုအချိန်က (၄၂) လမ်းနှင့် (၅၅) လမ်းတို့တွင် အနုပညာသမားအုပ်စုအများဆုံးထိုင်ပြီး ဝိုင်းဖွဲ့ဖြစ်ကြသည်။

၁၉၈၉ ခုနှစ်မှာ ဆရာသန်လျင်မြို့ကိုပြောင်းရွှေ့သွား၍ဝေးကွာသွားကြရသည်။

တစ်ခါတစ်ရံလမ်းမှာတွေ့ဆုံလျှင် ဆိုဆုံးမတတ်သည်။

“ကိုတော့အရက်ဖြတ်လိုက်ပြီ၊ သားကြီးကိုဇော်ကိုဆုံးရှုံးခဲ့ရသလို သားမောင်ကိုလွင်ကိုလည်း ထပ်အဆုံးရှုံးမခံရစေချင်ဘူး”။

ကျွန်တော်က ယမကာကို တစ်နေကုန်မှီဝဲနေသူမဟုတ်၍ ယခုတိုင်ကျန်းမာရေးကောင်းမွန်နေသေးသည်။ ထိုနှစ်တွင်ကျွန်တော်ရေးသားသီကုံးဖွဲ့နွဲ့ထားသောစာသားနှင့်ဆရာဂီတစာဆို သောင်းတင်ဌေးသံစဉ်ဖြင့် သီချင်းတစ်ပုဒ်ရေးဖြစ်ခဲ့သည်။ သီချင်းခေါင်းစဉ်က“ချစ်မေမေ”၊ တွံတေးသိန်းတန်နှစ်ကြိမ်နှင့် ဟသ်ာတထွန်းရင်၊ ပိုးအိစံ၊ ချောင်းဦးတင်ဝင်းအပြင် အခြားတေးသံရှင်များစွာ ထပ်ကာတလဲ ပြန်လည်သီဆိုခဲ့သော သီချင်းတစ်ပုဒ်ဖြစ်သည်။

ဂါရဝပါအမေ---ထာဝရပါအမေ၊ ရေမှာလည်းအမေ---လေမှာလည်းအမေ၊ မြေမှာလည်းအမေ၊ အမေ့ခြေရာ- အမေ့နေရာ--အမေ့စေတနာ--အမေ့ဒေသနာ၊ ကံကြမ္မာထဲ သံသရာထဲ--ပျံ့ကာဝဲကာစိုးမိုးနေတယ်အမေ---။

ထိုသီချင်း၏အောင်မြင်ကျော်ကြားမှုကြောင့် ဝမ်းသာပီတိဖြစ်ခဲ့ရသည်။ ဆရာဦးကျော့မှူးကွယ်လွန်ကြောင်း နာရေးသတင်းဖတ်ရ၍ကြေကွဲဝမ်းနည်းခဲ့ရသည်။

ယခုအချိန်ဆို ဆရာကိုလေးလွင်ရော ဆရာသောင်းတင်ဌေးပါကွယ်လွန်သွားကြရှာလေပြီ။ ကျွန်တော်သည်လည်း ဘယ်နေ့ဘယ်အချိန် ဘယ်နေရာမှာဘယ်လိုပုံစံနှင့် ဆရာတွေအပါး အခစားဝင်ရဦးမည်မသိ။ ဆရာရှိနှင့်ဦးမည်ဆိုလျှင် အသိပေးကန်တော့ပန်းပန်ဆင်ရင်း မေးမြန်းချင်မိပါသေးသည်။ ဆရာ့လိုပါပဲ၊ ငွေကြေးအဓိကမဟုတ်။ ဆရာကျွန်တော့်ကိုအသိအမှတ်ပြုသတိထားချီးမွမ်းထားသည်။ “မချစ်ရဲသူများမလိုချင်ဘူး” သီချင်းကိုတေးသံရှင်နိုရင်၏ “သူ့အကြောင်းကိုယ့်အကြောင်း”အမ်တီဗွီ၊ဒီဗွီဒီ၊ကာရာအိုကေတေးစီးရီးမှာပါဝင်ကူညီ အားဖြည့်ထားကြောင်းပါ။ bobo အင်တာတိန့်မင့်ထုတ်လုပ်ရေးမှ တစ်ပြည်လုံးကိုတာဝန်ယူဖြန့်ချိနေပါပြီ။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့ ရွေးကောက်ပွဲမှာ ဆရာသာရှိနေသေးလျှင် ရွေးကောက်ပွဲတေးဘယ်လိုရေးပြီး ဘယ်သူ့ကိုမဲပေးမှာပါလိမ့်ဆိုတာကြားမြင်သိချင်သည်မှာ အမှန်ပင်။ ။

**၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့ ရွေးကောက်ပွဲမှာ ဆရာသာရှိနေသေးလျှင် ရွေးကောက်ပွဲတေး ဘယ်လိုရေးပြီး ဘယ်သူ့ကို မဲပေးမှာပါလိမ့်ဆိုတာ ကြားမြင်သိချင်လိုက်သည်မှာ အမှန်ပင်။**

## “မဲပေးကြပါစို့”

* နိုဝင်ဘာ ၈ ရက်၊ မပျက်ကွက် ဆက်ဆက်မဲပေးမည်။
* တိုးတက်ခေတ်မီ၊ မြော်မှန်းရည် ပါတီစုံလှသည်။
* သင့်အသည်းကြား၊ မဲတစ်ပြား စွမ်းအားကောင်းလှသည်။
* လူကောင်းကိုရွေး၊ မှုကောင်းရေး စုဝေးလုပ်နိုင်သည်။
* လူကောင်းမှုကောင်း၊ စုကာပေါင်း ကောင်းကျိုးချမ်းသာတည်။
* ဒီမိုကရေစီ၊ ရှေ့သို့ချီ မြော်ရည် ပျော်ရသည်။
* ပြည်ထောင်စုဖွား၊ တိုင်းရင်းသား အများစုစည်းမည်။
* စုပေါင်းညီညာ၊ အောင်ကြောင်းဖြာ မြန်မာတို့ ဂုဏ်ရည်။ ။

ပန်းတောင်းသန်းကြွယ်

## မဲဆန္ဒရှင်သက်သေခံလက်မှတ် ထုတ်ယူရန်ကျန်ရှိသူများအား နောက်ဆုံးရက်တွင် အိမ်တိုင်ရာရောက် လိုက်လံပေးအပ်မည်

**သထုံ နိုဝင်ဘာ ၇**

မွန်ပြည်နယ် သထုံမြို့နယ် ဘင်လှိုင်ရပ်ကွက်တွင် ပြည်သူများ ဆန္ဒမဲပေးရာ၌ ပိုမိုလွယ်ကူစေရန်အတွက် မဲဆန္ဒရှင် သက်သေခံကတ်ပြားများကို ထုတ်ပေးလျက်ရှိရာ ပြည်သူအများလာရောက်ထုတ်ယူနေကြပြီး နောက်ဆုံးသတ်မှတ်ရက်တွင် သက်သေခံကတ်ပြား ထုတ်ယူရန်ကျန်ရှိသူများအား အိမ်တိုင်ရာရောက် လိုက်လံပေးအပ်သွားမည်ဖြစ်ကြောင်း ဘင်လှိုင်ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

“နိုဝင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီအထိ မဲလက်မှတ်လာထုတ်တာ ၅၀၀၀ လောက်တော့ရှိပြီ။ကျွန်တော်တို့ရပ်ကွက်မှာက မဲပေးခွင့်ရှိသူပေါင်း ၉၄၆၀ ရှိပြီး ကြိုတင်မဲပေးသူက ၆၀ လောက်ရှိတယ်။ မနက်ဖြန်သက်သေခံလက်မှတ်ထုတ်ဖို့ နောက်ဆုံးရက်ဖြစ်လို့ ကျန်နေတဲ့သူအားလုံးကို အိမ်အထိ လိုက်ပေးမှာပါ”ဟု ဘင်လှိုင်ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ကိုဇေယျာက ပြောသည်။

ယင်းသို့လိုက်လံပေးအပ်သော်လည်း ကျန်ရှိသူများရှိနေနိုင်ကြောင်း ၎င်းကဆိုသည်။ “ဒီမှာက ထိုင်းနိုင်ငံဘက်မှာ တရားမဝင် အလုပ်သွားလုပ်သူတွေရှိတယ်။ သူတို့ပြန်မလာကြတော့ မဲစာရင်းမှာ ပါပေမယ့် သက်သေခံလက်မှတ်ထုတ်ပေးလို့ မရနိုင်ဘူး”ဟု ၎င်းက ပြောသည်။

ဘင်လှိုင်ရပ်ကွက်တွင် မဲရုံ သုံးရုံရှိပြီး မဲဆန္ဒရှင်သက်သေခံကတ်ပြားများကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ထုတ်ပေးလျက်ရှိကြောင်း ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**သက်ဦး(သထုံ)**

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၇ ရက်တွင်ကျရောက်သည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၂၇)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဝန်ထမ်း ၄၃ ဦးကို တူညီဝတ်စုံများ ပေးအပ်ခဲ့သည်။ ထို့နောက် ဝန်ထမ်းများနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူး၊ ဥက္ကဋ္ဌများကို ဗလာမပါကံစမ်းမဲများဖောက်၍ အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (၅၁၂)

# ယခု ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၆၀၀၀ လျာထား

**ရန်ကုန် နိုဝင်ဘာ ၇**

ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၆၀၀၀ ဝင်ရောက်ရန် လျာထားကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

၂၀၁၁ ခုနှစ် မတိုင်မီက သယံဇာတကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ စီးဝင်မှုများ ပြားခဲ့ပြီး နောက်ပိုင်းကာလများတွင် စီးပွားရေးဇုန်များ ဖွင့်လှစ်ခြင်းနှင့်အတူ စက်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ပိုမိုတိုးမြင့် လာခဲ့သည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လျာထားချက် အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ဖြစ်သော်လည်း အမှန်ခွင့်ပြုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၄၁၉ သန်း ရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လျာထားချက် အမေရိကန်ဒေါ်လာသန်း ၃၀၀၀ ဖြစ်ပြီး အမှန် ခွင့်ပြုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၁၀၇ သန်း ဖြစ်သည်။ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်တွင် လျာထားချက် အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ ဖြစ်ပြီး အမှန်ခွင့်ပြုပမာဏမှာအမေရိကန်ဒေါ်လာ ၈၀၁၀ သန်းရှိခဲ့သည်။ ယခုဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျာထားချက်ပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၆၀၀၀ ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ နိုင်ငံပေါင်း ၃၃ နိုင်ငံက လုပ်ငန်းပေါင်း ၅၄၃ ခုတွင် လာရောက်ရင်းနှီးမြှုပ်နှံခဲ့ ပြီး ရင်းနှီးမြှုပ်နှံခဲ့တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၁၄၆၃ ဒသမ ၉၁၃ သန်းရှိကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှု ပြုခဲ့သည့် နိုင်ငံများအနက် စင်ကာပူနိုင်ငံမှာ စုစု ပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏ၏ ၄၂ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး တရုတ်နိုင်ငံမှ ၂၄ ဒသမ ၅၈ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ယူနိုက်တက်ကင်းဒမ်းမှ ၆ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့် ရင်းနှီးမြှုပ်နှံမှုတွင် တတိယနေရာ၌ရှိကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုများ အများဆုံးပြုလုပ်ခဲ့သည့် ကဏ္ဍများမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၁၅ ရာခိုင်နှုန်းဖြစ်သည်။ လျှပ်စစ်ကဏ္ဍတွင် ၂၂ ဒသမ ၃၄ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၂၀ ဒသမ ၂၈ ရာခိုင်နှုန်းရှိပြီး ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ အိမ်ခြံမြေဟိုတယ် နှင့် ခရီးသွားလုပ်ငန်းများ၊ သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများရှိကြောင်း သိရသည်။



နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတစ်ခုဖြစ်သည့် ထောက်ကြံ့ရှိ ကိုကာကိုလာစက်ရုံ။

လက်ရှိတွင် ပြည်ပမှ ရင်းနှီး မြှုပ်နှံလိုသူများအနေဖြင့် ပြည်တွင်းရေး အခြေအနေများကို စောင့်ကြည့်လေ့လာလျက်ရှိပြီး ရွေးကောက်ပွဲ အလွန်ကာလ ရလဒ်ကောင်းများအပေါ် မူတည်၍ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမည့်အခြေအနေတွင် ရှိနေကြောင်းစီးပွားရေးကျွမ်းကျင်သူများက သုံးသပ်ထားသည်။

**ဝဝ၁**

---

## ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကျင်းပ



**သုံးခွ နိုဝင်ဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (၂၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းနေ့က သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက အထွေထွေအုပ်ချုပ်ရေးစီးဌာန ဖြစ်ပေါ်လာပုံသမိုင်းကြောင်းအား ရှင်းလင်းပြောကြားပြီး ဝန်ထမ်း ၁၀၂ ဦး အား ဗလာမပါ ကံစမ်းမဲများ မဲနှိုက်ဖောက်ပေးခဲ့သည်။ **ကြည်စိုးလွင်(သုံးခွ)**

---

## ဒီးမော့ဆိုမြို့နယ်အတွင်းရှိ မဲရုံများကြည့်ရှုစစ်ဆေး

**ဒီးမော့ဆို နိုဝင်ဘာ ၇**

ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီက ဒီးမော့ဆိုမြို့နယ် မြို့မရပ်ကွက်အတွင်းရှိ မဲရုံအမှတ်(၁)၊ (၂) ကိုလည်းကောင်း၊ ငွေတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ မဲရုံကိုလည်းကောင်း၊ စံပြ(၆)မိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ မဲရုံများတွင် ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ မဲရုံလုံခြုံရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် မဲရုံတာဝန်ရှိသူများအား မဲရုံလုံခြုံရေးနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်ချက်များကို အသေးစိတ်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

---

## စဉ့်ကိုင်မြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေးဟောပြော

**စဉ့်ကိုင် နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကိုနိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီက ပလိပ်ကျေးရွာအုပ်စုမြောက်မြေမွာရုံတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အသိပညာပေးဟောပြောပွဲတွင် စဉ့်ကိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြိုးအိအိဇင်က သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍သိရှိလိုက်နာကြရမည့် အသိပညာဗဟုသုတများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေးကသဘာဝအန္တရာယ်ကြိုတင်ကာကွယ်ရေး နည်းလမ်းနည်းစနစ်များ မီးဘေး၊ ရေဘေး၊ လေျင်ဘေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာသူများကို ဆပ်ပြာမှုန့် ထုပ်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။ **တင်တင်ထွေး(စဉ့်ကိုင်)**

---

## JICA ၏ကူညီထောက်ပံ့မှုဖြင့် ရေပေးရေးလုပ်ငန်းများ ကျေးရွာမီးလင်းရေးဆိုလာမီးနှင့် ဆက်စပ်ပစ္စည်းများပေးအပ်

**မန္တလေး နိုဝင်ဘာ ၇**

JICA ၏ ကူညီထောက်ပံ့မှုဖြင့် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် ရေပေးရေးလုပ်ငန်းနှင့်ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Consulting Services သဘောတူညီမှုလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး အစည်းဝေးခန်းမ၌ ကျင်းပရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဝန်ကြီးဦးအောင်မောင်း တက်ရောက်ချီးမြှင့်ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ TEC ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ရေနှင့်သန့်ရှင်းရေးဌာနမှ အင်ဂျင်နီယာများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ JICA ၏ ကူညီထောက်ပံ့မှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တိုးချဲ့ရေပေးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကိုယ်စား တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းနှင့် ဂျပန်နိုင်ငံ TEC International Co.,Ltd. မှ CHIEF CONSULTANT Mr.AKIRATAKEGHI တို့က နည်းပညာပိုင်းဆိုင်ရာ Consulting Services သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းနောက် မြို့တော်ဝန်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ပြည်ကြီးတံခွန်မြို့နယ်အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့နယ်လူဦးရေ၏ ငါးရာခိုင်နှုန်းသာ ရေဖြန့်ဝေပေးနိုင်ခဲ့ချိန်တွင် JICA မှ ကူညီထောက်ပံ့မှု ဂျပန်ယန်း ဘီလျံ ၂ ဒသမ ၅၅ သန်းခန့်ဖြင့် တိုးချဲ့ရေပေးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အကူအညီပေးခဲ့သည်။

စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သဘောတူလက်မှတ် ရေးထိုးမှုအား နိုဝင်ဘာ ၃ ရက်တွင် ပြုလုပ်ခဲ့ပြီးယခုအခါ နည်းပညာပိုင်းဆိုင်ရာအတိုင်ပင်ခံ ကုမ္ပဏီဖြစ်သည့် TEC International Co.,Ltd. နှင့် သဘောတူလက်မှတ် ရေးထိုးခြင်းဖြစ်သည်။ ပြည်ကြီးတံခွန်မြို့နယ်အား ရေပေးဝေနိုင်ရေးအတွက် ၂၀၁၆ ခုနှစ် မတ်လတွင် လုပ်ငန်းစတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး ၂၀၁၇ခုနှစ် အောက်တိုဘာတွင် လုပ်ငန်းပြီးဆုံးပါက ပြည်ကြီးတံခွန်မြို့နယ်ရှိ (ဂ)၊ (ဃ)၊ (င) ငွေတော်ကျီကုန်းနှင့် သင်ပန်းကုန်းရပ်ကွက်များတွင် ရေမီတာလုံးရေပေါင်း ၈၉၅၂ ခန့် တပ်ဆင်ပေးသွားမည်ဖြစ်ပြီး ပြည်ကြီးတံခွန်မြို့နယ် လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့် ရေရရှိတော့မည်ဖြစ်ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

---

## မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသို့ အာရှဖွံ့ဖြိုးရေးဘဏ် အကြံပေး ဝါရှင်တန်တက္ကသိုလ်ပါမောက္ခနှင့်အဖွဲ့လာရောက်တွေ့ဆုံ

**မန္တလေး နိုဝင်ဘာ ၇**

မန္တလေးချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိမန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသို့ နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက အာရှဖွံ့ဖြိုးရေးဘဏ်အကြံပေး အမေရိကန်ပြည်ထောင်စု ဝါရှင်တန်တက္ကသိုလ်ပါမောက္ခ Mrs.Mary Callahan နှင့်အဖွဲ့ကလာရောက်၍ အသင်းဒုတိယ ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များကိုတွေ့ဆုံပြီးစီးပွားရေးအခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ စီးပွားရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ထားမှုကိုဆွေးနွေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသည် ထိုင်းနိုင်ငံတက္ကသိုလ်များနှင့် ပူးပေါင်းပြီး စီးပွားရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်၍ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းကာ အပြည်ပြည်ဆိုင်ရာစီးပွားရေးမဟာဘွဲ့သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အမေရိကန်၊ နယ်သာလန်တက္ကသိုလ်များနှင့် ချိတ်ဆက်ကာ စီးပွားရေးပညာသင်တန်းများဖွင့်လှစ်ပေးရန်ရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**



# ဂိုးမက်ဇ်ကို ခေါ်ယူရန် မန်ယူကြိုးပမ်းနေ

မန်ယူနည်းပြ ဗန်ဟားလ်က ဂျာမနီတိုက်စစ်မှူးဂိုးမက်ဇ်ကို ခေါ်ယူဖို့ စောင့်ကြည့်နေပြီး ဖြစ်နိုင်ရင်လာမယ့်ဆောင်းရာသီ အပြောင်းအရွှေ့ကာလမှာပဲ ခေါ်ယူချင်နေတယ်လို့ သတင်းရင်းမြစ်တစ်ခုက ဆိုပါတယ်။ ဂိုးမက်ဇ်က ဥရောပရဲ့ အဆုံးသတ်အသေချာဆုံးတိုက်စစ်မှူးတစ်ဦးဖြစ်ပြီး နောက်ဆုံးကစားခဲ့တဲ့ ဘောလုံးငါးရာသီမှာ သွင်းဂိုး (၁၁၃) ဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့်လည်း ဗန်ဟားလ်က သူ့ကိုခေါ်ယူဖို့ မီးစိမ်းပြလိုက်တာဖြစ်ပါတယ်။ ဂိုးမက်ဇ်ဟာ ဘိုင်ယန်က ထွက်ခွာပြီးနောက်ပိုင်း ဖီအိုရင်တီးနားမှာလည်း အကောင်းဆုံးခြေစွမ်းကို ဆက်လက်ထိန်းထားနိုင်ဆဲဖြစ်တာကြောင့် သူ့ကိုဥရောပအသင်းအတော်များများက မျက်စိကျနေတာဖြစ်ပါတယ်။

အသက်(၃၀)ရှိပြီဖြစ်တဲ့ ဂိုးမက်ဇ်က ဘွန်ဒက်စ်လီဂါနဲ့ စီးရီးအေတို့မှာ ကျင်လည်ပြီးနောက် စွန့်စားမှုအသစ်တစ်ခု ထပ်မံရှာဖွေလိုတာကြောင့် ပရီမီယာလိဂ်ကိုပြောင်းရွှေ့ဖို့ စိတ်ဝင်စားနေတယ်လို့ သူ့ရဲ့ရင်းနှီးတဲ့ မိတ်ဆွေတွေကို အသိပေးထားပါတယ်။ ဒါ့အပြင် ဗန်ဟားလ်ကလည်း ကွင်းလယ်ပိုင်းအင်အားတောင့်တင်းနေတာကို ကောင်းကောင်းအသုံးမချနိုင်တဲ့ မန်ယူရဲ့တိုက်စစ်ပိုင်းပြဿနာကို အရန်သင့်သုံးလို့ရတဲ့ ဂိုးမက်ဇ်လို အတွေ့အကြုံကြွယ်ဝနေတဲ့ တိုက်စစ်မှူးမျိုးနဲ့ ခေါ်ယူဖြေရှင်းဖို့ ဆန္ဒရှိနေပါတယ်။

မန်ယူရဲ့တိုက်စစ်မှာ ဝိန်းရွန်းနီနဲ့ မာရှယ်လ်တို့ခြေစွမ်းပျောက်နေပြီး တိုက်စစ်ကတစ်ပွဲကို တစ်ဂိုးထက်ပိုသွင်းနိုင်ဖို့ရုန်းကန်နေရတာကြောင့် တပည့်ဟောင်းဂိုးမက်ဇ်ကို ပြန်ခေါ်ပြီး အောင်မြင်မှုပြန်ရှာဖို့ အားထုတ်လာတာဖြစ်ပါတယ်။ မကြာသေးခင်ကပဲ ဗန်ဟားလ်က ဖြစ်နိုင်ရင် မာရှယ်လ်နဲ့ ရွန်းနီတို့ကို ဂိုးမက်ဇ်ဆီက ဂိုးသွင်းနည်းပညာသင်ယူစေချင်တယ်လို့ ဆိုခဲ့တာကြောင့် သူ့အနေနဲ့ လက်ရှိတိုက်စစ်မှူးတွေရဲ့ ခြေစွမ်းကို စိတ်တိုင်းမကျတာပေါ်လွင်ပါတယ်။ ဒါ့ကြောင့် လာမယ့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလမှာ ဗန်ဟားလ်ရဲ့ အဓိက ပစ်မှတ်ဟာ ဂိုးမက်ဇ် ဖြစ်မယ်ဆိုတာ သေချာလို့နေပါတယ်။

**ရွှေငယ်ဟေဒင်**

# ဒေါက်ဂလပ်ဆန်းတိုစ်နှင့် ဂတ်ဘရီး ဘရာဇီးအသင်းနှင့်အတူ ပါဝင်လာမည်

ဘရာဇီးအသင်းတွင် မာဆယ်လိုနှင့် မာကွင်ဟိုတို့ ဒဏ်ရာပြဿနာများကြောင့် ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲများတွင် ထင်တိုင်းမပေါက်ခဲ့ခြင်းအပေါ် အသင်းနည်းပြ ဒွန်ဂါက နောက်တန်းခံစစ်ပိုင်းကို အားဖြည့်ရန်အတွက် အကောင်းဆုံးပြင်ဆင်မှုတစ်ခု လုပ်ဆောင်လာခဲ့ပြီဖြစ်သည်။

ဘရာဇီးအသင်းနည်းပြ ဒွန်ဂါသည် ခံစစ်ပိုင်းတွင် ဒဏ်ရာပြဿနာကြုံတွေ့နေသည့် ရီးယဲလ်မက်ဒရစ် နောက်ခံလူ မာဆယ်လိုနှင့် ပီအက်စ်ဂျီဗဟိုခံစစ်မှူးမာကွင်ဟိုတို့ နှစ်ဦးနေရာတွင် အစားထိုးရန် အာဆင်နယ်နောက်တန်းကစားသမား ဂတ်ဘရီးပေါ် လစ်စတာနှင့် မီနီယိုဘယ်နောက်ခံကစားသမား ဒေါက်ဂလပ်ဆန်းတိုစ်တို့ကို ခေါ်ယူထားခဲ့ခြင်းဖြစ်သည်။ မာဆယ်လိုနှင့် မာကွင်ဟိုတို့နှစ်ဦးစလုံးသည် ပေါင်ဒဏ်ရာပြဿနာကြုံတွေ့နေခြင်း ဖြစ်သည်။

ဘရာဇီးအသင်းသည် ကိုစတာရီကာအသင်း၊ အမေရိကန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချစ်ကြည်ရေးပွဲစဉ်များတွင် ဂတ်ဘရီးနှင့် ဆန်းတိုစ်တို့နှစ်ဦးစလုံးကို ထည့်သွင်းအသုံးမပြုခဲ့သော်လည်း ဂတ်ဘရီးမှာမူ မတ်လအတွင်းက ပြင်သစ်အသင်း၊ ချီလီအသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင် ဘရာဇီးအသင်းနှင့်အတူ ပွဲထွက်ကစားခဲ့သည့်ကစားသမားတစ်ဦးဖြစ်သည်။

နည်းပြဒွန်ဂါ၏ ဘရာဇီးအသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ယခု နိုဝင်ဘာလထဲတွင် အာဂျင်တီးနားအသင်း၊ ပီရူးအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဘရာဇီးအသင်းသည် ယခင်ကစားခဲ့သည့် ချီလီအသင်း၊ ဗင်နီဇွဲလားအသင်းတို့နှင့် ပွဲစဉ်များမှ ရမှတ်သုံးမှတ်သာလျှင်ရယူနိုင်ခဲ့သည်။

**နိုင်လင်းကြည်**



# စပိန်အသင်းနဲ့အတူ ပါဝင်လာဖို့ရှိနေတဲ့ ဒီယေဂိုကော်စတာ

ဘရာဇီးနွယ်ဖွား စပိန်တိုက်စစ်မှူး ဒီယေဂိုကော်စတာဟာ ပွဲပယ်ပြစ်ဒဏ်ကြောင့် နှစ်ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ပြီးပါက စပိန်လက်ရွေးစင်အသင်းနဲ့အတူ ပါဝင်လာဖို့ရှိနေပါတယ်။

အဲဒီမှာ စပိန်လက်ရွေးစင်အသင်းနည်းပြ ဒယ်ဘော့စကေးအနေနဲ့လည်း နိုဝင်ဘာ ၁၃ ရက်မှာ အင်္ဂလန်အသင်းနဲ့ ကစားမယ့်ပွဲစဉ်၊ နိုဝင်ဘာ ၁၇ ရက်မှာ ဘရက်ဆဲလ်မြို့မှာ ဘယ်လ်ဂျီယံအသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ပွဲစဉ်တွေမှာ စပိန်အသင်းနဲ့အတူ ပါဝင်လာဖို့ ချယ်လ်ဆီးအသင်းဆီကိုလည်း တောင်းဆိုထားခဲ့ပြီးဖြစ်ပါတယ်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာဟာ ပြီးခဲ့တဲ့လက ကစားခဲ့တဲ့ စပိန်အသင်းရဲ့ ဥရောပဝင်ခွင့်ခြေစစ်ပွဲနှစ်ပွဲမှာလည်း ပါဝင်လာနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် စပိန်အသင်းနည်းပြ ဒယ်ဘော့စကေးကတော့ စပိန်အသင်းနဲ့အတူ ပြန်လည်ပါဝင်လာဖို့ ပြန်လည်ခေါ်ယူခဲ့တာမို့ စပိန်အသင်းမှာ ပြန်လည်မြင်တွေ့ရဖို့ ရှိနေခဲ့ပါတယ်။

စပိန်အသင်းနည်းပြ ဒယ်ဘော့စကေးကတော့ ချယ်လ်ဆီးအသင်းတိုက်စစ်မှူး ဒီယေဂိုကော်စတာအပါအဝင် ပက်ဒရိုရိုဒရီဂွက်ဇ်၊ ပါကိုအယ်ကာဆာနဲ့ အယ်လ်ဗာရိုမော်ရက်တာတို့ကိုလည်း ခေါ်ယူခဲ့ပါတယ်။ ထို့ပြင် ဒယ်ဘိုစကေးဟာ ဆာဂျီယိုရာမို့စ်၊ အင်နီယေစတာနဲ့ ကွင်းလယ်ကစားသမား ဂျော့တို့ကိုလည်း စပိန်အသင်းနဲ့အတူ ပြန်လည်ပါဝင်လာဖို့ခေါ်ယူခဲ့ပါတယ်။

သို့သော် စပိန်အသင်းနည်းပြ ဒယ်ဘော့စကေးက ခေါ်ယူလိုသော်လည်း ဒဏ်ရာပြဿနာကြောင့် ဒေးဗစ်ဆေးလ်ဗား၊ ကာဇာဂျယ်လ်၊ မာတီနက်ဇ်နဲ့ ဆိုရီယာနိုတို့ကတော့ စပိန်အသင်းနဲ့အတူ ပါဝင်လာဖို့ မရှိပါဘူး။ သို့သော် စပိန်အသင်းယှဉ်ပြိုင်ကစားမယ့် ချစ်ကြည်ရေးပွဲစဉ်တွေဖြစ်တဲ့ အင်္ဂလန်အသင်း၊ ဘယ်လ်ဂျီယံအသင်း စတဲ့ အသင်းတွေနဲ့ ပွဲစဉ်တွေမှာ တိုက်စစ်မှူး ဒီယေဂိုကော်စတာ အပါအဝင် ချယ်လ်ဆီးအသင်း ကစားသမားတွေဖြစ်တဲ့ ဖာဘရီဂတ်စ်နဲ့ အက်ပီလီကူတာတို့လည်း စပိန်အသင်းမှာ ပါဝင်လာဖို့ရှိနေခဲ့ပါတယ်။

> **တိုက်စစ်မှူး ဒီယေဂိုကော်စတာဟာ ပြီးခဲ့တဲ့လက ကစားခဲ့တဲ့ စပိန်အသင်းရဲ့ ဥရောပဝင်ခွင့် ခြေစစ်ပွဲနှစ်ပွဲမှာလည်း ပါဝင်လာနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် စပိန်အသင်းနည်းပြ ဒယ်ဘော့စကေးကတော့ စပိန်အသင်းနဲ့အတူ ပြန်လည်ပါဝင်လာဖို့ ခေါ်ယူခဲ့တာမို့ စပိန်အသင်းမှာ ပြန်လည် မြင်တွေ့ရဖို့ ရှိနေခဲ့ပါတယ်။**



စပိန်အသင်းဟာ အင်္ဂလန်အသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားရမှာဖြစ်ပြီး ဘယ်လ်ဂျီယံအသင်းကိုတော့ အဝေးကွင်းမှာ သွားရောက်ကစားရမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်နှစ်ပွဲအတွက် စပိန်အသင်းနည်းပြ ဒယ်ဘော့စကေးအနေနဲ့ ရွေးချယ်ထားခဲ့တဲ့ ကစားသမားတွေကတော့ ဂိုးသမားနေရာမှာ ကာစီးလက်စ်၊ ဒေးဗစ်ဒီဂီယာ၊ ဆာဂျီယိုရီကို တို့ပဲဖြစ်ပါတယ်။ နောက်တန်း ခံစစ်ပိုင်းမှာတော့ ဂျာရတ်ပီကေး၊ ရာမို့စ်၊ ဂျော်ဒီအယ်လ်ဘာ၊ ဂျူအန်ဖရန်၊ ဘာထရာ၊ အက်ပီလီကူတာနဲ့ ဂတ်စပါတို့ပဲဖြစ်ပါတယ်။

ကွင်းလယ်ပိုင်းမှာတော့ စပိန်အသင်းအတွက် အားထားရတဲ့ ကစားသမားတွေအဖြစ်ရွေးချယ်ထားခဲ့တဲ့ ဘတ်စကွက်၊ ဖာဘရီဂတ်စ်၊ အင်နီယေစတာ၊ အစ္စကို၊ ကိုကီး၊ ဆန်ဂျီး၊ ကာဇိုလာ၊ အယ်လ်ကန်တာရာ၊ မာတာနဲ့ နိုလီတိုးတို့ပဲဖြစ်ပါတယ်။ တိုက်စစ်ပိုင်းမှာတော့ အယ်လ်ဗာရိုမော်ရက်တာ၊ ပက်ဒရို၊ အယ်လ်ကာဆာနဲ့ ဒီယေဂိုကော်စတာတို့ပဲဖြစ်ပါတယ်။

**ငွေကြယ်**

# ယခုနှစ် ချန်ပီယံလိဂ်တွင် ဂျူဗင်တပ်ခြေစွမ်းပြသနိုင်မည်မဟုတ်ဟု အန်စလော့တီခန့်မှန်း



ဂျူဗင်တပ်အသင်းသည် ပြီးခဲ့သည့် ဘောလုံး ရာသီတွင် ထိပ်တန်းခြေစွမ်း ပြသကာ ချန်ပီယံလိဂ် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော်လည်း လက်ရှိ ခြေစွမ်းဖြင့် ယမန်နှစ်ကအတိုင်း ထပ်မံလုပ်ဆောင်ပြရန် မလွယ်ကူကြောင်း ရီးယဲလ်နည်းပြဟောင်း အန်စလော့တီက ခန့်မှန်းခဲ့သည်။ ဂျူဗင်တပ်အသင်းသည် ပြီးခဲ့သည့်နွေဈေးကွက်တွင် တိုက်စစ်မှူး တီဗက်ဇ်၊ ပီယာလိုနှင့် ဗီဒယ်လ်တို့ကို ထွက်ခွာခွင့်ပေးပြီးနောက် ကစားသမားသစ်များပြန်လည်ခေါ်ယူကာ အထိုင်ကျရန်ကြိုးပမ်းနေသော်လည်း လက်ရှိခြေစွမ်းပိုင်းမှာ အားရစရာမရှိဘဲ ရလဒ်များဆိုးရွားနေဆဲအဆင့်မှာပင်ရှိနေသေးသည်။

"ကျွန်တော့်စိတ်ထင် ဂျူဗီအနေနဲ့ ချန်ပီယံလိဂ်မှာ ယမန်နှစ်ကလို ခြေစွမ်းမျိုးထုတ်ပြနိုင်ဖို့ ဆိုတာမဖြစ်နိုင်ပါဘူး။ သူတို့ဆုံးရှုံးထားတဲ့ ကစားသမား သုံးဦးက အသင်းမှာ အဓိကကျတဲ့ ကစားသမားတွေပါ။သူတို့က ထိပ်တန်းကစားသမားသစ်တွေ ထပ်ပြီးခေါ်ယူထားပေမယ့် ချက်ချင်းအသားကျဖို့ဆိုတာ မလွယ်ကူလောက်ပါဘူး။ နာပိုလီဆို ခြေစွမ်းအရမ်းကောင်းနေပြီး စီးရီးအေမှာလည်း သူတို့ပဲ ဗိုလ်စွဲနိုင်မယ့် အလားအလာတွေ ကျွန်တော် မြင်နေရတယ်" ဟု အန်စလော့တီက ပြောကြားခဲ့သည်။

**မေလဲ့သင်း**

## အားကစား

### နိုဝင်ဘာ ၈ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၂**

| | | |
|---|---|---|
| ဗီလာ | မန်းစီးတီး | ည-၈း၀၀ |
| လီဗာပူး | ခရစ္စတယ်ပဲလေ့စ် | ည-၁၀း၃၀ |
| အာဆင်နယ် | စပါး | ည-၁၀း၃၀ |

**စပိန်လာလီဂါ ပွဲစဉ် - ၁၁**

| | | |
|---|---|---|
| ဘီဘာအို | အက်စပန်ညို | ညနေ-၅း၃၀ |
| ဘာစီလိုနာ | ဗီလာရီးယဲလ် | ည-၉း၃၀ |
| အက်သလက် | စပို့တင်းဂီဂျွန် | ည-၁၁း၄၅ |
| ဆီဗီလာ | ရီးယဲလ်မက်ဒရစ် | နံနက်-၂း၀၀ |

**စီးရီးအေ ပွဲစဉ် - ၁၂**

| | | |
|---|---|---|
| တိုရီနို | အင်တာမီလန် | ညနေ-၆း၀၀ |
| အမ်ပိုလီ | ဂျူဗင်တပ် | ည-၈း၃၀ |
| ဖရိုစီနို | ဂျီနိုအာ | ည-၈း၃၀ |
| ပါလာမို | ချီယေဗို | ည-၈း၃၀ |
| ရိုးမား | လာဇီယို | ည-၈း၃၀ |
| ဆာစူအိုလို | ကာပီ | ည-၈း၃၀ |
| နာပိုလီ | အူဒီးနီး | ည-၁၁း၃၀ |
| ဆမ့်ဒိုးရီးယား | ဖီအိုရင်တီးနား | နံနက်-၂း၁၅ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၂**

| | | |
|---|---|---|
| ဒေ့ါမွန် | ရှော်ကေး | ည-၉း၀၀ |
| အော့စ်ဘတ် | ဝါဒါဘရီမင် | ည-၁၁း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၃**

| | | |
|---|---|---|
| ဘော်ဒိုး | မိုနာကို | နံနက်-၂း၃၀ |
| လီယွန် | စိန့်အက်တီယန် | နံနက်-၂း၃၀ |

### နိုဝင်ဘာ ၇ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၂**

| | | | |
|---|---|---|---|
| ဘုန်းမောက် | ၀ - ၁ | နယူးကာဆယ် |

**စပိန်လာလီဂါ ပွဲစဉ် - ၁၁**

| | | |
|---|---|---|
| လက်စ်ပါမက်စ် | ၂ - ၀ | ဆိုစီဒက် |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၂**

| | | |
|---|---|---|
| ဟန်နိုဗာ | ၁ - ၃ | ဟာသာဘာလင် |
| ဘိုင်ယန်မြူးနစ် | ၄ - ၀ | စတုဂတ် |
| လေဗာကူဆင် | ၁ - ၂ | ကိုလုံး |
| မိုချင်ဂလက်ဘတ် | ၀ - ၀ | အင်ဂေါ့စတက် |
| ဟော့ဖန်ဟိမ်း | ၀ - ၀ | ဖရန့်ဖတ် |
| မိန့်ဇ် | ၂ - ၀ | ဝုဖ်ဘတ် |

**ပြင်သစ် လီဂူး ပွဲစဉ် - ၁၃**

| | | |
|---|---|---|
| အန်ဂါးစ် | ၀ - ၂ | ရင်းနက်စ် |

**ချန်ပီယံရှစ် ပွဲစဉ် (၁၆)**

| | | |
|---|---|---|
| နော်တင်ဟမ် | ၁ - ၀ | ဒါဘီ |
| ဟမ်ဒါဖီးလ် | ၀ - ၃ | လိဒ်စ် |

**မောင်မောင်ဇော်**

## ရီးယဲလ်မက်ဒရစ်မှာ ကစားသမားဘဝအဆုံးသတ်မယ့် စီရိုနယ်လ်ဒို

## ပေါ်တူဂီအသင်း၏ကစားသမား ၂၃ ဦးစာရင်းတွင် ပါဝင်လာခြင်းမရှိခဲ့



တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ပြင်သစ်ပထမတန်းမှာ အချမ်းသာဆုံးအသင်းဖြစ်တဲ့ ပီအက်စ်ဂျီအသင်းနဲ့ ပရီမီယာလိဂ်မှာ ထိပ်တန်းအဆင့်ရှိအသင်းဖြစ်တဲ့ မန်ယူအသင်းတို့ကို ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေရှိနေခဲ့တယ်ဆိုတဲ့သတင်းတွေထွက်ပေါ်နေခဲ့သော်လည်း လက်ရှိကစားလျက်ရှိတဲ့ ရီးယဲလ်မက်ဒရစ်အသင်းမှာသာ ကစားသမားဘဝကို အဆုံးသတ်ဖို့ ရှိနေခဲ့တယ်ဆိုတဲ့အကြောင်း တိုက်စစ်မှူးစီရိုနယ်လ်ဒိုရဲ့ ကိုယ်စားလှယ်ဖြစ်သူက ဖွင့်ဟပြောကြားလာခဲ့ပါတယ်။

စီရိုနယ်လ်ဒိုဟာ ပီအက်စ်ဂျီနဲ့ မန်ယူကို ပြောင်းရွှေ့ဖို့ ချိတ်ဆက်မှုတွေရှိခဲ့တယ်လို့ဆိုပေမယ့် လာလီဂါမှာ ပျော်ရွှင်မှုတွေရနေတဲ့အပြင် ထိပ်တန်းအဆင့်ရှိအသင်းကြီးတစ်သင်းမှာ ကစားရတာကို နှစ်ခြိုက်မိတယ်လို့ ဆိုလာပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ပေါ်တူဂီလက်ရွေးစင်အသင်းကစားသမားဘဝကနေ အနားယူခဲ့ပြီဖြစ်ပေမယ့် လက်ရှိကစားနေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ စာချုပ်သက်တမ်းတိုးထားတာဖြစ်လို့ ၂၀၁၈ ခုနှစ်ရောက်မှသာ သက်တမ်းကုန်ဆုံးမှာဖြစ်ပါတယ်။ သူ့အနေနဲ့ အခြားကလပ်အသင်းတွေက ခေါ်ယူဖို့ စီစဉ်ခဲ့ပေမယ့် ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် သူကိုယ်တိုင်သတ်မှတ်ထားတဲ့အပြင် ရီးယဲလ်မက်ဒရစ်မှာပဲ ကစားသမားဘဝကုန်ဆုံးစေမယ်လို့ အတိအလင်းဖွင့်ဟထားခဲ့ပြီးလည်းဖြစ်ပါတယ်။

တိုက်စစ်မှူးစီရိုနယ်လ်ဒိုဟာ စွမ်းဆောင်ရည်ကောင်းတစ်ခုကို ပြသထားနိုင်ခဲ့ပေမယ့် ရုရှားအသင်း၊ လူဇင်ဘတ်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားမယ့် ချစ်ကြည်ရေးပွဲစဉ်အတွက် ပေါ်တူဂီအသင်းနည်းပြ ဖာနန်ဒိုဆန်းတို့စ် ရွေးချယ်ထားခဲ့တဲ့ကစားသမား ၂၃ ဦးစာရင်းမှာတော့ ပါဝင်လာခြင်းမရှိခဲ့ပါဘူး။ ဒ့ါအပြင် ကိုအန်ထရာအိုလည်း ဒဏ်ရာပြဿနာကြောင့် ပါဝင်လာခဲ့ခြင်းမရှိပါဘူး။ **[ငွေကြယ်]**

## ဘောလုံးပွဲကြည့်ရတာ မကြိုက်တဲ့ နေမာ

ဘာစီလိုနာတိုက်စစ်မှူးနေမာက ဘာစီလိုနာအတွက် ၎င်းဝင်ရောက်ကစားသည့်ပွဲစဉ်များကို ပြန်လည်ကြည့်ရှုသည်မှလွဲ၍ ရုပ်မြင်သံကြားမှ ဘောလုံးပွဲစဉ်များအား ကြည့်ရှုရခြင်းကို မနှစ်သက်ကြောင်း ဆိုခဲ့သည်။ နေမာက ပြီးခဲ့သည့်နှစ်က ရီးယဲလ်ဘက်သို့ အနိုင်ဂိုးသွင်းနိုင်ခဲ့ခြင်းမှာ သူ၏ငယ်အိပ်မက်ကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖွင့်ဟခဲ့သည်။ နေမာသည် လက်ရှိဘောလုံးရာသီတွင် ဘာစီလိုနာ၌ခြေစွမ်းပြနေပြီး နောက်ဆုံးကစားခဲ့သည့် ခြောက်ပွဲတွင် သွင်းဂိုးရှစ်ဂိုးအထိသွင်းယူနိုင်ခဲ့သည်။

မက်ဆီဝင်ရောက်မကစားပေးနိုင်သော ဘာကာတိုက်စစ်တွင် နေမာနှင့် ဆွာရက်ဇ်တို့နှစ်ဦးက အတွဲညီညီဖြင့်ခြေစွမ်းပြနေခြင်းကြောင့် အယ်လ်ဂလက်တီကို (ရီးယဲလ်-ဘာစီလိုနာ)ပွဲတွင် မက်ဆီဝင်ရောက် မကစားနိုင်လည်းပြဿနာမရှိကြောင်း ဘာကာပရိသတ်များက ယုံကြည်ထားသည်။သို့သော် ဘာစီလိုနာနည်းပြ အန်းနရစ်ကမူ အယ်လ်ဂလက်တီကို ပွဲစဉ်တွင် မက်ဆီဝင်ရောက်ကစားနိုင်မည်မှာသေချာကြောင်း ပရိသတ်များအား အသိပေးထားသည်။

နေမာက ဘာစီလိုနာကစားသမားဘဝ ပထမနှစ်တွင် သင်ယူလေ့လာစရာများဖြင့်သာ အချိန်ကုန်ဆုံးခဲ့ကြောင်း၊ သို့သော် နောက်ပိုင်းနှစ်များတွင် ရည်မှန်းထားသကဲ့သို့ အကောင်းဆုံး ကစားနိုင်ခဲ့သဖြင့် ပျော်ရွှင်ကျေနပ်မိကြောင်း၊ ရီးယဲလ်ဘက်သို့ ဂိုးသွင်းနိုင်သည့် ခံစားချက်မှာ သူ၏ကစားသမားဘဝတစ်လျောက် အကောင်းဆုံးအခိုက်အတန့်ကို ပိုင်ဆိုင်ခဲ့ရခြင်းဖြစ်



ကြောင်း၊ ရီးယဲလ်အပြင် အခြားမည်သည့် အသင်းများ ၏ ပွဲစဉ်များကိုမျှစောင့်ကြည့်လေ့ မရှိဘဲ ကိုယ်ပိုင်အချိန်များကို ၎င်းစိတ်ကြိုက်ပုံစံဖြင့် သာ အသုံးချလေ့ရှိကြောင်း နေမာက ဖွင့်ဟခဲ့သည်။ **[မေလှဲ့သင်း]**

## အာဆင်နယ်မှာခြေစွမ်းပြနိုင်တဲ့ လျှို့ဝှက်ချက်ကို ထုတ်ပြောလိုက်တဲ့ အိုဇေးလ်

အာဆင်နယ်ကွင်းလယ် ကစားသမားမီဆပ်အိုဇေးလ်က ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းကောင်းပြနိုင်ခဲ့ခြင်းမှာ အဝတ်လဲခန်းအတွင်း ရရှိခဲ့သော အသင်းလိုက်စိတ်ဓာတ်ကြောင့်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါ ဂျာမနီလက်ရွေးစင်ကစားသမားက ပရီမီယာလိဂ်ပွဲစဉ်(၁၀)ပွဲတွင် ဂိုးဖန်တီးမှု ကိုးကြိမ်အထိပြုလုပ်ကာ ကိုယ်တိုင်လည်းဂိုးသွင်းယူနိုင်ခဲ့သဖြင့် အောက်တိုဘာလအတွက် ဥရောပ၏ အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်ခံခဲ့ရသည်။

အိုဇေးလ်က ၎င်းအနေဖြင့်ပြီးခဲ့သည့်ဘောလုံးရာသီတွင် ဒူးဒဏ်ရာကြောင့် ပုံမှန်ခြေစွမ်းပျောက်ဆုံးခဲ့ကာ ဝေဖန်မှုများဆက်တိုက်ခံခဲ့ရသော်လည်း ရာသီကြိုခြေစမ်းပွဲများနှင့် အဝတ်လဲခန်းအတွင်းရရှိသော အသင်းလိုက်စိတ်ဓာတ်ကြောင့် ယခုကဲ့သို့ခြေစွမ်းမှန်ရရှိလာခြင်းဖြစ်သည်ဟု ယုံကြည်နေသည်။

"ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ရရှိခဲ့တဲ့ ဒူးဒဏ်ရာက ကျွန်တော့်ရဲ့ခြေစွမ်းအပေါ် သက်ရောက်မှုရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ ဒဏ်ရာကင်းစင်နေပြီး ကျွန်တော့်ရဲ့ခြေစွမ်းတွေလည်း တိုးတက်လာခဲ့ပါတယ်။ ကျွန်တော်တို့က အဝတ်လဲခန်းမှာ မိသားစုတစ်စုလိုပဲချစ်ခင်စိတ်၊ တိုက်ပွဲဝင် စိတ်တွေနဲ့ ချည်နှောင်လာကြတော့ ကျွန်တော့်ရဲ့ခြေစွမ်းတွေလည်းပိုပြီး တိုးတက်လာခဲ့တာဖြစ်ပါတယ်။ဒါကဘာကို ပြသလဲဆိုရင် ဘယ်သူမဆို ကိုယ်ချစ်ခင်စိတ်ရှိတဲ့ အရာတစ်ခုအတွက် ဒါမှမဟုတ်အသင်းတစ်ခုအတွက် ပေးဆပ်ချင်စိတ်တွေလည်း ပိုဖြစ်ထွန်းလာတတ်တာပဲ။ အခုဆို အာဆင်နယ်အတွက် ပိုမိုပေးဆပ်ချင်စိတ်တွေ ကျွန်တော့ရင်ထဲ အပြည့်ပါပဲ"ဟု အိုဇေးလ်က အာဆင်နယ်ဝက်ဘ်ဆိုက်မှတစ်ဆင့်ပြောကြားခဲ့သည်။ **မေလှဲ့သင်း**



## ဟယ်ရီကိန်းရဲ့ သတင်းကိုဖတ်ခဲ့ပြီးနောက် စိတ်ဆိုးနေတဲ့ အာစင်ဝင်းဂါး

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးဟာ တော့တင်ဟန်တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ အာဆင်နယ်အသင်းက ဖွင့်လှစ်ထားတဲ့ သင်တန်းကျောင်းမှာ တက်ရောက်ခဲ့ဖူးတဲ့အကြောင်းကို သတင်းစာမှာ ဖတ်ရှုခဲ့ရပြီးတဲ့နောက် အသင်းအနေနဲ့ ယခုလိုအားကစားကြယ်ပွင့်တစ်ဦးကို လက်လွှတ်ခဲ့တဲ့အပေါ် စိတ်ဆိုးမိတယ်လို့ နိုဝင်ဘာ ၆ ရက်က ဖွင့်ဟခဲ့ပါတယ်။

ဟယ်ရီကိန်းဟာ သူရဲ့ငယ်ဘဝမှာ အာဆင်နယ်အသင်းကတည်ထောင်ထားတဲ့ ဘောလုံးသင်တန်းကျောင်းမှာ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ရှစ်နှစ်သားအရွယ်က စတင်တက်ရောက်ခဲ့ပြီး တစ်နှစ်ကျော်ကြာပြီးတဲ့နောက်မှာ တော့တင်ဟမ်ဟော့စပါးအသင်းရဲ့ သင်တန်းကျောင်းကို ပြောင်းရွှေ့တက်ရောက်ခဲ့တာပါ။

အာစင်ဝင်းဂါးက "ကျွန်တော်အရင်က ဒီသတင်းကို မသိခဲ့ဘူး။ မနေ့ကမှ သတင်းစာမှာ ဖတ်လိုက်ရလို့သိခဲ့တာ။ တစ်ခါတစ်လေ တကယ်ကိုကောင်းမွန်တဲ့ သတင်းအချက်အလက်တွေကို ကျွန်တော်တို့သတင်းစာတွေကနေ ရနိုင်တယ်။ ကျွန်တော်ဟယ်ရီကိန်းအကြောင်းကို သိလိုက်ရတော့ တော်တော်ရယ်ချင်သွားတယ်။ တစ်ချိန်တည်းမှာ ဒေါသလည်းတော်တော်ထွက်မိတယ်။ အခုအချိန်မှာ အလားအလာကောင်းနေတဲ့ကစားသမားတစ်ဦးကို ကျွန်တော်တို့အသင်းအနေနဲ့ လက်လွှတ်ခံခဲ့လို့လေ။ ဘာ့ကြောင့်သူ့ကို ထွက်သွားခွင့်ပေးခဲ့တာလဲလို့ မေးခွန်းတွေလည်း ထုတ်နေမိခဲ့တယ်။ ဒါပေမယ့်လည်း ကိုးနှစ်အရွယ်ကလေးတစ်ဦးအနေနဲ့ မိဘတွေနေတဲ့အရပ်ဒေသတွေကို လိုက်ပါပြောင်းရွှေ့နေရတာဆိုတော့ ဟိုရောက်လိုက်ဒီရောက်လိုက်ဖြစ်တတ်ပါတယ်"လို့ အင်ဒီပန်းဒန့်စ်ဒေ့ါကွန်းကို ရင်ဖွင့်ခဲ့ပါတယ်။

ဆက်လက်ပြီး အာစင်ဝင်းဂါးက ဟယ်ရီကိန်းဟာ တစ်ချိန်မှာ ထိပ်တန်းကစားသမားတစ်ဦးဖြစ်လာနိုင်ခြေရှိပြီး လတ်တလောမှာ အာဆင်နယ်အသင်းအနေနဲ့ ဟယ်ရီကိန်းကို ခေါ်ယူနိုင်မယ့်အခွင့်အရေးနည်းနည်းတော့ရှိနေသေးပါတယ်လို့လည်း ပြောကြားခဲ့ပါတယ်။ **[ခင်ခင်သက်]**



# သီချင်းတစ်ပုဒ်နဲ့နှုတ်ဆက်လိုက်တဲ့ One Direction



ဗြိတိန်အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "One Direction" ဟာ အနုပညာလုပ်ငန်းတွေကို ခေတ္တရပ်နားထားမှာဖြစ်တယ်လို့ကြေညာပြီးတဲ့နောက် ပရိသတ်ကို နှုတ်ဆက်တဲ့အနေနဲ့ သီချင်းတစ်ပုဒ်ကို ထုတ်လွှင့်ခဲ့ပါတယ်။

သီချင်းရဲ့အမည်ကိုတော့ "History"လို့ပေးထားပြီး နိုဝင်ဘာ ၆ ရက် သောကြာနေ့က အွန်လိုင်းကနေ တစ်ဆင့်ထုတ်လွှင့်ခဲ့တာပါ။

အဆိုပါသီချင်းဟာ "One Direction"ရဲ့ ပဉ္စမမြောက် တေးအယ်လ်ဘမ်"Made In the A.M" မှာ ပါဝင်တဲ့သီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ အဖွဲ့ရဲ့ငါးနှစ်တာကာလအတွင်း အနုပညာလှုပ်ရှားမှုတွေနဲ့ ဘဝဖြတ်သန်းခဲ့ရပုံတွေကို ရေးစပ်သီဆိုထားတဲ့ ယင်းသီချင်းရဲ့အစမှ အဆုံးတိုင် "One Direction" အဖွဲ့သားတွေက စည်းချက်ကျကျလက်ခုပ်တီးပြီး သီဆိုထားကြပါတယ်။

အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်လ်က ယင်းသီချင်းနှင့်တွဲဖက်၍ "ပရိသတ်ကြီးက ကျွန်တော်တို့ကို အများကြီးကူညီခဲ့ပါတယ်။ နှုတ်ဆက်ရတဲ့အတွက် ကျွန်တော်တကယ်ကို စိတ်မကောင်းဖြစ်ရပါတယ်"လို့ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာမှာ ဖော်ပြခဲ့ပါတယ်။

ဆက်လက်ပြီး အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီယမ်ကလည်း ယင်းသီချင်းရဲ့ ကောရက်စ်အပိုဒ်မှာ ပရိသတ်များအား ပါဝင်သီဆိုစေခဲ့ကြောင်း၊ ပရိသတ်များကို အဖွဲ့၏အသံသွင်းခန်းမသို့ခေါ်ဆောင်ကာ ယခုကဲ့သို့ အတူသီဆိုစေရန် မိမိက အကြံပေးခဲ့ခြင်းဖြစ်ကြောင်းနဲ့ ပရိသတ်များ တစ်စိတ်တစ်ပိုင်းပါဝင်သီဆိုထားသည့် သီချင်းဖြင့်ပင် အဖွဲ့၏နောက်ဆုံးထွက်ရှိသော တေးအယ်လ်ဘမ်ကို အဆုံးသတ်လိုက်ကြောင်း ပြောကြားခဲ့ပါတယ်။

## လီဟွန်ကီရဲ့တေးအယ်လ်ဘမ်မှာ ပါဝင်သရုပ်ဆောင်မယ့်ပတ်ရှင်ဟေး



"You Are Beautiful"ရုပ်ရှင်မှ ပတ်ရှင်ဟေးနှင့် လီဟွန်ကီ။

တောင်ကိုရီးယားမင်းသမီးချော ပတ်ရှင်ဟေးဟာ အဆိုတော်လီဟွန်ကီရဲ့ ဆိုလိုတေးအယ်လ်ဘမ်မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်တယ်လို့ ဒရမ်မာဖီဗာ ဒေ့ါကွန်းကဖော်ပြခဲ့ပါတယ်။

ယခုထုတ်လုပ်မယ့်တေးအယ်လ်ဘမ်ဟာ တောင်ကိုရီးယားအမျိုးသား ပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ FTISLAND ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီဟွန်ကီရဲ့ ပထမဦးဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်တာမို့ ပတ်ရှင်ဟေးဟာ မအားလပ်တဲ့ကြားက သူငယ်ချင်းဖြစ်သူအတွက် ကူညီတဲ့အနေနဲ့ ပါဝင်သရုပ်ဆောင်ပေးခဲ့တာဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ "You Are Beautiful"ရုပ်ရှင်မှာ အတူတွဲဖက်သရုပ်ဆောင်ခဲ့ရင်း သူငယ်ချင်းတွေဖြစ်ခဲ့ကြတာပါ။ ယင်းရုပ်ရှင်မှာ ပတ်ရှင်ဟေးဟာ ယောကျ်ားလေးလို ဟန်ဆောင်ထားတဲ့ ကောင်းမလေးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။ ယခုတစ်ကြိမ်အတူတွဲဖက်သရုပ်ဆောင်ခြင်းဟာ "You Are Beautiful "ရုပ်ရှင်ပြီးနောက် ခြောက်နှစ်တာကာလအတွင်း သူတို့နှစ်ဦးရဲ့ ပထမဦးဆုံးအကြိမ်ပြန်လည်တွဲဖက်သရုပ်ဆောင်ခဲ့တာလည်း ဖြစ်ပါတယ်။ ယခုရိုက်ကူးသွားမယ့် တေးဗီဒီယိုမှာတော့ သူတို့နှစ်ဦးကို ချစ်သူတွေအဖြစ် မြင်တွေ့ကြရမှာပါ။ ယင်းတေးဗီဒီယိုကိုတော့ နိုဝင်ဘာလလယ်ပိုင်းလောက်မှာ ထုတ်လွှင့်သွားဖို့စီစဉ်ထားပါတယ်။

## စကားလက်ဂျိုဟန်ဆန်၏ ရုပ်ရှင်သစ်

### " Control Alt Delete "



ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးဖြစ်သူ မင်းသမီး စကားလက်ဂျိုဟန်ဆန်သည် ရုပ်ရှင်သစ် " Control Alt Delete " တွင် ခေါင်းဆောင်မင်းသမီးအဖြစ်ပါဝင်သရုပ်ဆောင်သွားရန် ရွေးချယ်ခံရသူများစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်နေသည်။

ယင်းရုပ်ရှင်တွင် မင်းသမီးသည် လွတ်လပ်သော ဂိမ်းရေးဆွဲသူတစ်ဦးဖြစ်သည့် ဇိုကွမ်န် နေရာမှ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါရုပ်ရှင်သည် အမေရိကန်လူမျိုး ဂိမ်းရေးဆွဲသူတစ်ဦးဖြစ်သည့် ဇိုကွမ်န်၏အကြောင်းကို ပြန်လည်ရိုက်ကူးထားသည့် အထ္ထုပ္ပတ္တိရုပ်ရှင်အမျိုးအစားဖြစ်ပြီး ဆိုက်ဘာတိုက်ခိုက်ရေးအပေါ်အခြေခံကာ ဇာတ်လမ်းဆင်ဖန်တီးထားသည့် ရုပ်ရှင်ဖြစ်သည်။ ယင်းရုပ်ရှင်၏အဓိက ဇာတ်ဆောင်ဖြစ်သော ဇိုကွမ်န်သည် ဗီဒီယိုဂိမ်းလောကတွင် အမျိုးသမီးဂိမ်း ဇာတ်ကောင်များကို ဆွဲဆောင်မှုရှိသည့် ဇာတ်ကောင်များအဖြစ် စတင်ဖန်တီးခဲ့သည့် ဂိမ်းရေးဆွဲသူတစ်ဦးလည်း ဖြစ်သည်။

အေးပြည့်

ရေးသားသည်

## နေ့စဉ်အမေရိကန်ဒေါ်လာ ငါးရာကို ဆံပင်ညှပ်ရန် သုံးစွဲတဲ့ ကန်ရီဝက်စ်ထ်

ဟစ်ဟော့ပ်အဆိုတော် တစ်ဦးဖြစ်သူ ကန်ရီဝက်စ်ထ်ဟာ သူ့ရဲ့ဆံပင်ကို နေ့စဉ်ညှပ်လေ့ရှိပြီး ဆံပင်ညှပ်ဖို့အတွက်လည်း အမေရိကန်ဒေါ်လာငါးရာအကုန်အကျခံရကြောင်း ပေါ့ပ်အဆိုတော် ရီဟားနား၏ဖခင်ဖြစ်သူက ထုတ်ဖော်ပြောကြားခဲ့သည်။

ကန်ရီဝက်စ်ထ်၏ တစ်ခေါင်းလုံးအပြောင်ရှင်းထားသည့် ဆံပင်ပုံစံကြောင့် သူ့အနေဖြင့်နေ့စဉ်ဆံပင်ညှပ်ရန်လိုအပ်ခြင်းဖြစ်သည်။

ရီဟားနား၏ဖခင်ဖြစ်သူ ရိုနယ်လ်ဖန်ဒီက "ကန်ရီက သူ့ဆံပင်ညှပ်ဖို့ ဆံသဆရာကို နေ့တိုင်း အမေရိကန်ဒေါ်လာ ငါးရာပေးတယ်။ သူဘာကြောင့် ဆံပင်ညှပ်ဖို့ ဒီလောက်ပိုက်ဆံအကုန်အကျ ခံတာလည်းဆိုတာ ကျွန်တော်နားမလည်ဘူး။ ကန်းရီအနေနဲ့ကတော့ နေ့စဉ်နဲ့အမျှ လတ်ဆတ်တဲ့ပုံစံသစ်ကို ကြိုက်လို့နေမှာပါ" ဟု ဗြိတိန်မဂ္ဂဇင်းတစ်ခုနှင့်ပြုလုပ်ခဲ့သော အင်တာဗျူးတွင် ပြောကြားခဲ့သည်။



## ရုပ်မြင်သံကြားအစီအစဉ်များ

[၈ - ၁၁ -၂၀၁၅ (တနင်္ဂနွေနေ့)]

### MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၄၀ "မဟာသတိပဋ္ဌာနသုတ္တန်" (အပိုင်း-၄)တရားတော်[မြမ္ဘူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ)
၈:၀၀ Cartoon Series(English Playgryund)
၈:၃၅ Cartoon Series(Go Torara Go)
၉:၃၅ Weekly Sport Diary
၁၀:၅၀ ရန်ကုန်မြင်ကွင်းကျယ်
၁၁:၀၀ Star တို့ရဲ့လက်ရာ
၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၃၅+၃၆)
၂:၂၀ World of Knowledge (Megastructures Gardens By The Bay)
၃:၄၅ Healthy Life (ကမ္ဘာ့ဆီးချို၊ သွေးချို၊ ကာကွယ်ထိန်းသိမ်းရေးနေ့ ဆွေးနွေးပွဲ)
၆:၀၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၅)
၇:၁၅ Fashion Week(Designer Yone Yone)
၇:၃၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး"[အသည်းစားဘုရင် (အပိုင်း-၁)]
၈:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၂၉)
၈:၅၀ Girl Collection Feat:SEAN KINGSTON[Fashion&Music Festival Show(Part-3)]
၉:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၃၇+၃၈)
၁၁:၂၀ MRTV-4 Stage
၁၁:၄၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းအိုးအမြင့်ဖြင့် ပန်းများနွယ်ကျသောပုံပြင်ဆင်ခြင်း)
၀၁:၅၀ World of Knowledge (Megastructures Gardens By The Bay)
၀၄:၄၅ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (တရားမြတ်၏ ရောင်ခြည်တော် မဟာဓမ္မရံစေတီအိမ်ရာတော်စေတီတော်)

### မြဝတီ

၆:၀၃ တရားတော်
၆:၁၅ မေတ္တာပို့
၆:၂၅ ဓမ္မပူဇာတေး
၆:၃၀ ကိုယ်လက်လှုပ်ရှား အားကစား
၆:၃၅ မျိုးချစ်တပ်မတော်
၆:၄၅ မြန်မာသံစဉ်ချိုနားဝင်
၇:၁၀ အမျိုးသားရေးတေးကဗျာ
၈:၁၅ စိုက်ပျိုးသုတ
၈:၂၅ DVD Hits
၈:၃၅ အင်္ဂလိပ်စာသုတ
၁၁:၀၀ English For Myanmar
၁၁:၁၅ Lucky Door
၁၂:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ကြေကွဲဖွယ်အမှတ်တရ
၁၃:၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မေတ္တာသင်္ချေ (အပိုင်း-၇)
၁၄:၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄:၂၅ လျှပ်တစ်ပြက်
၄:၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂါလီမာ (အပိုင်း-၇၆)
၅:၄၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆:၁၀ ဘဝကြေးမုံ
၆:၃၅ လူစွန့်စားခရီးသွားနေသည်
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂျောင်းဒိုဂွန်း (အပိုင်း-၄၆)
- ဋ္ဌဥဗ အင်္ဂလိပ်စာသင်ခန်းစာ
- ပဟေဠိနန်းတော်
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရာဇဝင်တွင်မည့်နိမိတ်သခင် (အပိုင်း-၁၆)

### mitv

04:03 News
04:19 Continuation In Rural Tradition
04:55 Scented Buddha Images
05:03 News
05:19 To The Land Of Countless Temples - Bagan Trip (Ep-2)
05:47 Shop Shop Shop - Bogyoke Market
06:03 News
06:17 Live "Election Special Programme"
06:38 Visiting A Serence Village In The Northwest Of Myanmar
06:53 Myanmar Harpist
07:03 News
07:18 Let's Cook (EP-9) Crispy Deep-Fried Calamari Rings with Tartar Sauce & Apple Mint Mojito & Blue Lagoon Mocktails
07:51 Black Gold (Part - I)
08:03 News
08:18 The Stories Of The Great Souls (Daw Saw Mone Nyin -A Living Literary Legend Of Myanmar)
08:50 Myanmar Masterclass: Artist Khin Maung Za
10:03 News
10:26 Writer, Philanthropist: Daw Than Myint Aung (Part - I)
10:53 Kyauk Phyu Township
03:03 News
03:26 Gold: King Of All Metals
03:56 Paper Flower

မှုခင်း

# အောက်တိုဘာလအတွင်း လူကုန်ကူးမှု ၁၆ မှု ဖြစ်ပွားခဲ့ပြီး အဓမ္မလက်ထပ်ခိုင်းစေမှု ရှစ်မှုဖြစ်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၇**

လူကုန်ကူးမှု၊ လူပွဲစားမှုများအား အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် စီမံချက်ရေးဆွဲတားဆီးမှုများ ဆောင်ရွက်နေသော်လည်း မသမာသူ ဝိသမစီးပွားရေး သမားများကြောင့် အမျိုးကောင်းသားသမီးများ ဒုက္ခ ရောက်ကြသည်ကို လစဉ်ကြားသိနေရသည်။

သို့ပါ၍ အဆိုပါ လူပွဲစား၊ လူကုန်ကူးသူများကို ဥပဒေအရ အရေးယူနိုင်ရန်အတွက် ပြည်သူများကလည်း ဝိုင်းဝန်းကူညီကြရန် လိုအပ်ပေသည်။ ထိုမှသာ လူကုန်ကူး မှုလုပ်ငန်းများ တဖြည်းဖြည်းလျော့နည်းသွားမည်ဖြစ်ပြီး လူပွဲစားများကို ဥပဒေအရ ထိထိရောက်ရောက် အရေးယူ နိုင်မည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ တစ်နိုင်ငံလုံးတွင် လူကုန်ကူးမှု ၁၀၅မှု ဖြစ်ပွားခဲ့ရာ အောက်တိုဘာလတွင် အမှုပေါင်း ၁၆ မှု ဖြစ်ပွားခဲ့ သည်။

လူကုန်ကူးမှုအမျိုးအစားများအနေဖြင့် အဓမ္မခိုင်း စေမှု၊ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေမှု၊ အဓမ္မ လက်ထပ်ခိုင်းစေမှုများဖြစ်ပြီး အဓိကအားဖြင့် ထိုင်းနိုင်ငံ သို့ အဓမ္မခိုင်းစေမှုတစ်မှု၊ တရုတ်နိုင်ငံသို့ အဓမ္မလက်ထပ် စေမှု ရှစ်မှု၊ မလေးရှားနိုင်ငံသို့ အဓမ္မခိုင်းစေမှု ငါးမှုတို့ဖြစ် ပြီး ပြည်တွင်း၌ အဓမ္မခိုင်းစေမှု တစ်မှု၊ ပြည့်တန်ဆာမှု တစ်မှု စုစုပေါင်း လူကုန်ကူးမှု ၁၆ မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ လူကုန်ကူးမှုကြောင့် တရားခံ အမျိုးသား၊ အမျိုးသမီးစုစုပေါင်း ၂၄ဦး ဖမ်းဆီးရမိခဲ့ပြီး တရားခံ ပြေးအဖြစ် ၁၇ ဦးရှိခဲ့ရာ အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့က ဆောင် ရွက်လျက်ရှိသည်။ လူကုန်ကူးခံရသူ လူကြီး၊ လူငယ်၊ ကလေးစုစုပေါင်း ၄၀ ရှိခဲ့ပြီး ၎င်းအထဲမှ ၃၅ ဦးကို ပြန် လည် ကယ်ထုတ်နိုင်ခဲ့သည်။

သို့ပါ၍ လူကုန်ကူးမှု လူပွဲစားများအန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရန် ကလေးသူငယ်များအား အုပ်ထိန်းသူများက ကြီးကြပ်စောင့်ရှောက်ရန် လိုအပ်သကဲ့ သို့ လူငယ်များအနေဖြင့်လည်း အသွားအလာ ဆင်ခြင် သင့်ပေသည်။ ပြည်သူများအနေဖြင့် ရိုးသားမှုကို အခွင့် ကောင်းယူ၍ လူအချင်းချင်းလှည့်ပတ်၍ "ဘယ်နိုင်ငံကို အလုပ် ရမယ်၊ လုပ်အားခဘယ်လောက်ရမယ်"ဆိုသည့် မက်လုံး ပေးစည်းရုံးမှုများကို သတိထားကြရန် လိုအပ်သည်။ လူကုန်ကူးရန် သိမ်းသွင်းသော လူပွဲစားများ တွေ့ရှိပါက မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့သို့ အချိန်မီတိုင်ကြားရမည် ဖြစ်သည်။

**သန်းဦး (လေးမျက်နှာ)**

# လဲချားမြို့တွင်စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကျော် သိမ်းဆည်းရမိ



**လဲချား နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ မြို့မရဲစခန်း မှ ဒုရဲအုပ်သုနောင်မိုး ဦးစီးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူ များ ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၅ရက် နံနက် ၁၁နာရီခွဲခန့်က လဲချား-တောင်ကြီး မျိုးဆက်သစ်ယာဉ်ငယ် ဂိတ်အနီးတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် တောင်ကြီး သို့ ပါဆယ်ပစ္စည်းထုပ် လာရောက်အပ်နှံသူ စိုင်းမောင်ညွန့် အား ရှာဖွေစစ်ဆေးရာ ၎င်းအပ်နှံသည့် i Phone 4S တံဆိပ်ပါအဖြူရောင် စက္ကူဘူးအတွင်းမှ NOKIA အမျိုး အစားဆင်းကတ်မပါ အနက်ရောင် ဟန်းဆက်တစ်လုံး၊ အနက်ရောင်နားကြပ် တစ်ခု၊ အဖြူရောင်အားသွင်းကြိုး တစ်ခုနှင့် ဖုံးအုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀နှင့် ၎င်းကိုင်ဆောင်ထားသော ZET အမျိုးအစား အနက်ရောင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ သော စိုင်းမောင်ညွန့်(၂၄) နှစ် ရပ်ကွက်(၁) လဲချားမြို့နေ သူအား လဲချားမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှု ဖွင့် အရေးယူထားကြောင်း သိရသည်။

**(မစု)**

# ရှေ့မှမောင်းနှင်နေသောဆိုင်ကယ်အား နောက်မှ ယာဉ်တစ်စီးက ဝင်တိုက်၊ တစ်ဦးသေဆုံး

**မကွေး နိုဝင်ဘာ ၇**

မကွေးမြို့ ကန်သာရပ်ကွက်တွင် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ရှေ့မှမောင်းနှင်နေသောဆိုင်ကယ် အား နောက်မှ ယာဉ်တစ်စီးကဝင်တိုက် ပြီး ထွက်ပြေးသွားခဲ့သဖြင့် ဆိုင်ကယ် ပေါ် စီးနင်းလိုက်ပါလာသူ အမျိုးသား တစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် နံနက် ၂ နာရီခွဲက မကွေးမြို့ ကန်သာရပ်ကွက် သစ္စာလမ်းရှိ ရင်ခွင် ဦးလက်ဖက်ရည်ဆိုင်အနီး ယာဉ် မောင်း(အမည်မသိ) နေရပ်လိပ်စာ (စုံစမ်းဆဲ)မောင်းနှင်ပြီး အလယ်တွင် ကျော်ဇောနိုင်(၂၀)နှစ် မကွေးမြို့ နေသူနှင့် နောက်တွင် သူရမျိုးဇော် (၂၀)နှစ် တပ်မ(၈၈)ဝင်းနေသူတို့ လိုက်ပါလာသည့် ၂၃ယ/ ---- ကန်ဘို၁၁၀ (အစိမ်းရောင်) ဆိုင်ကယ် သည် သစ္စာလမ်းအတိုင်း ပြည်တော် သာ လမ်းဘက်မှ အထက(၁)လမ်းသို့ မောင်းနှင်လာစဉ် အဆိုပါလမ်း အတိုင်းနောက်မှ ယာဉ်မောင်း(အမည် မသိ) ယာဉ်နံပါတ်(စုံစမ်းဆဲ)အဖြူ ရောင် ယာဉ်ငယ်တစ်စီးက ဝင်တိုက် ထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ဆိုင်ကယ်မောင်းသူ နှင့် ကျော်ဇောနိုင်တွင် ဒဏ်ရာများရရှိ ခဲ့ပြီး ဆိုင်ကယ် နောက်ဖျားမှ လိုက် ပါလာသော သူရမျိုးဇော်တွင် (စိုးရိမ် ရ) ဒဏ်ရာ များရရှိခဲ့သဖြင့် မကွေး ပြည်သူ့ဆေးရုံသို့တင်ပို့ဆေးကုသမှု ခံယူစဉ် သူရမျိုးဇော်မှာရရှိသော ဒဏ်ရာဖြင့် ယင်းနေ့ နံနက် ၈ နာရီ တွင်သေဆုံးသွားခဲ့သဖြင့် မကွေး မြို့နယ် မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**




# မီးပွားလွင့်စင်ရာမှ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက်တွင် နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီ ၄၀ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရ သည်။ ဖြစ်စဉ်မှာ အဆိုပါရပ်ကွက်နေ မနှင်းယုလွင်(၂၆)နှစ်၏ (၃×၃)ပင်၊ သွပ်မိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်း နေအိမ်ရှိ မီးသွေးမီးဖိုပေါ်တွင် ရေနွေးအိုးတည်ထားစဉ် မီးဖိုမှ မီးပွား လွင့်စင်ရာကတစ်ဆင့် ဝါးထရံသို့ မီးကူးစက် လောင်ကျွမ်းခဲ့ခြင်းဖြစ် ကြောင်း သိရှိရပြီး မီးလောင်မှုကြောင့် လူနေအိမ်တစ်လုံးမီးလောင်ဆုံးရှုံးခဲ့ သည်။ မီးလောင်ရာသို့ သရက်ခရိုင် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ် တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဆိုင်ကယ်စီးအမျိုးသမီးထံမှ လက်ကိုင်ဖုန်းလုယူထွက်ပြေးသူအားဖမ်းမိ

**မန္တလေး နိုဝင်ဘာ ၇**

ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းမှ ဒုရဲအုပ်ကျော်ထက်နှင့်အဖွဲ့သည် နိုဝင်ဘာ၄ရက် ညနေ ပိုင်းက ချမ်းအေးသာစံမြို့နယ် တရားရုံးအနီးတွင် ဝေဖြိုး(ခ)ဝေဖြိုးအောင် (၁၉)နှစ် (၈၃)လမ်း၊(၃၃)လမ်းနှင့် (၃၄)လမ်းကြားထီးဝင်းရပ် ချမ်းအေး သာစံမြို့နယ်နေသူ အား ဖုန်းတစ်လုံးနှင့်အတူ မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်မေးရာလွန်ခဲ့သည့် နှစ်လခန့် ညပိုင်းက ကျော်စိုးအောင် မဟာအောင်မြေမြို့နယ်နေသူနှင့်အတူ မဟာမုနိဘုရားကြီး မြောက်ဘက်မုခ်အနီး ကလစ်ဆိုင်ကယ် စီးလာသူ အမျိုးသမီးတစ်ဦး၏ ဆိုင်ကယ်ရှေ့အံဝှက် အတွင်းမှ ဆမ်ဆောင်းဖုန်းတစ်လုံးအား လုယူထွက်ပြေးခဲ့ ကြောင်း ပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းအား သိမ်းဆည်းပြီး ဝေဖြိုး(ခ)ဝေဖြိုးအောင်နှင့်ကျော်စိုးအောင် တို့အား ချမ်းမြသာစည်မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိ ကြောင်း သိရသည်။


**မောင်ပြည်သူ(မန္တလေး)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ**

**အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ်**
**မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေး**
**နှင့်**
**ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား**
**ဖိတ်ကြားလွှာ**

ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မိဘဆရာ အသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသူ၊ ကျောင်းသားများ၏ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၂၁-၁၁-၂၀၁၅ရက် (စနေနေ့)၊ နံနက် ၈း၀၀နာရီတွင်လည်းကောင်း၊ နံနက် ၁၁း၀၀နာရီတွင် G 3မှ G10အထိ ပတ်လည်ထူးချွန်၊ ဘာသာရပ်ထူးချွန် ကျောင်းသား၊ ကျောင်းသူများ၏ ဆုချီးမြှင့်ခြင်း အခမ်းအနားကို သရဖီခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက် ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

မိဘဆရာအသင်း
အထက(၂)ကမာရွတ်



# သွေးတိုးရောဂါရှိ၊ မရှိ သိနိုင်သောအချက်များ

**à** ကြည်လွင်မြင့်(မုဒြာ)

အလစ်အငိုက်သွေးတိုးဆောင့်တက်ပြီး လေဖြတ်ကာ အသက်မသေသော်လည်း ဒုက္ခိတဘဝ ရောက်ရသူများစွာ တွေ့ဖူးသည်။ ထိုသူများတွင် ကျန်းမာရေးဗဟုသုတ နည်းပါးသော တောနေ ဆင်းရဲသားလူတန်းစားများပါ ရှိသကဲ့သို့ ပညာတတ်မြို့နေလူတန်းစားအချို့လည်းပါဝင်သည်ကို တွေ့ရသည်။ ထိုသူများသည် အလုပ်နှင့် စီးပွားရေးကိုသာ ဂရုစိုက်နေသူများဖြစ်ပြီး ကျန်းမာရေးကို ဂရုမစိုက် လျစ်လျူရှုထားမိသူများဖြစ်သည်။

သွေးတိုးရောဂါနှင့် လေဖြတ်သူများကို လေ့လာကြည့်သောအခါ

(၁) သွေးတိုးရောဂါဝင်နေသည်ကို သတိမပြုမိသူ၊
(၂) သွေးတိုးရောဂါဝင်နေသည်ကို သိသော်လည်း သွေးတိုးကျဆေးကို ပုံမှန်မသောက်သူ၊
(၃) သွေးတိုးကျဆေးသောက်သော်လည်း မိမိနှင့် သင့်တော်မှန်ကန်သော သွေးတိုးကျဆေး မဟုတ်ဘဲ လွဲမှားသည့် (သို့မဟုတ်) စံချိန်စံညွှန်းမမီသည့် သွေးတိုးကျဆေးကို သောက်သုံး နေမိသူ၊
(၄) သွေးပေါင် နေ့စဉ် ပုံမှန်ချိန်ခြင်း၊ ဆရာဝန်၊ သမားတော်နှင့်တိုင်ပင်ကုသခြင်း မဟုတ်ဘဲ ဆေးအရောင်းဆိုင်မှ ပေးသောဆေး၊ ကြော်ငြာရောင်းချသောဆေးများကို သုံးစွဲနေသူများ၊
(၅) ပုံမှန်သွေးကျဆေးသောက်သုံးနေစဉ်ပင် ရာသီဥတုဆိုးရွားခြင်း၊ အအေးပတ်ခြင်း၊ အလွန်ဆိုးရွားသော အစားအသောက်များယွင်းခြင်းတို့ကြောင့်လည်း ရုတ်တရက် သွေးဆောင့် တိုးပြီး လေဖြတ်ရသူ စသည့်အခြေအနေငါးမျိုးကို လေ့လာတွေ့ရှိရသည်။

စာရေးသူ၏မိတ်ဆွေတစ်ဦးသည် အလှူတစ်ခုမှ ဝက်သားဟင်းနှင့် ငါးခြောက်ဟင်းများ စားခဲ့သဖြင့် သွေးတိုးကာသတိလစ်ပြီး ဆေးရုံတက်ရသည်။ သွေးပေါင်ချိန်ရာတွင် အပေါ် 200 mmHg နှင့် အောက် 120 mmHg ရှိသည်။ ဆေးရုံအရောက်စောသဖြင့် သွေးတိုးချပေးနိုင်ပြီး လေမဖြတ်ခြင်းဖြစ်သည်။ သူ့တွင်သွေးတိုးရှိမှန်း သူကိုယ်တိုင်လည်းသိသည်။ မည်သည့်သွေးတိုးကျဆေးစားသနည်း မေးသောအခါ ဆင်တုံးမနွယ်နှင့် ဘူမ္မရာဇာပါဝင်သော ချက်ဆေးတစ်မျိုးကိုစားသည်။ လေနှင့်ဝမ်းလည်း မှန်သည်။ စားကောင်း အိပ်ပျော်သည်ဟုဆိုသည်။ သို့သော် ထိုဆေးသည် သူ၏သွေးတိုးကို ပုံမှန်မထိန်းနိုင်သဖြင့်သာ ဆေးရုံရောက်ရခြင်းဖြစ်သည်။

မြန်မာဆေး၊ ဆေးမြီးတို၊ ရောင်းတန်းဆေးများကို သုံးစွဲသူများ မိမိအိမ်တွင် သွေးပေါင်ချိန်တိုင်းကိရိယာ ဝယ်ထားပြီး နေ့စဉ် နံနက်ပိုင်းတစ်ကြိမ်၊ ညအိပ်ယာဝင် တစ်ကြိမ် သွေးပေါင်ချိန်သင့်သည်။ ယနေ့ခေတ်တွင် အလိုအလျောက်တိုင်းနိုင်သည့် ဒီဂျစ်တယ် သွေးပေါင်ချိန်တိုင်းကိရိယာများ ပေါ်နေပြီဖြစ်သည်။ သွေးပေါင်ချိန်ကိရိယာကို ဆရာဝန်မှသုံးရသည် မဟုတ်ပါ။ အိမ်တိုင်းဆောင်ထား သင့်ပါသည်။

သွေးတိုးရှိ၊ မရှိ ကိုယ်တိုင်သိနိုင်သော လက္ခဏာများ

၁။ ဦးခေါင်း၊ နောက်စေ့အနီးမှ ခေါင်းကိုက်ခြင်း၊
၂။ လေပွပြီး အစာမကြေဖြစ်နေခြင်း၊
၃။ ပုံမှန် ဝမ်းမသွားဘဲ ဝမ်းချုပ်ခြင်း၊
၄။ အိပ်ချင် ငိုက်မျဉ်းခြင်း၊ သမ်းဝေခြင်း၊
၅။ မျက်စိနီခြင်း၊ မျက်ရည်ပူကျခြင်း၊
၆။ ရင်တုန်ခြင်း၊ မောပန်းခြင်း၊ အသက်ရှူမဝခြင်း၊
၇။ ဆီးသွားကြိမ် ပုံမှန် မဟုတ်ခြင်း၊ ဆီးအမြုပ်ထခြင်း၊
၈။ ကိုယ်ဟန်မမှန်ခြင်း၊ ဒယိမ်းဒယိုင်ဖြစ်ခြင်း၊
၉။ သတိလစ်ခြင်း၊ အသိစိတ်လွတ်ခြင်း၊
၁၀။ စကားအသံမမှန်ခြင်း၊ လျှာလေးခြင်း

စသော လက္ခဏာများဖြစ်လာခဲ့လျှင် သွေးပေါင်ချိန်စစ်ဆေးပြီး သွေးပေါင်ပုံမှန်ထက် တက်နေပါက သွေးပေါင်ချပေးနိုင်မည့်အရေးပေါ် ကုသပေးနိုင်သည့် ဆေးခန်း၊ ဆေးရုံများသို့ သွားသင့်သည်။ အချိန်နောက်ကျခဲ့ပါလျှင် သွေးဖိအားကြောင့် ဦးနှောက်သွေးကြောပေါက်ခြင်း၊ လေဖြတ်ခြင်း၊ အသက်ဆုံးရှုံးခြင်းများ ဖြစ်နိုင်သည်ကို သတိပြုပါ။

အထက်တွင်ဖော်ပြခဲ့သော အချက် (၁၀) ချက်တွင် နံပါတ်(၁) ဦးခေါင်းနောက်စေ့မှ ခေါင်းကိုက်ခြင်းနှင့် (၂) လေပွပြီး အစာမကြေဖြစ်နေခြင်းတို့သည် သွေးတိုးရောဂါ စတင်ဝင်ရောက်ခါစ အချိန်တွင် တွေ့ရလေ့ရှိသည်။ အစားမှားသည့်အခါ၊ အအေးပတ်သည့်အခါများတွင်လည်း ဖြစ်နိုင်သည်။ အနားယူခြင်း၊ နွေးထွေးအောင်နေခြင်း၊ အစာကြေဆေးစားခြင်းတို့ဖြင့် ပြန်နေကောင်းသွားနိုင်သည်။

နံပါတ် (၃) ပုံမှန်ဝမ်းမသွားဘဲ ဝမ်းချုပ်ခြင်း၊ (၄) အိပ်ချင်ငိုက်မြည်းသန်းဝေခြင်းစသော အချက်များသည်လည်း သွေးတိုးရောဂါဝင်ခါစ အခြေခံအချက်များဖြစ်သည်။ ဝမ်းပုံမှန်သွားအောင် အသီးအနှံစားခြင်း၊ လမ်းလျှောက်ခြင်း၊ ဝမ်းပျော့စေသောဆေးဝါး ဓာတ်စာများစားခြင်းဖြင့် ပြုပြင် ပေးလျှင် သွေးတိုးရောဂါမှ ကာကွယ်နိုင်သည်။

နံပါတ် (၅) မျက်စိနီခြင်း၊ မျက်ရည်ပူကျခြင်းဖြစ်လျှင် သွေးတိုးရောဂါသည် အဆင့်မြင့်လာပြီဖြစ်သည်။ ဂရုစိုက်ရမည်။ မျက်စိအတွင်းမှ သွေးကြောများနီခြင်းသည် သွေးဖိအားမြင့်တက်ခြင်း၏လက္ခဏာဖြစ်ပြီး ဦးနှောက်သွေးကြောနှင့် အလွန်နီးစပ်သည်။ သွေးကြောကျဉ်ခြင်း၊ သွေးခဲပိတ်ဆို့ခြင်းတို့ဖြစ်နိုင်သည်။ သွေးကျဆေးကို ဆရာဝန်၊ သမားတော်နှင့်ပြသပြီး ဂရုတစိုက်သောက်ရမည့်အဆင့်ဖြစ်ပါသည်။

နံပါတ်(၆) ရင်တုန်ခြင်း၊ မောပန်းခြင်း၊ အသက်ရှူမဝခြင်းမှာ သွေးတိုးသာမက နှလုံးသွေးကြောကျဉ်းခြင်း၏ အခြေခံအဆင့်သို့ ရောက်နေပြီဖြစ်သည်။ အခန့်မသင့်လျှင် နှလုံးတိုက်ခိုက်ခံရခြင်း၊ Heart Attack အဆင့်သို့ ရောက်သွားနိုင်သဖြင့် သေချာစွာ စစ်ဆေးကုသမှု ခံယူရမည့် အဆင့်ဖြစ်သည်။ မိမိသဘောဖြင့် သွေးတိုးကျဆေးများ ဝယ်ယူသောက်သုံးရမည့်အဆင့် မဟုတ်တော့ပါ။ သွေးဖိအားဆောင့်တက် နှလုံးရပ်ပြီး အသက်ဆုံးရှုံးသည်အထိ ရုတ်တရက် ဖြစ်သွားရသူများစွာရှိသဖြင့် သတိပြုသင့်ပါသည်။

နံပါတ် (၇) ဆီးသွားကြိမ် ပုံမှန်မဟုတ် (များခြင်း)၊ ဆီးအမြုပ်ထခြင်းတို့မှာ သွေးတိုးရောဂါ သာမက ကျောက်ကပ်ရောဂါဖြစ်ပွားမည့်အခြေအနေဖြစ်ပါသည်။ ကျောက်ကပ်ပျက်စီးသဖြင့်၊ ပုံမှန်မဟုတ်သဖြင့် သွေးပေါင် သွေးဖိအားတက်လာတတ်ပါသည်။ ကျောက်ကပ်နှင့် သွေးတိုးသည် ဆက်နွယ်မှုရှိသဖြင့် သတိထားသင့်သည်။

နောက်ဆုံး နံပါတ် (၈၊ ၉၊ ၁၀) အဆင့်များမှာ ကိုယ်ဟန်မမှန်ခြင်း၊ ဒယိမ်းဒယိုင်ဖြစ်ခြင်း၊ သတိလစ်ခြင်း၊ အသိစိတ်လွတ်ခြင်း၊ စကားသံမမှန်ခြင်း၊ လျှာလေးခြင်း စသော အဆင့်များမှာ သွေးဖိအား အလွန်တက်ပြီး ရုတ်တရက် လေဖြတ်နိုင်သောအဆင့်၊ ဦးနှောက်သွေးကြောပြတ်ခြင်း၊ သွေးကြောပေါက်ခြင်းအထိဖြစ်နိုင်သဖြင့် စိတ်မချရသော အဆင့်ဖြစ်ပါသည်။

သွေးတိုးရောဂါကို ပေါ့ပေါ့တန်တန်ထားလျှင် ဒုက္ခတွေ့နိုင်ပါသည်။ သွေးတိုးစဝင်လာပြီဆိုသည်နှင့် နေ့စဉ် အစားအသောက်၊ အနေအထိုင်ကို ဂရုစိုက်သင့်သည်။ သွေးကျဆေးများကို မိမိစိတ်ကြိုက်ဝယ်ယူ သုံးဆောင်ခြင်း၊ ကြော်ငြာဖတ်၍ ဝယ်ယူသုံးစွဲခြင်းထက် ဆရာဝန်၊ သမားတော်နှင့် သေချာစွာစမ်းသပ်ပြီး ညွှန်ကြားချက်အတိုင်း သောက်သုံးခြင်းသည် ပို၍ကောင်းပါသည်။ သွေးကျဆေးမှန်မှန်သောက်ခြင်း၊ နေ့စဉ်သွေးပေါင်ချိန်ကိရိယာဖြင့် သွေးပေါင်ချိန်စစ်ဆေးခြင်းပြုခြင်းဖြင့် အသက်အန္တရာယ်မှ ကာကွယ်နိုင်ကြောင်း အသိပေးတင်ပြလိုက်ရပါသည်။

**သွေးတိုးရောဂါကို ပေါ့ပေါ့တန်တန်ထားလျှင် ဒုက္ခတွေ့နိုင်ပါသည်။ သွေးတိုးစဝင်လာပြီဆိုသည်နှင့် နေ့စဉ် အစားအသောက်၊ အနေအထိုင်ကို ဂရုစိုက်သင့် . . .**

**ဆရာဝန်၊ သမားတော်နှင့် သေချာစွာစမ်းသပ်ပြီး ညွှန်ကြားချက်အတိုင်း သောက်သုံးခြင်းသည် ပို၍ကောင်း . . .**

## ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အမှတ်(၁၆)နေ
ဦးတောက်ထွန်း-ဒေါ်မာမာချစ်တို့၏သားကြီး
**မောင်မျိုးပိုင်ချစ် B.A(English)**
နှင့်
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ်(၂၄/ဒီ)နေ
ဦးစိုးတင့်-ဒေါ်သန်းသန်းစိန်တို့၏ တစ်ဦးတည်းသောသမီး
**မဇင်နွယ်စိုး B.A (English)**

တို့၏ ၂၈-၁၀-၂၀၁၅ရက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ မိုးကုတ်ရိပ်သာခန်းမတွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားတွင် မင်္ဂလာနာယကအဖြစ် လက်ထပ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ မြို့နယ်တရားသူကြီး ဒေါ်သဇင်စိုး၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ကိုရန်သိမ်းအောင်နှင့်ဇနီး မခိုင်စုဝင်းလွင်၊ မင်္ဂလာဝတ်စုံပြင်ဆင်ဆောင်ရွက်ပေးပါသော ဒီဇိုင်နာမင်းသက်စံ (Sweet & Smart Collection)၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်မိတ်သင်္ဂဟများ၊ တည်ခင်းဧည့်ခံ ပေးပါသော မိုးကုတ်ရိပ်သာခန်းမမှ ဝန်ထမ်းများအားလည်းကောင်း၊ ၁-၁၁-၂၀၁၅ ရက်၊ ရန်ကုန်မြို့ SEDONA HOTEL GRAND BALLROOM ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော မြန်မာနိုင်ငံ အိုလံပစ်ကောင်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကြွရောက်ချီးမြှင့် ပေးပါသော မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့်ဇနီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်အယ်လ်ခွန်းရီ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်နှင့်ဇနီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်နန်းအေးခိုင်၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါသော အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြပါသော အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဝန်ကြီးများ၊ အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲသို့မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါကုန်သော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးဝင်းတင်(MRTV)၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော တေးသံရှင် ပိုးအိစံ၊ မင်္ဂလာတေးသံသာများအား ဖျော်ဖြေပေးပါသော စန္ဒရား ဦးသိန်းမြင့်သန်းနှင့်အဖွဲ့၊ တေးသံရှင်များ၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော သမီးငယ် လပြည့်ချစ်၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် မသဇင်နွယ်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသော မစုစုဝင်းနှင့် မနန်းဖတ်၊ မင်္ဂလာသတို့သားအရံ မောင်ဇေယျာဝင်းနှင့်မောင်သူရယုစိန်၊ မင်္ဂလာသတို့သမီးအရံ မစုသစ္စာဟန်နှင့် မပြည့်ဖြိုးသူ၊ မင်္ဂလာဝတ်စုံပြင်ဆင်ဆောင်ရွက် ပေးပါသော ဒီဇိုင်နာ မေဦးမောင်(တော်ဝင်သူ)၊ မိတ်ကပ်ဆံပင်အလှပြင်ဆင်ပေးပါသော ဒီဇင်ဘာနှင်း၊ ဓာတ်ပုံ၊ ဗီဒီယို Forever Studio, Pre Wedding ဓာတ်ပုံကိုထက်အောင်ကျော်(HAK Studio)၊ ပန်းအလှပြင်ဆင်ပေးပါသော မလေးရှားဦးသန်းမြင့် နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ တည်ခင်းဧည့်ခံပေးပါသော SEDONA HOTEL မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကူညီဆောင်ရွက်ပေးပါသော အားကစားဝန်ကြီးဌာနမှအရာရှိများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၁-၁၁-၂၀၁၅ ရက်တွင် ရန်ကုန်မြို့၊ အင်းယားလိတ်ဟိုတယ်တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့် ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မေတ္တာဖြင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကိုမောင်မောင်အေး (Dream Boat)၊ မင်္ဂလာတေးသံသာများ တီးခတ်ဖျော်ဖြေပေးပါသော ဦးချစ်နိုင်နှင့်အဖွဲ့၊ မေတ္တာဖြင့် ကူညီပေးပါသော Dj ကိုသော်ဇင်ငြိမ်း၊ Performance ပါဝင်ပံ့ပိုးပေးပါသော သူငယ်ချင်းများနှင့် ပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော ကိုသုတနှင့်သူငယ်ချင်းများ၊ အင်းယားလိတ်ဟိုတယ်မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ဤမင်္ဂလာပွဲ အခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးပိုင်ချစ်-မဇင်နွယ်စိုး

## ကုမ္ပဏီ Logo အမှတ်တံဆိပ် နှင့် အမည်အမှတ်အသားတို့ မိမိတစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဦးထွန်းမြတ်လမ်း၊ အမှတ်(၁၅ဘီ)တွင် ဖွင့်လှစ်ထားသော Kyaw Thar Engineering & Construction Group Co., Ltd. (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၇၁၇/၂၀၀၄-၂၀၀၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

**တံဆိပ်မှတ်ပုံတင်အမှတ် - ၁၂၄၀၆/၂၀၁၅**

Kyaw Thar Engineering & Construction Group Co., Ltd. သည် အထက်ဖော်ပြပါ ကုမ္ပဏီ **Logo** အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၁၂၄၀၆ /၂၀၁၅ ဖြင့် ကုမ္ပဏီမူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုမ္ပဏီမူပိုင်အဖြစ် အမှတ်တံဆိပ်ကို အင်ဂျင်နီယာရင်းလုပ်ငန်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်မှုနှင့်သက်ဆိုင်သော လုပ်ငန်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းအမျိုးမျိုးတို့တွင် ဖော်ပြပါ Logo တံဆိပ်အမှတ်အသားဖြင့် အသုံးပြုပြီး ကုမ္ပဏီ Letter Head, စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ တီရှပ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်ကြော်ငြာများ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Internet၊ Website အစရှိသည်တို့တွင် ကုမ္ပဏီ Logo တံဆိပ်အမှတ်အသားကို ထည့်သွင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ Kyaw Thar Engineering & Construction Group Co., Ltd. ၏ ကုမ္ပဏီမူပိုင် အဖြစ်အသုံးပြုလျက်ရှိသော ကုမ္ပဏီ Logo တံဆိပ်အမှတ်အသားကို အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ကုမ္ပဏီများမှဖြစ်စေ၊ အဖွဲ့အစည်းများမှဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန်၊ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မှီငြမ်း၍ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ အတုအပပြုလုပ်ခြင်း၊ သွယ်ဝိုက်၍ အတုအပပြုလုပ်ခြင်း၊ လုပ်ငန်းနှင့်ဆက်နွယ်၍ သုံးစွဲခြင်းများမပြုလုပ်ကြရန် သတိပေးထားမြဲပါသည်။

မည်သူမဆို အထက်ဖော်ပြပါ Kyaw Thar Engineering & Construction Group Co., Ltd. မှ အသုံးပြုသည့် ကုမ္ပဏီ Logo တံဆိပ်အမှတ်အသားနှင့် အမည်အမှတ်အသားကို သုံးစွဲပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ တည်ဆဲတရားဥပဒေနှင့်အညီ မည်သည့်တရားရုံးများတွင်မဆို တရားမကြောင်း အရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်မည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆွေစင်အိ **(LL.B, LL.M)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၉၇)
အမှတ်(၉/၁၁)၊ အခန်း(၃၀၆)၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



# မြို့အတွင်း ကြိုင်သင်းပါတဲ့ ရွှေမဉ္ဇူ

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့ လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*

**ခ** ကိုရင်ဩ

ယခုရက်သတ္တပတ်အတွင်း ကျွန်ုပ်၏ သတင်းဒိုင်ယာရီအတွင်းသို့ ထင်ထင်လင်းလင်းဝင်ရောက်လာသော သတင်းတစ်ပုဒ်သည်ကား အိန္ဒိယနိုင်ငံ ကိုချင်မြို့ရှိ ကိုချင်နိုင်ငံတကာ လေဆိပ်သည် ကမ္ဘာပေါ်တွင် နေစွမ်းအင်ကို ၁၀၀ ရာခိုင်နှုန်း အပြည့်အဝ အသုံးပြုကာ လုပ်ငန်းလည်ပတ်နေသည့် ပထမဆုံးသော လေဆိပ်ဖြစ်သည်ဟု ဆိုသော နည်းပညာဆိုင်ရာ သတင်းတစ်ပုဒ်ဖြစ်လေ၏။

မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ ကေရာလာပြည်နယ် ကိုချင်မြို့၌ ဘောလုံးကွင်း ၂၅ ကွင်းစာ ပမာဏရှိ မြေနေရာတွင် နေရောင်ခြည်အပူစွမ်းအင်ကို စုစည်းရယူပေးသော မှန်ကူကွက်ပေါင်း ၄၆၀၀ ကို တပ်ဆင်လျက် နေစွမ်းအင်ထုတ်ယူပြီးလျှင် ကိုချင်နိုင်ငံတကာလေဆိပ်၏ လုပ်ငန်းများ လည်ပတ်နိုင်ရန် လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးလျက်ရှိသည်ဟု သတင်းတွင် ရေးဖွဲ့သီကုံးထားလေသည်။

၄၅ ဧက အကျယ်အဝန်းရှိ နေစွမ်းအင်စခန်းသည် နေ့စဉ် လျှပ်စစ်ဓာတ်အား ယူနစ် ၅၂၀၀၀ ခန့်အထိ ထုတ်လုပ်ပေးနိုင်သည်ဆိုခြင်းမှာ သာမညောင်ညမဟုတ်ပါချေ။

ကိုချင်နိုင်ငံတကာ လေဆိပ် နေစွမ်းအင်စီမံကိန်းကြီးအတွက် ကုန်ကျငွေ ဒေါ်လာ ၉ ဒသမ ၅ သန်း ရင်းနှီးမြှုပ်နှံခဲ့ရသည်ဟု ကျွန်ုပ်သိရပြီး နေစွမ်းအင် စီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြင့် လာမည့် ၂၅ နှစ်တာကာလပတ်လုံး ကာဗွန်ထုတ်လွှတ်မှု တန်ချိန် သုံးသိန်းအထိ လျှော့ချနိုင်မည်ဟုလည်း ကျွန်ုပ်မှတ်သားရပြန်သည်။ တစ်နည်းအားဖြင့် သစ်ပင်သုံးသန်းစိုက်ပျိုးခြင်း၏ အကျိုးရလဒ်မျိုးကို ရရှိခံစားရလိမ့်မည်ဟု နေစွမ်းအင်စီမံကိန်း၏ ဦးဆောင်ညွှန်ကြားရေးမှူး ဗွီဂျေကူရီယန်က ပြောကြားလေသည်။

ကိုချင် နိုင်ငံတကာလေဆိပ်သည် ခရီးသည် အဝင်အထွက်အရ အိန္ဒိယနိုင်ငံ၌ တတိယအကြီးဆုံး လေဆိပ်ဖြစ်ပြီးလျှင် ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်ကာလအတွင်း ယင်းလေဆိပ်က ခရီးသည် ၆ ဒသမ ၈ သန်းအထိ ဝန်ဆောင်မှုပေးခဲ့လေသည်။

အိန္ဒိယနိုင်ငံသည် နေစွမ်းအင် (သူရိယစွမ်းအင်) ထုတ်လုပ်လုပ်ရေးနယ်ပယ်တွင် ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာပြီဟု ကျွန်ုပ်သတိမူမိ၏။ အိန္ဒိယနိုင်ငံ မာဒယာပရာဒေ့ရှ်ပြည်နယ်၌ တည်ဆောက်လျက်ရှိသော လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၅၀ ထုတ်လုပ်နိုင်စွမ်းရှိသည့် သူရိယစွမ်းအင် စက်ရုံသည် ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်စက်ရုံအဖြစ် တည်ရှိလာရန် တာစူလျက်ရှိလေသည်။

လက်ရှိတွင် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်ရှိ နေစွမ်းအင်စက်ရုံသည် ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်ထုတ်လုပ်ရေးစက်ရုံဖြစ်ပြီးလျှင် ၃၉၂ မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိသည်ဟုဆိုသည်။

**ကာဗွန် ဝိသုဒ္ဓိ**

ယနေ့ကာလ၌ ကမ္ဘာတစ်ဝန်းတွင် 'ကာဗွန်ဝိသုဒ္ဓိ' (Carbon Neutral) ဟူသော ဝေါဟာရသစ်တစ်ရပ်ကို ကျွန်ုပ်ကြားသိလာရ၏။ ဝိ = အထူး၊ သုဒ္ဓိ = စင်ကြယ်ခြင်းဟူ၍ အဓိပ္ပာယ် ကောက်ယူနိုင်ပေရာ ကာဗွန်ဝိသုဒ္ဓိဟူသည် လူ့ယောဂကြောင့် ကမ္ဘာ့လေထုလွှာအတွင်းသို့ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုတွင် အဓိကကျသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ဝင်ရောက်စေခြင်းမှ ပတ်သက်မှုကင်းရှင်းခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်ဟု ကျွန်ုပ် အနုမာနတွေးဆမိ၏။

ကျွန်ုပ်တို့၏ ကမ္ဘာကြီးသည် စွမ်းအင်ထုတ်ယူသုံးစွဲနိုင်ရန်အလို့ငှာ ဇီဝရုပ်ကြွင်းလောင်စာများကို အောတိုက်ထုတ်ယူသုံးစွဲခဲ့ကြခြင်းကြောင့် ယနေ့ကာလတွင် ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များနှင့် မြူမှုန်ဒြပ်မှုန်တို့၏ ပါဝင်မှုပမာဏမှာ တလိမ့်လိမ့်မြင့်တက်လျက်ရှိလေသည်။

အကျိုးရလဒ်အဖြစ် လေထုညစ်ညမ်းမှု ဆက်လက်တိုးပွားနေပြီးလျှင် ကမ္ဘာ့လူသားများ၊ ကုန်းနေရေနေ သတ္တဝါများ၊ သစ်ပင်များနှင့် သဘာဝပတ်ဝန်းကျင်တို့ ထိခိုက်ပျက်စီးရလေသည်။

သို့ဖြစ်ပေရာ အမိကမ္ဘာမြေ အစွန့်ရှည်တည်တံ့၍ ဆက်လက်ရှင်သန်နိုင်စေဖို့ ကာကွယ်စောင့်ရှောက်ကြရမည်မှာ သဘာဝပတ်ဝန်းကျင်ပင်ဖြစ်တော့သည်ဟု ကျွန်ုပ်ရှုမြင်မိ၏။

ဇီဝရုပ်ကြွင်းလောင်စာများ အသုံးပြုခြင်းကို လျှော့ချကြရန်လိုအပ်ပြီး သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု နည်းပါးစေသော နေရောင်ခြည်နှင့် လေအားကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်တို့ကို တိုးတက်ထုတ်ယူသုံးစွဲရန် လိုအပ်လျက်ရှိလေသည်။

ကျွန်ုပ်တို့၏ အသက်သခင် ကျေးဇူးရှင်ဖြစ်သော ကမ္ဘာ့လေထုလွှာသည် ကမ္ဘာမြေနှင့် နှိုင်းစာပါက အလွန်ပင် ပါးလွှာသည်။ ဥဒါဟရုဏ်ဆိုရသော် ကမ္ဘာမြေသည် ပန်းသီးတစ်လုံး၏ အရွယ်ပမာဏရှိသည်ဆိုက ကမ္ဘာ့လေထုလွှာသည် ပန်းသီး၏ အခွံခန့်သာ ထူထဲလိမ့်မည်။ ကမ္ဘာမြေနှင့် ကြားလပ်မရှိ ထိစပ်လျက်ရှိသော လေထုလွှာ၏ အောက်ခြေတွင် လူသားများ၊ သတ္တဝါများနှင့် အပင်များ အသက်ရှင်ပေါက်ဖွားလျက်ရှိကြကုန်သည်ဖြစ်ရာ၏။

**အောင်နိုင်သူအလား မာနတံခွန်လွှား**

ကျွန်ုပ်တို့၏ လူသားမျိုးနွယ်သည်ကား သတ္တလောက သဘာဝတိုးတက်မှုဖြစ်စဉ်တွင် အသိဉာဏ်အထက်မြက်ဆုံး သတ္တဝါတည်း။ လူသားတို့သည် လက်မှုပညာမှသည် စက်မှုပညာသို့တိုင် တီထွင်ဖန်တီးလာနိုင်ကြရကား စက်မှုလက်မှုအလို့ငှာ သဘာဝ သယံဇာတတို့ကို အောင်နိုင်သူအလား မာနတံခွန်လွှား ဉာဏ်စွမ်းရှိသမျှ လွန်လွန်ကျူံကျူံပင် နှစ်ပေါင်းရှည်ကြာ ထုတ်ယူသုံးစွဲလာကြကုန်၏။

သတ္တဝါတို့တွင် ဉာဏ်ပညာအထက်ဆုံး လူသားတို့က သဘာဝပတ်ဝန်းကျင်အတွင်း မှီတင်းနေထိုင်ကြကုန်သော ပုပ္ပုရွရွ သက်ရှိသက်မဲ့ အားလုံးတို့အပေါ် အနိုင်ယူစိုးမိုးပြီးသကာလ သဘာဝသယံဇာတတို့ကို မောင်ပိုင်စီးခဲ့ကြကာ စက်ရုံကြီးများကို ဂုဏ်ယူဝင့်ကြွားစွာ ထူထောင်ခဲ့ကြလေသည်။

ဧကန်မုကား ကျွန်ုပ်တို့ တစ်ဦးချင်းအရ လူသားတို့သည် အမိကမ္ဘာမြေ၏ သဘာဝပတ်ဝန်းကျင်ထဲမှ သာမညောင်ည လူသားတစ်ဦးမျှသာဖြစ်သည်ဆိုသော သဘာဝတရားကို မေ့လျော့ပေါ့ဆနေကြသည်ဟု ကျွန်ုပ် တွေးဆမိ၏။

အစောပိုင်းတွင် စက်ရုံကြီးများက မီးခိုးတလူလူ ထုတ်နေမှုကိုကြည့်ကာ လူသားတို့ ဂုဏ်ယူဝင့်ကြွားခဲ့ကြ၏။ လူမင်းဘုန်းကြီး နတ်မင်းမနေနိုင်ဟူဘိသို့ မိမိတို့၏ ဘုန်းတေဇာကြောင့် သယံဇာတများပေါ်ကြွယ်ဝသည်ဟု အထင်ရောက်ခဲ့ကြ၏။ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုကို စတေးခံကာ ဖွံ့ဖြိုးရေးဟူသော ရှုထောင့်အမြင်တစ်ခုတည်းကို အာရုံပြုကာ သဘာဝသယံဇာတတို့ကို နည်းမျိုးစုံဖြင့် ထုတ်ယူသုံးစွဲလာခဲ့ကြ၏။

စက်မှုတော်လှန်ရေးကြီး ဆင်နွှဲခဲ့ကြပြီးသကာလ သဘာဝသယံဇာတတို့ကို လက်ခုပ်တွင်းမှရေကဲ့သို့ သွန်လိုသွန်၊ မှောက်လိုမှောက် ပြုမူခဲ့ကြပြီး သဘာဝအမိမြေမှာ သားဆိုး၊ သမီးဆိုးတို့၏ ပြုသမျှကို မရှုမလှခါးစည်းခံခဲ့ရလေသည်။

ဧကန်မုကား သဘာဝပတ်ဝန်းကျင်ဟူသည် မကုန်မခမ်း ထုတ်ယူသုံးစွဲနိုင်သော အမွေအနှစ်တစ်ရပ်မဟုတ်ချေ။ သစ်တောကြီးများ အပါအဝင် ကမ္ဘာ့သဘာဝ သယံဇာတတို့သည် အကန့်အသတ်ဖြင့်သာလျှင် ရှိပေရကား လူသားတို့ ဆူလွယ်နပ်လွယ် ထုတ်ယူသုံးစွဲဖန်များလျှင် 'တစ်တိတစ်တိနှင့် အဘိုးကြီးအို တောင်ဝှေးတိသလို' ဖြစ်တတ်ပေသည်။

အဘိုးကြီးအိုသည် မျက်စိလည်းမှုန်၊ လက်လည်းတုန်၏။ သူ၏ ရှည်သော တောင်ဝှေးကို အလောတော်ဖြစ်အောင် နည်းနည်းချင်း တိယူရာတွင် တိရင်းတိရင်းနှင့်ပင် တောင်ဝှေးမှာ တို၍တို၍ သွားရလေသည်။

ပစ္စက္ခ မျက်မှောက်ကာလ၌ ကမ္ဘာကြီးသည် ပူနွေးမှုကို မျက်မှောက်ပြုလာရသည်မှာ ထင်ရှားလှသည်။ ကမ္ဘာတစ်လွှား၌ ကမ္ဘာကြီး ပူနွေးလာမှုကို မျက်ဝါးထင်ထင် ခံစားသိမြင်လာကြရသည်။ စက်ရုံ၊ အလုပ်ရုံနှင့် စက်တပ်ယာဉ်တို့မှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပိုမိုများပြားလာပုံကို ကမ္ဘာ့လေထုက သက်သေတည်၏။

လူ့ယောဂကြောင့် ကမ္ဘာတစ်ဝန်း၌ မိုးလုံးပြည့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်လာချေပြီဟု သိပ္ပံပညာရှင်တို့က အတွင်တွင် သတိပေးလာကြတော့မှ ရှုနာရှိုက်ကုန်း အမိကမ္ဘာမြေကို အသက်ဆက်ရှင်နိုင်ရန် ကြောင့်ကြစိုက်လာကြလေသည်။

**ကြိုတင်ဟောကိန်း သွေးထွက်အောင်မှန်**

၁၈၉၈ ခုနှစ်ကပင် ဆွီဒင်လူမျိုး လောကဓာတ် သိပ္ပံဆရာကြီး Svante Ahrreius ဆိုသူက ကမ္ဘာကြီး ပူနွေးလာနိုင်မှုနှင့် ပတ်သက်၍ ကြိုတင်ဟောကိန်းထုတ်ခဲ့လေသည်။

စက်ရုံအလုပ်ရုံတို့က ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကြောင့် ကမ္ဘာကြီးပူနွေးလာလိမ့်မည်ဟု သူက သတိပေးခဲ့သော်လည်း ထိုစဉ်က ကမ္ဘာကြီးပူနွေးလာမှုမှာ မထင်ရှားသေးသဖြင့် သူ၏ အယူအဆကို ဖောက်ပြန်ရေးသမား၏ အယူအဆ တစ်ရပ်အဖြစ်လူအများစိတ်ဝင်စားခြင်း မရှိခဲ့ပါချေ။

ကမ္ဘာ့လူသားတို့မှာ ၂၀ ရာစုနှောင်းပိုင်းအရောက်တွင်မှ ကမ္ဘာကြီးပူနွေးလာမှုကို အရေးတယူရှိလာခဲ့ကြပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် လူသားအားလုံး အသက်ရှင်နေနိုင်ရေးအတွက် အရေးကြီးပုံကို သတိမူလာခဲ့ကြသည်။ အနှီပညာရှင်၏ ဟောကိန်း သွေးထွက်အောင်မှန်သည်ဟု နှောင်းလူတို့ လက်ခံကြလေပြီ။

ယနေ့ကာလတွင် စက်ရုံများ၊ စက်တပ်ယာဉ်များက ထုတ်လွှတ်နေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို စုပ်ယူနိုင်သော (တစ်နည်း) Carbon Sink သစ်တောသစ်ပင်များမှာလည်း လူ့ယောဂကြောင့် ကြောက်ခမန်းလိလိ ပျက်စီးလျော့နည်းလာလေသည်။

ကမ္ဘာ့သစ်တောများ ပြုန်းတီးမှုနှင့်အတူ ဇီဝမျိုးစုံ ပျောက်ကွယ်မှုမှာ အရှိန်အဟုန်ပြင်းထန်လာ၏။ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ စီးပွားဖြစ် သစ်ထုတ်လုပ်ခြင်း၊ ဓာတ်သတ္တုတူးဖော်ခြင်း၊ လူဦးရေတိုးလာခြင်း၊ မြို့ပြများထူထောင်ခြင်း၊ စက်မှုလုပ်ငန်းများတိုးချဲ့ခြင်း၊ ဆည်များတည်ဆောက်ခြင်း၊ တောမီးလောင်ခြင်း၊ စားကျက်မြေများကို အလွန်အကျွံ သုံးစွဲခြင်းတို့ကြောင့် တောပြုန်းလာရခြင်းတည်း။

တောပြုန်းလျှင် စားနပ်ရိက္ခာထုတ်လုပ်မှု၊ မြေဆီလွှာခမ်းခြောက်မှု၊ မိုးခေါင်မှု၊ ရေကြီးရေလျှံမှု၊ ဇီဝမျိုးများ ပျောက်ကွယ်မှု၊ တောရိပ်ခို တိုင်းရင်းသားတို့ ဘဝမလုံခြုံမှု၊ ရာသီဥတုပြောင်းလဲကာ သဘာဝဘေးအန္တရာယ်များ ကျရောက်မှု၊ စီးပွားရေးအရ ဆုံးရှုံးမှုနှင့် ပြည်သူ့ကျန်းမာရေး ထိခိုက်မှုတို့ ဆိုးကျိုးသက်ရောက်လာပေလိမ့်မည်။

ဤတွင်ရွှေ့ကား ကျွန်ုပ်စဉ်းစားမိသည်မှာ လူ့ယောဂကြောင့် လူတို့မှီတင်းနေထိုင်ရာ ကမ္ဘာကြီး၏ သစ်တောကြီးများ မပျက်သုဉ်းရေးဖြစ်၏။

တောတောင်စိမ်းက စမ်းရေရ၏။ ဥတုရာသီတောကိုမှီ၏။ တောမဲ့မြေသား ရေတိုက်စား၏။ တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏။ ကျေးငှက်သားရဲ တောမှာမြဲ၏။ တောကိုမဖြုန်း ချင့်ချိန်သုံးလော့။ သစ်တောကြွယ်က ဘဏ္ဍာရ၏။ ရွှေပင်ငွေခက် တောကထွက်၏ စသည့်သတိပေးနှိုးဆော်သံများမှာ အမိမြေ၏ သားကောင်းရတနာတို့အတွက် သဘာဝတရားဆိုင်ရာ လူ့ကျင့်ဝတ်နှင့် နီတိများပင်ဖြစ်လေသည်။

ကျွန်ုပ်တို့ လူသားမျိုးနွယ်အပါအဝင် သတ္တလောကသားများ၏ တည်နေရာဘုံဌာနသည်ကား 'ဩကာသလောက' ဖြစ်ပြီး ရေမြေလေမီး၊ တောတောင်၊ သမုဒ္ဒရာ၊ ကောင်းကင်နက္ခတ်တာရာနှင့် အာကာသ တစ်ရပ်လုံး အကျုံးဝင်လေသည်။

**မဉ္ဇူသကပန်း**

ဩကာသလောကအတွင်း မှီတင်းနေထိုင်သော ကျွန်ုပ်တို့၏ သဘာဝ မြတ်မိခင်သည် တစ်ချိန်တစ်ခါက 'မဉ္ဇူသကပန်း' ကို ပန်ဆင်နိုင်ခဲ့၏။ ပန်းရှိသမျှတွင် မဉ္ဇူသကပန်းသည် အသာလွန်ဆုံးဖြစ်၏။

ဤတွင်ရွှေ့ကား ကျမ်းပြုပုဂ္ဂိုလ်ကျော်ရှင်သာရိပုတ္တရာ (သီဟိုဠ်ကျွန်း)၏ သာရတ္ထဒီပနီဋီကာကျမ်းလာ မဉ္ဇူသကပင်ကို ကျွန်ုပ်ကိုးကားလို၏။

မဉ္ဇူသကပင်သည် ပတ္တမြားဂူဝ၌ ပေါက်၏။ အမြင့်တစ်ယူဇနာ၊ အဝန်းအကျယ် တစ်ယူဇနာရှိ၏။ ထိုသစ်ပင်၌ ရေပန်းကုန်းပန်း ရှိသမျှ အကုန်ပွင့်၏။ အထူးအားဖြင့် ပစ္စေကဗုဒ္ဓါ ကိုယ်တော်များ ကြွလာသည့်အခါ ရတနာမျိုးစုံစီခြယ်သည့် ဆောင်းတန်းသဖွယ်ဖြစ်၏။ ထိုအပင်အောက်၌ တံမြက်လှည်းသောလေက အမှိုက်သရိုက်ကို လှည်း၍ မြေညှိလေက သဲများကို ညီနေအောင်လုပ်သည်။ ရန့်ဖျန်းသောလေက အလုံးစုံသော ပန်းပင်တို့မှ ရနံ့ကို ဆောင်ယူသည်။ အပွင့်ချွေလေက ပန်းပွင့်တို့ကို ချွေချ၍ ပန်းမွေ့ရာခင်းသောလေက နေရာအနှံ့ ဖြန့်ခင်းသည်။ မဉ္ဇူသကပန်းပင်အောက်၌ ပန်းမွေ့ရာအခင်းများ အမြဲရှိနေသည်ဟူ၍ အနှီကျမ်းပြုပုဂ္ဂိုလ်ကျော်က ရေးဖွဲ့သီခဲ့လေသည်။

ယနေ့ကာလတွင် ကမ္ဘာ့သစ်တောကြီးများအတွင်း မဉ္ဇူသကသစ်ပင်တို့ ရှိမှရှိပါလေစဟု ကျွန်ုပ်တွေးတောမိ၏။ ကျွန်ုပ်နေထိုင်ရာ မြို့အနီးအပါးတွင်ကား မဉ္ဇူသက မဆိုထားဘိ အရိုင်းပန်းကိုပင် တွေ့မြင်ရန် ခဲကတ်လှ၏။

ကမ္ဘာ့သစ်တောကြီးများ မပျောက်ကွယ်စေဖို့ ထိန်းသိမ်းကြရမည်မှာ လူသားတိုင်း၏ တာဝန်တစ်ရပ်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ ဟန်ချက်ညီညီ လှုပ်ရှားကြပါလျှင် "မြို့အတွင်း ကြိုင်သင်းပါတဲ့ ရွှေမဉ္ဇူ" ဟူ၍ လူသားအားလုံးက ညီညာဖြဖြ ကြွေးကြော်နိုင်ကြလိမ့်မည်ဟု ကျွန်ုပ်တွေးဆမိပါသတည်း။ ။



## ထီးချိုင့်ကျေးရွာ၌မြစိမ်းရောင်ကျေးရွာစီမံကိန်း တိုးချဲ့အကောင်အထည်ဖော်

**မိုးကောင်း နိုဝင်ဘာ ၇**

နိုင်ငံတော်အစိုးရ၏ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်းသုံးရာဖြင့် မိုးကောင်းမြို့နယ် ထီးချိုင့်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို တိုးချဲ့အကောင်အထည်ဖော်လျက် ရှိရာ ကျေးရွာနေပြည်သူများက သက်သာသောအတိုးနှုန်းထားဖြင့် ချေးငွေများရယူ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစု ဝင်ငွေတိုးပွားရေးလုပ်ငန်းများ အားကြိုးမာန်တက် ဆောင်ရွက်နေကြကြောင်း သိရသည်။

နိုဝင်ဘာ ၃ ရက်တွင် ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်နုနှင့်အဖွဲ့က အဆိုပါကျေးရွာသို့ရောက်ရှိပြီး အိမ်ထောင်စုအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် တိုးတက်ဖြစ်ထွန်းမှုများကို လှည့်လည်ကြည့်ရှုကာ ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာသူကျေးရွာသားများအား လုပ်ငန်းဆိုင်ရာများ အကြံပြုဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(၄၉၉)

# တစ်နှစ်တာလုံး ကမ္ဘာလှည့်ခရီးသည်များ အဆက်မပြတ် ဝင်ရောက်လည်ပတ်

**နေပြည်တော် နိုဝင်ဘာ ၇**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် နယ်စပ် ဝင်ပေါက်/ထွက်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘာလှည့် ခရီးသည်များသည် မော်တော်ယာဉ်တန်း၊ မော်တော်ဆိုင်ကယ်ယာဉ်တန်း၊ စက်ဘီးယာဉ်တန်းခရီးစဉ်များဖြင့် ဝင်ရောက်လည်ပတ်လျက်ရှိကြပြီး ဧရာဝတီမြစ်ကြောင်း၊ ချင်းတွင်း မြစ်ကြောင်းခရီးစဉ်များကို သွားလာလည်ပတ်လျက်ရှိကြောင်းသိရသည်။

Shwe Sin Yeik Nyein International Co. Ltd.၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဂျာမဏီနိုင်ငံသား ဧည့်သည်သုံးဦးသည် အောက်တိုဘာ ၂၆ ရက်တွင် မော်တော်ယာဉ်သုံးစီးဖြင့် တမူးမြို့မှတစ်ဆင့် ဝင်ရောက်လာပြီး ကလေး-မုံရွာ မြို့များမှ တစ်ဆင့် မန္တလေး-ပုဂံမြို့မှ အာနန္ဒာဘုရား၊ ရွှေစည်းခုံဘုရား၊ ဓမ္မရံကြီးဘုရား၊ တန်ခိုးကြီးဘုရားများ၊ ကျိုက်ထီးရိုးဘုရားအား ဖူးမြော်ခဲ့ပြီးနောက် အောက်တိုဘာ ၃၁ ရက်တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ထို့အပြင် Upland Travels & Tours Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆွစ်ဇာလန်နိုင်ငံသား ဧည့်သည် ၁၀ ဦးသည် အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာခဲ့ပြီး RV Thurgau Exotic အပျော်စီး ရေယာဉ်ဖြင့် ဧရာဝတီ မြစ်ကြောင်းတစ်လျှောက် ရန်ကုန်-ပုဂံ-ရွှေပြည်သာရွာ-စစ်ကိုင်း-အမရပူရ-မန္တလေး- နွယ်ငြိမ်း-ကြာညှပ်-တကောင်း-ထီးချိုင့်-ကသာ-ကျွန်းတော်-ရွှေကူ-စင်ခန်း-ဗန်းမော်- မိုးတားရွာ-သိယ်းဖာတောင်-ကျောက်ပုံရွာ- မင်းကွန်း-မန္တလေးမြို့များသို့ သွားရောက်လည်ပတ်ခဲ့ကြပြီးနောက် အောက်တိုဘာ ၂၈ ရက်တွင် ပြန်လည်ထွက်ခွာသွားသည်။

ကမ္ဘာလှည့်ခရီးသည်များသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ပါသဖြင့် မြန်မာနိုင်ငံသို့ စဉ်ဆက်မပြတ်ဝင်ရောက်၍ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများ၊ ရိုးရာဓလေ့ထုံးစံများ၊ သဘာဝအလှအပရှုခင်းများ၊ လက်မှုပညာလုပ်ငန်းများနှင့် တိုင်းရင်းသားများ၏ လူနေမှုပုံစံများကို တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ မော်တော်ယာဉ်တန်းခရီးစဉ်များ၊ မော်တော်ဆိုင်ကယ်ယာဉ်တန်းခရီးစဉ်များ၊ စက်ဘီးယာဉ်တန်း ခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များဖြစ်သော ဧရာဝတီ မြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်း တစ်လျှောက် ခရီးစဉ်များကိုလည်း မြစ်တွင်းသွား အပျော်စီးသင်္ဘောများဖြင့် သွားရောက်လည်ပတ်မှုများ ပိုမိုတိုးတက်များပြားလာကြောင်း သိရသည်။

ကြေးမုံ

# လေယာဉ်မောင်၊ လေယာဉ်မယ် (၂/၂၀၁၅) သင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၇**

Myanmar National Airlines လေကြောင်းလိုင်း ပျံသန်းရေးဌာန လေယာဉ်မောင်၊ လေယာဉ်မယ် (၂/၂၀၁၅) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိသင်တန်းခန်းမဆောင်၌ ကျင်းပခဲ့သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ၆၈ နှစ်ကြာ သက်တမ်းရရှိခဲ့သော နိုင်ငံတော်ပိုင်လေကြောင်းလိုင်းဖြစ်သည်နှင့်အညီ လက်ရှိကာလတွင် နိုင်ငံတကာလေကြောင်းလိုင်းများနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန်သန်းထွန်းက အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခင်ကနိုင်ငံတကာသို့ ပျံသန်းခဲ့ရာမှ ၁၉၉၃ ခုနှစ်တွင် ပြည်ပခရီးစဉ်များအား ပျံသန်းမှုရပ်ဆိုင်းခဲ့ပြီး ပြည်တွင်းခရီးစဉ်သာ ပျံသန်းခဲ့ကာ နှစ်ပေါင်း ၂၃ နှစ်ကြာပြီးနောက် ယခုနှစ် ဇွန်လတွင် စင်ကာပူမြို့သို့ နိုင်ငံတကာ ပထမဦးဆုံး ခရီးစဉ်အဖြစ် စတင်ပျံသန်းခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"အဓိကပြောလိုတာက ပျံသန်းမှုဆိုင်ရာ လုပ်ငန်းသဘော သဘာဝအရ အချိန်နဲ့တစ်ပြေးညီ အမြဲမပြတ် လှုပ်ရှားနေရပြီး ရင်ဆိုင် ကြုံတွေ့ရတဲ့ အခက်အခဲတွေကို အချိန်ကိုက်တိတိကျကျ လုပ်ဆောင်သွားနိုင်အောင် လေ့ကျင့်ရဖြစ်ပါတယ်။ နောက်ခရီးသည် ဝန်ဆောင်မှုအပိုင်းနဲ့ ပတ်သက်ပြီး ခရီးသည်တွေ အဆင်ပြေချောမွေ့အောင် အဆင့်မြင့်တင်ထားတဲ့ ဝန်ဆောင်မှုတွေနဲ့ တွန်းအားပေးဆောင်ရွက်ထားပါတယ်"ဟု လေကြောင်းကပ္ပတိန်သန်းထွန်းက ပြောကြားခဲ့သည်။

တင်မောင်(ပို့ဆောင်ရေး)

# ရှေးဟောင်းသမိုင်းဝင် ရွှေစကြာစေတီတော်၌ ကြာသက်န်းဆက်ကပ်လှူဒါန်း

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၇**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာအုပ်စုအတွင်းရှိ ဝင်းပတောင်ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေစကြာစေတီတော်၌ နှစ်စဉ်ကျင်းပသော ဘုရားပွဲတော်နှင့် ကြာသက်န်းကပ်လှူပူဇော်ပွဲကို ၁၃၇၇ ခုသီတင်းကျွတ်လပြည့်ကျော် ၈ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ပူဇော်ပွဲတွင် ဝင်းပကျေးရွာ၊ ဒညင်းကုန်းကျေးရွာ၊ ရေတွင်းဖြူကျေးရွာ၊ စော်ကဲစု၊ လက်ပန်ကုန်းကျေးရွာများမှ ကျေးရွာအလိုက် နဂါးရုပ်ပုံသဏ္ဌာန် ကြာသက်န်းများပြုလုပ်ကာ လှူဖွယ်ပစ္စည်းများ အတီး၊ အမှုတ်၊ အကအခုန်များနှင့် စီတန်းလှည့်လည်၍ ဝင်းပတောင်ပေါ်ရှိ ရွှေစကြာစေတီတော်သို့ တက်ရောက်ပူဇော်ခဲ့သည်။

တောင်ပေါ်ရှိ ရွှေစကြာစေတီ ဓမ္မာရုံ၌ လှူဒါန်းမှု အစုစုတို့အား ဝင်းပကျောင်းတိုက်ဆရာတော် ဦးပညာ အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့က သာဓုအနုမောဒနာတရား ဟောကြားပြီး အလှူရှင်များက ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

ခွန်(ဝင်းပ)



# ကရင်ပြည်နယ်နေ့ နှစ်၆၀ပြည့်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ဘားအံ နိုဝင်ဘာ ၇**

နှစ်(၆၀)ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီတွင် ဘားအံမြို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်တွင် ကျင်းပခဲ့သည်။

ယင်းနေ့က ကျင်းပသည့်အခမ်းအနားတွင် သဘာပတိအဖြစ် ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကျော်ဝင်းမောင်၊ ပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစောအောင်ပွင့်တို့က ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတထံမှပေးပို့သော ၂၀၁၅ ခုနှစ် နှစ်(၆၀) ပြည့် ကရင်ပြည်နယ်နေ့ သဝဏ်လွှာအား ကရင်ပြည်နယ်အစိုးရအဖွဲ့ ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က ဖတ်ကြားခဲ့သည်။

ဆက်လက်၍ နှစ်(၆၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်ဂုဏ်ဆောင်ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ရာ ပြည်နယ်ခေတ္တဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသော ကရင်ပြည်နယ်အစိုးရ အဖွဲ့ဝင်များက ကရင်ပြည်နယ်အတွင်း ၂၀၁၅ ခုနှစ် ပညာသင်နှစ်ပညာရေး ထူးချွန်ဆုများကိုလည်းကောင်း၊ စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ထူးချွန်ဆုများကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထူးချွန်ဆုများကိုလည်းကောင်း၊ နိုင်ငံတော်အဆင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်များကိုလည်းကောင်း၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် အားကစားထူးချွန်ဆုများကိုလည်းကောင်း၊ ရဲတပ်ဖွဲ့ဝင် ထူးချွန်ဆုများကိုလည်းကောင်း ချီးမြှင့်ပေးခဲ့သည်။

ကရင်ပြည်နယ်နေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် နိုဝင်ဘာ ၁၀ ရက်တွင် ဘားအံမြို့ ပြည်နယ်သီရိကွင်း၌ ပြည်နယ်နေ့ မုခ်ဦးအား ဖွင့်လှစ်မှာဖြစ်ပြီး ဒုံးအဖွဲ့(၂၃)ဖွဲ့ဖြင့် ကရင်တိုင်းရင်းသားတို့၏ ရိုးရာဒုံးအကပြိုင်ပွဲကြီး၊ ပညာပေးပြခန်းများပြသခြင်းနှင့် ဟင်းသီး၊ ဟင်းရွက်၊ သစ်သီးဝလံ ပန်းမန်ပြိုင်ပွဲ၊ ရိုးရာလက်ဝှေ့၊ ရိုးရာခြင်းအလှခတ်၊ အခြားအားကစားပြိုင်ပွဲများနှင့် ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်များ၊ အငြိမ့်နှင့် စင်တင်တေးဂီတများ ထည့်သွင်းဖျော်ဖြေခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# စေတုတ္တရာမြို့နယ်တွင် လိုအပ်လျက်ရှိသည့် အမှိုက်သိမ်းယာဉ် လွှဲပြောင်းပေးအပ်

**စေတုတ္တရာ နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် အမှိုက်သိမ်းယာဉ်တစ်စီးလှူဒါန်းပွဲကို နိုဝင်ဘာ ၆ ရက် ညနေ ၅ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးမှ အဖွင့်အမှာစကား ပြောကြားပြီး၊ ဆည်မြောင်းဦးစီးဌာနကိုယ်စား စေတုတ္တရာမြို့ မုန်းဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးမင်းက အမှိုက်သိမ်းယာဉ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးသိန်းဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တရုတ်နိုင်ငံထုတ် SKAT ယာဉ်အမှတ် MDY-2K/5007 (အဖြူရောင်)၊ ခြောက်ဘီး အမှိုက်သိမ်းယာဉ်အား လွှဲပြောင်းပေးအပ်ခဲ့ရာ မုန်းဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးမင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်ခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၅ ရက်တွင် စေတုတ္တရာမြို့သို့ရောက်ရှိရာ မြို့နယ်ဖွံ့ဖြိုးရေးအထောက်ပြုကော်မတီဥက္ကဋ္ဌမှ မြို့အတွက် လိုအပ်လျက်ရှိသော အမှိုက်သိမ်းယာဉ်တစ်စီးအား ဖြည့်ဆည်းပေးပါရန် တင်ပြတောင်းခံမှုအပေါ် နိုင်ငံတော်သမ္မတက ဆည်မြောင်းဦးစီးဌာနအား ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့ကာ ဆည်မြောင်းဦးစီးဌာနမှ တရုတ်နိုင်ငံထုတ် SKAT ယာဉ်အမှတ် MDY-2K/5007 (အဖြူရောင်)၊ ခြောက်ဘီး အမှိုက်သိမ်းယာဉ်တစ်စီးအား မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**တင်ထွန်းဦး(မင်းဘူး)**

# နတ်မောက်တွင် ကျောင်းသူနှစ်ဦး ကြာပန်းခူးရာမှရေနစ် သေဆုံး

**နတ်မောက် နိုဝင်ဘာ ၇**

နတ်မောက်မြို့နယ် မကျီးချိုကျေးရွာအနီးရှိ ရေကန်အတွင်းသို့ ကြာပန်းဆင်းခူးရာမှ ကျောင်းသူနှစ်ဦး ရေနစ်သေဆုံးခဲ့မှု နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း နတ်မောက်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီက နတ်မောက်မြို့နယ် မကျီးချိုကျေးရွာတွင် ကလေးနှစ်ဦးရေနစ်သေဆုံးကြောင်း သတင်းအရ နတ်မောက်မြို့နယ် အင်းကန်ရဲကင်းစခန်းမှ ဒုရဲအုပ်သက်ထွေး သွားရောက်စစ်ဆေးခဲ့သည်။ မကျီးချိုကျေးရွာနေသူများဖြစ်ကြသော မအိမွန် အသက် ၁၃ နှစ် သတ္တမတန်း မငြိမ်းငြိမ်းထွေး၊ အသက် ၁၀ နှစ် စတုတ္ထတန်းနှင့် မောင်အောင်သူ၊ အသက် ၁၂ နှစ် ဆဋ္ဌမတန်းကျောင်းသားတို့သုံးဦးတို့သည် ရိတ်သိမ်းမြေပဲခင်းများအတွင်း မြေပဲကောက်သင်းကောက်နေရာမှ မကျီးချိုကျေးရွာ၏ တောင်ဘက်တစ်မိုင်ခန့်အကွာရှိ ကန်ပေါက်ကြီးကန်၊ အကျယ်ပေ ၂၅၀ အနက်ပေ ၃၀ ခန့်ရှိသော ရေကန်အနီးအရောက်တွင် မအိမွန်နှင့် မငြိမ်းငြိမ်းထွေးတို့နှစ်ဦးမှာ ကန်ပေါက်ကြီးကန်အတွင်းရှိ ကြာပန်းများခူးရန်အတွက် ရေကန်အတွင်းသို့ ဆင်းသွားခဲ့ရာမှ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမှုစစ်ရဲအရာရှိ၏ကနဦး စစ်ဆေးချက်အရ သိရသည်။

ယင်းကလေးငယ်နှစ်ဦး သေဆုံးခြင်းနှင့်ပတ်သက်၍ နတ်မောက်မြို့နယ်၊ မြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၉/၂၀၁၅ ဖြင့်အမှုဖွင့်ထားသည်။

**ကျော်ဇေယျ**

# ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်

**သထုံ နိုဝင်ဘာ ၇**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ခွင့်ပြုရန်ပုံငွေဖြင့် မြန်မာ့ရှုခင်း သမဝါယမလီမိတက်မှ တာဝန်ယူဆောင်ရွက်သည့် မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာတွင် ရေပေးရေး(စိမ့်စမ်းရေသွယ်) လုပ်ငန်းဆောင်ရွက်နေခြင်းအား သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက နိုဝင်ဘာ ၃ ရက်တွင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ဦးစီးမှူး)**



# ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့ လမ်းပိုင်းအားတိုးချဲ့ခင်းကျင်း

**ရေး နိုဝင်ဘာ ၇**

မွန်ပြည်နယ် ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်မျိုးအောင်ရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်းမကြီး၌ လွတ်လပ်ရေးကျောက်တိုင်ရှေ့လမ်းပိုင်းအား နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက ကတ္တရာခင်းကျင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီလမ်းက လမ်းဆုံလည်းဖြစ် လူသွားလာလည်းများတော့ ယာဉ်အန္တရာယ်လည်း မကြာခဏဖြစ်ပွားလေ့ရှိပါတယ်။ ယာဉ်တွေကလည်းတစ်နေ့တခြား ပိုလာတယ်။ အခုလိုလမ်းတို့ချဲ့ခင်းကျင်းပေးတဲ့အတွက် လမ်းသွားလာများမှာ ကျယ်ကျယ်ဝန်းဝန်း လွတ်လပ်ပေါ့ပါးစွာဖြတ်သန်းသွားလာနိုင်တာပေါ့" ဟု အဆိုပါလမ်းထိပ်ရှိ ဆိုင်ကယ်ကယ်ရီဂိတ်တွင် ဆိုင်ကယ်ဆွဲနေသူတစ်ဦးက ပြောသည်။

အဆိုပါလမ်းမကြီးပတ်ဝန်းကျင်တွင် ရေး အ-ထ-က(၁)ကျောင်းလည်း တည်ရှိနေပြီး လမ်းသုံးလမ်းဆုံရာ လူစည်းကားရာအချက်အချာကျသော လမ်းမကြီးလည်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း(သဃ်န်းကျွန်းမြို့နယ်)သို့ အနူးအညွတ်တောင်းပန်ခြင်း

အမေ့အိမ် ကိုယ်ပိုင်အထက်တန်းကျောင်းရှေ့တွင် ကြော်ငြာ Vinyl Board ဆိုင်းဘုတ်ကြီးများဖြင့် အောက်ဖော်ပြပါ ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဂုဏ်ထူးရှင်ကျောင်းသား၊ ကျောင်းသူများထဲမှ(၁၀)ဦး၏ အမည်များကို ထည့်သွင်းရေးသား၍ ကြော်ငြာမိပါသည်။

| | |
|---|---|
| ၁။ မစုစုဝေ | ဆသက(၉၃၅) မ၊ သ၊ ဝ၊ ရ၊ ဇ |
| ၂။ မောင်ဝေယံမိုး | ဆသက(၂၃၂၂) သ၊ ဝ၊ ရ၊ ဘ |
| ၃။ မမြင့်သင်းကြူခိုင် | ဆသက(၉၃၄) မ၊ ဝ၊ ရ၊ ဇ |
| ၄။ မောင်မင်းသူငြေး | ဆသက(၉၃၇) သ၊ ဝ၊ ဇ |
| ၅။ မောင်ဝင်းမြတ်ထွန်း | ဆသက(၉၄၂) ဝ၊ ရ၊ ဇ |
| ၆။ မောင်နန်းထိုက်အာကာ | ဆသက(၉၃၁) သ၊ ဇ |
| ၇။ မောင်အောင်ကျော်ကျော် | ဆသက(၉၃၂) ရ၊ ဇ |
| ၈။ မောင်ကိုဇင် | ဆသက(၉၃၆) ရ၊ ဇ |
| ၉။ မောင်မြတ်ဘုန်းခန့် | ဆသက(၂၃၁၃) သ |
| ၁၀။ မောင်မျိုးကိုကို | ဆသက(၂၃၀၇) ဘ |

အမှန်တကယ်မှာ အထက်ပါကျောင်းသား၊ ကျောင်းသူများသည် အမေ့အိမ်ကိုယ်ပိုင်အထက်တန်းကျောင်းမှမဟုတ်ဘဲ ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဂုဏ်ထူးရှင်ကျောင်းသား၊ ကျောင်းသူများသာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မှားယွင်းရေးသား ကြော်ငြာမိခဲ့ခြင်းအတွက် ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာမကြီး ဒေါ်စန်းစန်းနုနှင့်တကွ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများအားလုံးကို အနူးညွတ်တောင်းပန်ပါကြောင်း ကြေညာအပ်ပါသည်။

အမေ့အိမ်ပညာရေးမိသားစု

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-8008
707062, 09-861-7770

Be Love
ကျန်းမာရေးနှင့်အလှကုန်ပစ္စည်း
ရောင်းဝယ်ရေး Marketing
ကျား(၂)ဦး အလိုရှိသည်။
ဆက်ဆံရေးပြေပြစ်ပြီး တက်ကြွ
လှုပ်ရှားနိုင်သူဖြစ်ရမည်။
လိပ်စာ-
ရွှေခင်းသာအိမ်ရာ၊ သာကေတ-၅ကွေ့၊
ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၃၉၃၅၅၂

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သန်လျင်မြို့၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ်(၂၁)နေ ဒေါ်မိမိဝင်း၏ သားဖြစ်သူ မောင်သုတကို[၁၂/သလန(နိုင်)၁၃၅၁၂၁] သည် မိဘပြောစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်၍ ၎င်းအား ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား ယနေ့မှစ၍ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

မိခင်-ဒေါ်မိမိဝင်း

# သဘာဝဘေးသင့်ပြည်သူများထံသို့ ကျန်းမာရေးပညာပေးဟောပြော၍ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်

**တီးတိန် နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးကက်သလစ်သာသနာပိုင်(ကလေးမြို့) ဂိုဏ်းအုပ် ဆရာတော်ကြီး Felix Lian Khen Thang ၏ လမ်းညွှန်ချက်အရ သဘာဝဘေးအန္တရာယ်သင့် ပြည်သူများအတွက် ကုသိုလ်ရှင်များဖြစ်ကြသော အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ဆပ်ကော်မတီတာဝန်ခံ ဘုန်းတော်ကြီး John Deng Cin Khup၊ ဥက္ကဋ္ဌ Simon ဒေါက်တာထွမ်ခန့်ဆွမ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဂိုခန့်နွမ်းတို့ဦးဆောင်ကာ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး၊ ငှက်ဖျား၊ ခုခံ ကျ/ကာလ ဆရာဝန်နှင့် အရိုး၊ အကြောအထူးကု ဆရာဝန်ကြီးများလိုက်ပါလျက် ကက်သလစ်ဘုန်းတော်ကြီးများ၊ သာသနာ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် ချင်းပြည်နယ်နှင့် ကလေးမြို့နယ်အတွင်းရှိ သဘာဝဘေးအန္တရာယ်သင့် ပြည်သူများထံသို့ ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် စက်တင်ဘာ ၂၇ ရက်က ချင်းပြည်နယ် တွန်းဇံမြို့နယ် ခွမ်နွဲကျေးရွာရှိ သဘာဝဘေးအန္တရာယ်သင့်အိမ်ထောင်စု ၈၀ နှင့် အထွေထွေလူနာ ၄၀၄ ဦးတို့အားလည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်က တီးတိန်မြို့ ကယ်ဆယ်ရေးစခန်းတွင် ကျန်းမာရေးစောင့်ရှောက်ရန် လိုအပ်သူ ရေဘေးသင့်ပြည်သူများနှင့် ဒေသခံပြည်သူ ၅၇၆ ဦးတို့အားလည်းကောင်း၊ နိုဝင်ဘာ ၁ ရက်က ဆဲဘောက်ကျေးရွာအုပ်စု တွီးခိန်ဇန်ရွာသစ်တွင် သွားဘက်ဆိုင်ရာလူနာ ၄၁ ဦး၊ အရိုးအကြော ခွဲစိတ်ကုသလူနာ ၇၅ ဦးနှင့် အထွေထွေရောဂါလူနာ ၂၂၈ ဦး စုစုပေါင်း လူနာ ၃၄၄ ဦးတို့အားလည်းကောင်း ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးစခန်းသို့လည်းကောင်း ကွင်းဆင်း၍ ကျန်းမာရေး ပညာပေး ဟောပြောပြီး အခမဲ့စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။



တွီးခိန်ဇန်ကျေးရွာဒေသခံပြည်သူများကို မေးမြန်းရာ၌ "ဖြစ်ပွားမှုအများဆုံးမှာ ဝမ်းနှင့်ပတ်သက်သည့် ရောဂါဖြစ်ပြီး ရေသန့်မရှိခြင်းကြောင့် ဖြစ်သည်ဟု သုံးသပ်ရကြောင်း၊ ရွာသစ်ဖြစ်၍ ရေတွင်းမရှိ၊ မြောင်းရေသာ သောက်သုံးရေအဖြစ် အသုံးပြု၍ မြောင်းရေခန်းခြောက်လာပါက သောက်သုံးရေပြတ်လပ်သွားမည်ဖြစ်ရာ အစိုးရအနေဖြင့် ရေတွင်းတူးဖော်ပေးစေလိုကြောင်း၊ ပညာရေးကဏ္ဍမှာလည်း ရွာသစ်တွင် စာသင်ကျောင်း မြေနေရာရှိထားပြီးဖြစ်၍ စာသင်ကျောင်း ဆောက်လုပ်ပေးစေလိုကြောင်း၊ အောက်တိုဘာလ စာမေးပွဲတွင် ကျောင်းသားဦးရေ ၁၂၁ ဦးရှိပြီး တစ်ဝက်ခန့်ကသာ စာမေးပွဲလာရောက်ဖြေဆိုနိုင်ကြောင်း၊ အစိုးရခန့် ကျောင်းဆရာ၊ ဆရာမ ၁၂ ဦး ဖွဲ့စည်းပုံအရရှိသော်လည်း လက်ရှိတွင် ခုနစ်ဦးသာရှိသဖြင့် ဆရာ၊ ဆရာမ လုံလောက်မှုမရှိကြောင်း၊ ယခုအချိန်အထိ ယာယီတဲများ၌သာ ရှိနေဆဲဖြစ်၍ မူလဘဝသို့ ပြန်လည်ရောက်ရှိနိုင်အောင် အကူအညီများစွာ လိုအပ်နေကြောင်း ပြောပြခဲ့သည်။

အလားတူ အောက်တိုဘာလအတွင်းကလည်း စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကံဦးကျေးရွာသို့သွားရောက်၍ ကျန်းမာရေးပညာပေးဟောပြောပွဲ ပြုလုပ်ပေးပြီး လူနာ ၂၃၈ ဦးတို့ကိုလည်း အခမဲ့ကွင်းဆင်းစမ်းသပ်ကုသပေးခဲ့သည်။

တွီးခိန်ဇန်ကျေးရွာသစ်တွင် လက်ရှိအိမ်ခြေ ၁၈၇ အိမ်ရှိပြီး ပတ်ဝန်းကျင်ရှိ ရေဘေးသင့်ကျေးရွာများမှလည်း တွီးခိန်ဇန်ကျေးရွာသစ်သို့ ပြောင်းရွှေ့နေထိုင်ရန် အစီအစဉ်ရှိကြောင်း၊ တွီးခိန်ဇန်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်နှင့် တွန်းဇံမြို့နယ်တို့၏ နယ်စပ်တွင်တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေပေးအပ်

**ကန့်ဘလူ နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေပေးအပ်ပွဲကို နိုဝင်ဘာ ၆ ရက်နံနက် ၁၀ နာရီက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီရုံး (ယာယီ)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် မြို့နယ်ဖွံ့ဖြိုးရေးနှင့် ထောက်ပံ့ရေးဥက္ကဋ္ဌ ဦးသောင်းငွေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် တာဝန်ရှိသူများက အမှတ် ၄ ရပ်ကွက်၊ ဂါထာ၊ သဘွတ်ကုန်း၊ တိန်တော၊ နတ်ပေး၊ ဘုတ္တောကျေးရွာများသို့ ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အထောက်အကူပြု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသီးသီးလက်ခံရယူခဲ့ကြသည်။

"အဓိကအားဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် လမ်း၊ တံတား၊ Box Culvert များ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးခြင်းဖြစ်ပြီး၊ နိုဝင်ဘာ ၁ ရက်က ကိုးထောင်ဘို့၊ မြေထူးကျေးရွာများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်ဖွံ့ဖြိုးရေးနှင့် ထောက်ပံ့ရေးဥက္ကဋ္ဌ ဦးသောင်းငွေက ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ချမ်းမြသာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**မန္တလေး နိုဝင်ဘာ ၇**

မူးယစ်တပ်ဖွဲ့စု (၁၈) မှ ရဲအုပ်ထန်းနိန် ဦးစီးအဖွဲ့၊ နယ်မြေရဲစခန်း (၁၁) မှ ရဲအုပ်ဇော်မင်းထိုက်တို့သည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါး ကြိုတင်သတင်းအရ နိုဝင်ဘာ ၅ ရက် နံနက် ၁၁ နာရီခွဲက ချမ်းမြသာစည်မြို့နယ် (ဃ)ရပ်ကွက် ၆၂ လမ်း ကံ့ကော်လမ်းနှင့် အောင်မင်္ဂလာလမ်းကြားရှိ စားသောက်ဆိုင်တွင် ဝယ်လက်ဆင်ဖမ်းဆီးရန် စောင့်ဆိုင်းနေစဉ် သတင်းရရှိထားသူ ဝေယံအောင် (ခ) ဝေယံမှ ဆိုင်အတွင်းသို့ ဝင်ရောက်လာသဖြင့် သက်သေများနှင့်အတူ ရှာဖွေရာ အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်အတွင်း ထည့်ထားသည့် ၈၈/၁ စာတန်းပါ ပန်းရောင်စိတ်ကြွ ဆေးပြားတစ်ထုပ်လျှင် ၂၀၀ ပြားစီပါ ငါးထုပ်၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ပြား၊ အလေးချိန် ၁၀၀ ဂရမ်၊ ၎င်းဝတ်ဆင်ထားသော အင်္ကျီလက်ရှည် ရှေ့ညာဘက်အိပ်ကပ်အတွင်းမှ အဖြူရောင်ပလတ်စတစ် အိတ်ဖြင့် ထည့်လျက် ၈၈/၁ စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၈ ပြား၊ အလေးချိန် ၁ ဒသမ ၈ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား သက်သေများနှင့်အတူ ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းကြောင့် ရဲအုပ်အောင်ဇော်မြင့်က ရှာဖွေပုံစံရေးသွင်းသိမ်းဆည်းခဲ့ပြီး ၎င်း၏နေအိမ်တွင် စိတ်ကြွဆေးပြားများ ကျန်ရှိနေသေးကြောင်း သိရှိရသဖြင့် ဝေယံအောင်(ခ)ဝေယံနေထိုင်သည့် နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အပေါ်ထပ် ၎င်းအိပ်သည့် အိပ်ခန်း အိပ်ရာအောက်မှ ၈၈/၁ စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၀၈ ပြား၊ အလေးချိန် ၁၀ ဒသမ ၈ ဂရမ်အား တွေ့ရှိခဲ့သည်။ ယင်းအား စစ်မေးရာ လွန်ခဲ့သော သုံးရက်ခန့်က ရှမ်းပြည်နယ် နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာတွင် နေထိုင်သူကိုထွန်းနှင့် ရွှေညောင်ပင်လမ်းခွဲ နောင်ချိုမြို့နယ်တွင် ချိန်းဆို၍ စိတ်ကြွဆေးပြား တစ်ထုပ်လျှင် ကျပ်သုံးသိန်းဖြင့် ဆေးပြား ငါးထုပ်ဝယ်ယူခဲ့ပြီး ရောင်းဝယ်သုံးစွဲရာမှ ကျန်ရှိသောပစ္စည်းများဖြစ်ကြောင်းပေါ်ပေါက်ခဲ့သည်။

ယင်းကြောင့် ဝေယံအောင်(ခ) ဝေယံ၊ ကိုထွန်း (စုံစမ်းဆဲ)တို့ နှစ်ဦးအားအမှတ် (၁၁)နယ်မြေရဲစခန်းက မယ (ပ) ၁၈ / ၂၀၁၅၊ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် ၁၅ အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**



## စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ နှင့် ဘိန်းဖြူသုည ဒသမ ၀၀၉၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၅ ရက်က မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် လုံးခင်းကျေး ရွာအုပ်စု မော်စီစာကျေးရွာ ကျောက်ဝိုင်းရပ်ကွက်နေ ငွေးနိုင်(ခ)ရှမ်းလေး၏ နေအိမ်ကို ရှာဖွေရာ ငွေးနိုင်(ခ) ရှမ်းလေး၏ ယာဘက်လက်တွင် ဆုပ်ကိုင်ထားသည့် အပြာရောင်ကပ်ခွာ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ ပြားနှင့် ၎င်းထိုင်နေသည့် ယာဘက်ရှိ တစ်ရှုးဘူးအတွင်းမှ ပင်နယ်ဆီလင်ပုလင်းဖြင့် ထည့်လျက် ဘိန်းဖြူ သုည ဒသမ ၀၀၉၅ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် ငွေးနိုင်(ခ) ရှမ်းလေး (၃၅) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ အရအရေးယူထားကြောင်း သိရသည်။

**ကြေးမုံ**

## ကြိုတင်ဆန္ဒမဲပေးခြင်းကြည့်ရှု

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိရပ်ကွက် စုစုပေါင်း ၂၇ ရပ်ကွက်မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရပ်ကွက်ထောက်အကူပြုအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အကြောင်းအမျိုးမျိုးကြောင့် လာရောက်ဆန္ဒမဲမထည့်နိုင်သူများကို ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံး၌ မဲရုံဖွင့်လှစ်ပြီး မဲစာရင်းတွင်ပါဝင်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများကို ကြိုတင်မဲပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိရာ နိုဝင်ဘာ ၇ရက်ညနေ ၆နာရီ အထိ အမှတ် (၉) ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ဆန္ဒမဲပေးပြည်သူ ၁၅၀ ရှိကြောင်းသိရသည်။ **မြင့်သန်းကြည်(ရွှေပြည်သာ)**

# ဟိုပင်–ကုန်းသာ–လုံးတုံ–ညောင်ပင် ကားလမ်း တိုးချဲ့၍ကတ္တရာခင်းကျင်း

**ဟိုပင် နိုဝင်ဘာ ၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲတွင် နိုဝင်ဘာ ၆ ရက်က ဟိုပင်-ကုန်းသာ - လုံးတုံ-ညောင်ပင် ကားလမ်းပိုင်းတိုးချဲ့ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါကားလမ်းပိုင်းသည် ယခင်က ခင်းကျင်းလျက်ရှိသော ကတ္တရာလမ်း အကျယ်မှာ ၁၂ ပေရှိရာမှာ ယခုအခါ လမ်းဘေး ဝဲ၊ ယာ အကျယ်သုံးပေစီ ထပ်မံတိုးချဲ့ရာ လမ်းအကျယ် ၁၈ ပေနှင့် ထပ်ပိုးလွှာခင်းခြင်း အပါအဝင် စုစုပေါင်းပေ ၂၀ အကျယ်အထိရှိမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်ကြီးများနှင့် ယာဉ်ငယ်များ၊ သုံးဘီးယာဉ်များ၊ မော်တော်ဆိုင်ကယ်များ နေ့စဉ် ဖြတ်သန်းသွားလာမှုမှာ တစ်နေ့ထက်တစ်နေ့ပိုမိုများပြားလာသကဲ့သို့ တိုးတက်လာသော ခေတ်နှင့်အညီ မော်တော်ယာဉ်များ၊ ခရီးသွားများ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်စေရန်အတွက် ကတ္တရာလမ်းကို တိုးချဲ့ပြုပြင်ရခြင်းဖြစ်ကြောင်း မိုးညှင်းခရိုင် လမ်းပြု ပြင်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“အရင်က ဒီကတ္တရာလမ်းပိုင်းဟာ အကျယ် ၁၂ ပေ ပါ။ အခုအခါလမ်းဘေးတစ်ဖက်စီကို သုံးပေစီဆိုရင် ၁၈ ပေပါ။ ထပ်ပိုးလွှာခင်းပြီးပြီဆိုရင် စုစုပေါင်းအကျယ်ပေ ၂၀ ထိရှိအောင် လုပ်ဆောင်သွားမှာပါ။ ကျွန်တော်တို့အဖွဲ့ တာဝန်ယူရတဲ့ လမ်းပိုင်းကတော့ ဟိုပင်ကနေ မိုင်တိုင်အမှတ် ၁/၅ မှ ၂/၇ အထိပါ။ ကျန်လမ်းပိုင်တွေကိုတော့ ကန်ထရိုက်အသီးသီးကနေ အပိုင်းလိုက် တာဝန်ယူဆောင်ရွက်နေပါတယ်။ နေ့စဉ်လုပ်သား ၂၅ ဦးနဲ့ လုပ်ဆောင်နေပါတယ်။ လုပ်အားခအနေနဲ့ အမျိုးသားတစ်ဦးကို ကျပ် ၅၀၀၀၊ အမျိုးသမီးတစ်ဦးကို ကျပ် ၄၀၀၀ ပေးရပါတယ်။ ရှစ်မိုင်-နန့်မွန်းတောင်ပေါ် တောင်ပတ်လမ်းပိုင်းကိုတော့ တောင်ဖြိုပြီး ကတ္တရာလမ်းအကျယ်ပေ ၂၀ ထိ တိုးချဲ့လုပ်ဆောင်သွားမှာပါ” ဟု တာဝန်ခံလုပ်သားခေါင်း ကြီးကြပ်သူ ဦးသိန်းက ပြောသည်။



အဆိုပါ ဟိုပင်-ကုန်းသာ-လုံးတုံ-ညောင်ပင် ကားလမ်းပိုင်း အကျယ်ပေ ၂၀ တိုးချဲ့ခင်းကျင်းပြီးစီးပါက ကုန်တင်မော်တော်ယာဉ်ကြီးများနှင့် ယာဉ်ငယ်များ၊ မော်တော်ဆိုင်ကယ်များနှင့် ဒေသအတွင်းခရီးသွားလာ ကြသူများ စိတ်ချမ်းမြေ့စွာဖြင့် လိုရာခရီးကို သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **နီတိုး**

# ရမည်းသင်းနှင့် ဝက်ထီးကန် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲတပ်သားသစ်များ သင်တန်းဆင်း

**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း(ရမည်းသင်း)တွင် အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည့် ရဲတပ်သားသစ်သင်တန်း အမှတ်စဉ် (၂၁၅/၂၀၁၅) စည်သူတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၇ နာရီက အဆိုပါလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေး အရာရှိချုပ် ရဲမှူးချုပ်ဇော်မိုးသန်း တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားခဲ့ပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၉၅ ဦး တက်ရောက်အောင်မြင်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ၊ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၆၁၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အလားတူ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်း(ဝက်ထီးကန်)တွင် အောက်တိုဘာ ၁၈ ရက် မှ နိုဝင်ဘာ ၆ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည့် ရဲတပ်သားသစ်သင်တန်း အမှတ်စဉ် (၂၇၉/၂၀၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယင်းနေ့ နံနက် ၇ နာရီ ၁၅ မိနစ်က အဆိုပါသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က သင်တန်းဆင်း မိန့်ခွန်းပြောကြားခဲ့ပြီး သင်တန်းထူးချွန်ဆု ရရှိသူများအား ဆုများ အသီးသီး ပေးအပ် ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၈၈ ဦး တက်ရောက် အောင်မြင်ခဲ့ကြောင်းနှင့် သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ၊ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၅၀၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

❑

## ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင်

## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး

## (၁၈)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်

## ကပ်လှူပူဇော်ပွဲနှင့်

## ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲ

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော (၁၈)ကြိမ်မြောက် မသိုးသင်္ကန်းပြိုင်ပွဲ ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲအား (၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁၄ ရက်)၂၅-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရင်ပြင်တော်၌ ဖွင့်ပွဲအခမ်းအနားကျင်းပ၍ ဆက်လက်ရက်လုပ်ကာ (၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့) ၂၆-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် အရုဏ်မတက်မီ ၄း၃၀နာရီတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ မသိုးသင်္ကန်းတော်များ ကပ်လှူပူဇော်ပါမည်။ နံနက် ၅း၁၅ နာရီတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပြီး နံနက် ၆ နာရီတွင် ရေစက်ချအနုမောဒနာ တရားနာကြားကြပါမည်။

သဒ္ဓါကြည်လင် ပါရမီရှင်များအား မသိုးသင်္ကန်းရက်ပြိုင်ပွဲကြီးနှင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲကြီးသို့ ကြွရောက်၍ ကြည်ညိုသဒ္ဓါပွားများနိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါကြောင်းနှင့် မသိုးသင်္ကန်းအလှူ နှင့် ဆွမ်းတော်ကြီး အလှူကုသိုလ်များ ပါဝင်လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံးသို့ အချိန်မီ ဆက်သွယ်လှူဒါန်း နိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ - ၆၆၀၀၀၂၊ ၆၆၅၄၂၅

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊မြေကွက်အမှတ်(၅၄)၊မြေကွက်တည်နေရာအမှတ်(၅၄)၊ပျဉ်းကတိုးလမ်း၊(၃၄)ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်း၊ဒေါ်အေးအေးမြင့်(၁၂/ရကန(နိုင်)၀၁၃၀၄၃)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဒေါ်အေးအေးမြင့်(မိခင်)နှင့်ဦးဝင်းဆေ(ဖခင်)တို့ကွယ်လွန်သဖြင့်မိခင်၊ဖခင်တို့၏သေစာရင်း၊ပုံစံ(၁၀)၊သန်းခေါင်စာရင်း၊ကျမ်းကျိန်လွှာ၊ဘေးပတ်ဝန်းကျင်၏ထောက်ခံကျမ်းကျိန်လွှာဖြင့်ဦးသိန်းစိုးဦး(၁၂/ရကန(နိုင်)၀၁၃၀၂၁)၊ဒေါ်ခင်မြင့်မြင့်ဝင်း(၁၂/ရကန(နိုင်)၀၁၃၀၄၆)ဦးဇော်မြင့်ဝင်း(၁၂/မဘန(နိုင်)၀၀၂၀၀၁)၊ဒေါ်ခင်ချိုချိုဝင်း(၁၂/ရကန(နိုင်)၀၁၃၀၄၇)မှပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၆၃/က)၊ မြေကွက်တည်နေရာအမှတ်-၆၃/က၊ သုတ(၂)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးကြင်ဦး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြင်ဦးထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၁၂/၂၀၁၅)ဖြင့်ရရှိသူ SP ဦးဟန်လင်း [၁၂/ဥကတ(နိုင်)၀၀၆၀၆၅]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ၎င်းပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ (၁၄၉/၂၀၁၅)တင်ပြပြီး အိမ်ဆောက်မြေပုံကူးရာတွင် မြေစာရင်းရှိ ၂၀၀၀ခုနှစ်က ဦးကြင်ဦး ကူးယူခဲ့သော အရောင်းမြေပုံမှာ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အိမ်ဆောက်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မူဆယ်မြို့၊ တောင်ရပ်ကွက်(တ/၁၈၆)နေ
ဦးမာဂမ်(ခ)ဦးအေးမောင်-(ဒေါ်ရှောဆိုင်)တို့၏ တစ်ဦးတည်းသောသား
**စိုင်းအိုက်ပီး**
နှင့်
ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂၉/၁၀၅)၊ နွယ်သာဂီလမ်းနေ၊
ဗိုလ်မှူးချုပ်မောင်မောင်(ငြိမ်း)-ဒေါ်နော်ဘွေဖေါတို့၏ သမီးငယ်
**မနှင်းသန္တာမောင်(ခ) မိဂု**

တို့၏ အင်းစိန်မြို့နယ်၊ အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်၊ အောင်ဆန်းပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ မြိုင်သီလရှင်စာသင်တိုက် အသီးသီးတို့တွင် ပြုလုပ်သော မင်္ဂလာဆွမ်းကျွေးပွဲများသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် စိုင်းအိုက်ပီး-မနှင်းသန္တာမောင်(ခ)(မိဂု)

## မွေးနေ့ဆုတောင်း

**ကိုဝင်းဇော်ဌေး(ခ)ကိုဘိုဘို**
ခေတ္တ-ဂျပန်

၈-၁၁-၂၀၁၅ရက် မွေးနေ့ရက်မြတ်မင်္ဂလာမှသည် ကျန်းမာချမ်းသာ၍ သား၏ဆန္ဒမှန်သမျှ ပြည့်စုံရရှိပါစေ၊ ဆုတောင်းမေတ္တာများစွာဖြင့်-

ဖေကြီး-ဦးမောင်မောင်ဌေး-မေကြီး ဒေါ်ခင်ဝင်းကြည်
ကိုကြီး-ကိုကျော်လင်းအောင်-မကြီး မတင်ငြိမ်းငြိမ်းဌေး
ချစ်တူမလေး-သွန်းနေခြည်လင်း(**GRADE 7** လသား၂)
ချစ်တူလေး-ကောင်းထက်ဉာဏ်(ခ)ဖိုးလပြည့်

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရတနာပုံတက္ကသိုလ်
## "ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း"

၁။ ရတနာပုံတက္ကသိုလ်၏ (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည် ဖြစ်ပါသဖြင့် ရတနာပုံတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ပေါင်းစည်း ဆက်သွယ်ထားသော မြင်းခြံဒီဂရီကောလိပ်တို့မှ ၂၀၁၄-၂၀၁၅ပညာသင်နှစ်အတွက်

**၂၀၁၅ခုနှစ်၊ ဖွန်လတွင် ကျင်းပပြုလုပ်ခဲ့သော-**

(က) မဟာသုတေသနဘွဲ့(MRes)စာမေးပွဲအောင်မြင်ပြီးသူများ။

**၂၀၁၅ခုနှစ်၊ မေလတွင် ကျင်းပပြုလုပ်ခဲ့သော-**

(ခ) မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့/မဟာဥပဒေဘွဲ့(MA/MSc/LLM) စာမေးပွဲ အောင်မြင်ပြီးသူများ။

**၂၀၁၅ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော-**

(ဂ) ဝိဇ္ဇာ/သိပ္ပံ(BA/BSc)နောက်ဆုံးနှစ် စာမေးပွဲအောင်မြင်ပြီးသူများ။

၂။ ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့ လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဤတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနမှ ရယူဖြည့်စွက်ပြီး **၁၀-၁၁-၂၀၁၅ရက်မှ ၄-၁၂-၂၀၁၅ရက်အထိ** စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင်၊ (၆)လအတွင်း ရိုက်ကူးထားသော (၂"×၁½")ဓာတ်ပုံ(၃)ပုံနှင့်အတူ လျှောက်ထားတင်သွင်းနိုင်ကြပါသည်။

ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ယူသူများအတွက် (၁၅၀၀ိ/-)ဖြစ်ပြီး၊ အဝေးရောက်ဘွဲ့ယူသူများအတွက် (၁၀၀၀ိ/-)ဖြစ်ပါသည်။

၃။ စာတိုက်မှပေးပို့သည့်အခါ ငွေပို့လွှာတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"**ဟု ဖော်ပြပြီး ပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ်သို့ လိပ်မူ၍ **လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက်ရောက်ခဲ့သည့် တက္ကသိုလ်/ဒီဂရီကောလိပ်နှင့်နေရပ်လိပ်စာ အပြည့်အစုံကို** တိကျစွာဖော်ပြရပါမည်။

၄။ ၂၀၁၄-၂၀၁၅ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၅။ ဘွဲ့ယူကြမည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား(သို့မဟုတ်) (ဧည့်) နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်)နိုင်ငံသား(ပြု)လက်မှတ်မူရင်း တင်ပြကြရမည်ဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားလက်မှတ်မူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ် ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(ခင်မောင်လွင်)**
**လက်ထောက်မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ရတနာပုံတက္ကသိုလ်**

## သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

ရုံးအမှတ်(၁၆)၊ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်တွင် အသုံးပြုခြင်းမရှိတော့သည့် ပရိဘောဂအဟောင်း/အပျက်များ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း အဟောင်း/အပျက်များ၊ Aircon အဟောင်း/အပျက်များ၊ လက်နှိပ်စက်/စာကူးစက် အဟောင်း/အပျက်များကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| | |
|---|---|
| လေလံပုံစံရောင်းချမည့်ရက် | - ၁၆-၁၁-၂၀၁၅ရက်မှ၂၀-၁၁-၂၀၁၅ရက်ထိ နံနက်(၉း၃၀)နာရီမှ ညနေ(၁၆း၃၀)နာရီအတွင်း |
| လေလံပုံစံရောင်းချမည့်နေရာ | - ရုံးအမှတ်(၁၆)၊ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော် |
| လေလံဖွင့်ပွဲပြုလုပ်မည့်နေ့ရက်နှင့်နေရာ | - ၂၃-၁၁-၂၀၁၅ရက်၊ ရုံးအမှတ်(၁၆)၊ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၃၆၊ ၄၁၀၂၂၃ |

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
### ၁၄/၂၀၁၅-၂၀၁၆ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

| | |
|---|---|
| (က) ရောင်းချမည့်ရက်နှင့်အချိန် | - ၁၈-၁၁-၂၀၁၅ရက်မှ<br>- ၁၉-၁၁-၂၀၁၅ရက်ထိ ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ |
| (ခ) ရောင်းချမည့် အမျိုးအစားနှင့်တန် | - ကျွန်းသစ်လုံး(၇၄၅)တန်ခန့်<br>သစ်မာ သစ်လုံး(၁၁၈၂၄)တန်ခန့်<br>ကျွန်းခွဲသား (၇၀)တန်ခန့်<br>သစ်မာခွဲသား (၁၀၈)တန်ခန့်<br>(ပိတောက်/တမလန်းသစ်များပါဝင်ပါသည်။) |
| (ဂ) ရောင်းချမည့်နေရာ | - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း Web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## ပဲခူးမြို့နယ်အသင်း(ရန်ကုန်)
## ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲဖိတ်ကြားလွှာ

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို ၂၂-၁၁-၂၀၁၅ရက်၊ နံနက် ၁၀နာရီတွင် အသင်းတိုက် တည်ရှိရာ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်ဆန်းအားကစားကွင်းမြောက်ဘက်ခြမ်းအဆောက်အအုံ၊ ဒုတိယထပ်၊ အခန်း(၁၀/၁၁)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသား၊ အသင်းသူများ၊ အသင်း၏မိတ်ဆွေသင်္ဂဟများ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီး ညွန့်ဇော်(ငြိမ်း)(ဥက္ကဋ္ဌ)ဖုန်း ၀၉-၂၆၀၃၃၇၇၂၂၊ ဦးဟန်ကြူ(ဒု-ဥက္ကဋ္ဌ)ဖုန်း ၀၉-၅၁၂၀၂၃၇၊ ဦးဝင်းမြင့်(အတွင်းရေးမှူး)ဖုန်း ၀၉-၅၁၄၈၂၀၄၊ ဦးမောင်မောင်(တွဲဖက်အတွင်းရေးမှူး)ဖုန်း-၀၉-၂၅၁၁၇၀၉၂၆၊ ဦးခင်စိုး(ဘဏ္ဍာရေးမှူး)ဖုန်း-၀၁-၄၀၀၁၄၂ နှင့်ပဲခူးမြို့နယ်အသင်း(ရန်ကုန်)ဖုန်း ၀၁-၃၇၈၃၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပဲခူးမြို့နယ်အသင်း(ရန်ကုန်)**

## မန္တလေးအသင်း(ရန်ကုန်)
## မဟာဘုံကထိန်နှင့် သက်ကြီးပူဇော်ပွဲ
## ဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ (၃၆)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းတို့ကို ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် "မင်းကွန်း တောရစာသင်တိုက်"မှ ဝါဆိုသံဃာအပါး (၃၅)ပါးတို့အား ဆက်ကပ်လှူဒါန်းပွဲနှင့် (၄၁)ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲတို့ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(က) လှူဖွယ်ပစ္စည်းများကို အသင်းတိုက်သို့ လာရောက်လှူဒါန်းနိုင်ပါသည်။
(ခ) အသက်(၇၅)နှစ်မှအထက် အသင်းဝင် ဘိုး၊ဘွားများ (၁၃-၁၁-၂၀၁၅)ရက် ညနေ(၄)နာရီ နောက်ဆုံးစာရင်းပေးသွင်းကြပါရန်။

**အစီအစဉ်**

(၁) ၁၄-၁၁-၂၀၁၅ရက်(စနေနေ့) ကထိန်အကြိုနေ့ မွန်းလွဲ(၂)နာရီတွင် မန္တလေးအသင်း(ရန်ကုန်)ခန်းမ၌ သက်ကြီးပူဇော်ပွဲကျင်းပ ပြုလုပ်ပြီး၊ မန္တလေးကြာဆံဟင်း၊ တာဝတိံသာ သီးသီးသုပ်၊ မက်မန်းပေါင်း၊ ငါးပိကြော်တို့ဖြင့်ကထိန်အကြို ဧည့်ခံပါမည်။
(၂) ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မန္တလေးအသင်း(ရန်ကုန်)ခန်းမ၌ ကထိန်လျာသင်္ကန်း ဆက်ကပ်ပြီး ကထိန်အနုမောဒနာ တရားတော်များ နာယူ၍ ရေစက်ချလှူဒါန်းပါမည်။ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ဧည့်ပရိသတ်များအား နံနက်စာဖြင့် ဧည့်ခံပါမည်။

**မန္တလေးအသင်းအမှုဆောင်အဖွဲ့**
**အမှတ်(၆၂၈/၆၃၂) ပထမထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်။**
**ဖုန်း-၃၈၈၆၀၃၊ ၃၇၅၅၉၄**

## ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်
## (၁၉၇၃-၁၉၇၇)ခုနှစ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊
## ကျောင်းသူများ၏ ဆဋ္ဌမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်(၁၉၇၃/၁၉၇၇)ခုနှစ် ဓာတုဗေဒနှင့်ကုန်ထုတ်ဓာတုဗေဒဘာသာရပ်များတွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများ၏ ဆဋ္ဌမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီမှ ၁၂နာရီအထိ Central Hotel ၌ကျင်းပမည်ဖြစ်ပါ၍ အောက်ပါကျင်းပရေး ကော်မတီဝင်များနှင့် ဆက်သွယ်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်-**

**၁။ ဦးသန်းထွဋ်(Section I)ဖုန်း ၀၉-၇၃၃၁၁၀၀၇၊ ၀၉-၅၀၁၁၀၀၇**
**၂။ ဦးတင်ဝင်း(Section II)ဖုန်း ၀၁-၅၅၁၄၄၆၊ ၀၉၄၂၅၃၂၀၉၁၄**
**၃။ ဦးကျော်တင့်(Section III)ဖုန်း ၀၉-၇၃၀၁၇၁၈၆၊ ၀၉-၃၆၇၂၆၄၅၁**
**၄။ ဩဝင်း(IC) ဖုန်း ၀၉-၅၃၉၀၄၀၇**
**၅။ ဒေါ်ညိုမိခင်မောင်ဦး(Section I)ဖုန်း ၀၉-၄၃၀၇၅၂၄၈၊၀၉-၂၅၀၅၁၀၂၁၆**
**၆။ဒေါ်စန်းစန်းနွဲ့(ဘုတ်ဆုံ)(Section II)ဖုန်း ၀၉-၅၁၀၉၁၄၆၊ ၀၉-၇၈၅၁၀၉၁၃၆**
**၇။ဒေါ်ရင်ရင်နွယ်(ရီချိန်း)(Section III)ဖုန်း ၀၉-၅၅၀၃၄၅၂**
**၈။ဒေါ်ရီရီမြင့်(ပေစီ)(IC)ဖုန်း၀၉-၄၂၁၇၁၈၅၄၄၊ ၀၉-၇၉၉၂၃၂၄၂၃**

## အထက(၅)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ
## နှိုးဆော်လွှာ

အထက(၅)ဗိုလ်တထောင် ကျောင်းတော်ကြီးတွင် ပညာသင်ကြားပို့ချခဲ့သော ဆရာ ဆရာမများ၏ အာစရိယ ဂုဏ်ကျေးဇူးကို ပူဇော်ကန်တော့လိုပါသဖြင့် အာစရိယပူဇော်ပွဲကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်တွင် ကျင်းပရန် စီစဉ်ထားပါသဖြင့် အထက(၅)ဗိုလ်တထောင်တွင် ပညာသင်ကြားခဲ့သော (၁၉၈၅ခုနှစ်မှ-၁၉၉၄ခုနှစ်အတွင်း အခြေခံပညာအထက်တန်းထိ) ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းများအားလုံးအင်တိုက်အားတိုက် ပါဝင်နိုင်ရန် ခင်မင်ရင်းနှီး သတိရစွာဖြင့် အသိပေး နှိုးဆော်အပ်ပါသည်။

အလှူငွေများပါဝင်၊ ထည့်ဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ကိုအောင်သိန်း(၁၉၈၇)-၀၉-၅၀၁၄၂၇၇ | ကိုကျော်မင်းမြတ်(၁၉၈၈)-၀၉-၄၃၀၈၂၈၄၂ |
| မကေသီခိုင်(၁၉၈၅)-၀၉-၅၀၀၉၉၁၇ | မဝတ်မှုံ(၁၉၈၈)-၀၉-၅၀၀၁၀၇၆ |
| ကိုနိုင်တူး(၁၉၈၇)-၀၉-၅၀၄၇၄၃၃ | မတင်စန်းအေး(၁၉၉၀)-၀၉၅၀၀၂၄၉၄ |
| ကိုမိုးဇော်မြင့်(၁၉၉၂)-၀၉-၅၁၉၀၂၃၆ | ကိုစိုးမင်းဇော်(၁၉၉၃)-၀၉-၇၃၀၇၉၀၀၂ |
| ကိုမျိုးသိန်းထွန်း(၁၉၉၄)-၀၉-၅၁၈၈၃၈၇ | မထက်ထက်အောင်(၁၉၉၄)-၀၉-၅၁၃၃၇၆၅ |
| မကြည်ကြည်ဝင်း(၈၆)-၀၉-၂၅၄၄၈၈၄၃၉ | မမာမာချို(၈၆)-၀၉-၉၇၂၂၉၀၃၇၀ |

**အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ**

**အမည်မှန်**

အဖ ဦးမြင့်ထွန်း၏သမီးဖြစ်သူ မမေဇင်ညိမ်း၏အမည်မှန်မှာ မမေဇင်ငြိမ်း[၁၂/လကန(နိုင်)၁၆၇၅၄၀]ဖြစ်ပါသည်။

**မမေဇင်ငြိမ်း**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မခင်မျိုးရီ[၈/မမန(နိုင်)၂၅၈၀၃၀]၏ PP No.(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉-၂၅၉၈၀၄၅၇၆**



# ဒေါက်တာလှမောင် (သံအမတ်ကြီး-ငြိမ်း)
## (စီမံထူးချွန် ပထမဆင့်)
## အတွက်
## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

**(၈-၁၁-၂၀၁၅)(တနင်္ဂနွေနေ့)တွင်ကျရောက်မည့် (၈၇)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာ ချစ်ခင်မြတ်နိုးကြတဲ့ မိသားစုများနှင့်အတူ ချမ်းမြေ့ပျော်ရွှင် နွေးထွေးစွာဖြတ်သန်းပြီး၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နိုင်ငံ့အကျိုးပြုလုပ်မှုစီးပွား အထောက်အကူပြု လုပ်ငန်းများဖြစ်ကြသည့် လောကီအကျိုးပြုလုပ်ငန်းများနှင့်တကွ လောကုတ္တရာ အကျိုးပြုလုပ်ငန်းများတိုပါ ယခုထက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေလို့ ချစ်ခင်မြတ်နိုးကြတဲ့ မိသားစုများက ဆန္ဒပြုဆုမွန်တောင်းတောင်းလိုက်ပါတယ်။**

**ချစ်ဇနီး၊ သား၊ သမီးများနှင့်မြေးများ**

## တောင်းဆုပန်လွှာ

၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်တွင် ကျရောက်ပါသော ဒီပါဝလီ(ခေါ်) ဆီမီးထွန်းညှိပူဇော်ပွဲနှင့်အတူ ဟိန္ဒူဘာသာမျိုးနွယ်စုများ၏ နေအိမ်များတွင် မဟာလက်ချမီးမယ်တော်ကြီး၏ စောင့်ရှောက်မှု အရိပ်အာဝါသရရှိပြီး မြန်မာနိုင်ငံသူ၊ နိုင်ငံသား ရဟန်းရှင်သူ၊ ပြည်သူ အပေါင်း၊ ဘာသာပေါင်းစုံ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း
အဖွဲ့ခွဲ
ရန်ကုန်တိုင်းဒေသကြီး

## နိုင်ငံခြားဘာသာစကားသင်တန်းများ

| | | |
|---|---|---|
| အင်္ဂလိပ်စာ (4Skills) | (လစဉ်) | ၅၀၀၀/-ကျပ် |
| အင်္ဂလိပ်စာPhonetics | (၁လပြတ်) | ၅၀၀၀/-ကျပ် |
| အင်္ဂလိပ်စကားပြော | (၂လပြတ်) | ၁၀၀၀၀/-ကျပ် |
| နိုင်ငံတကာသုံးတရုတ်စကားပြော(လစဉ်) | | ၈၀၀၀/-ကျပ် |
| အင်္ဂလိပ်/တရုတ်စကားပြော | (အမြန်) | ၃၀၀၀၀/-ကျပ် |

ကိုရီးယားအခြေခံ (4Skills / EPS-TOPIK စာမေးပွဲ)
ဂျပန်စာအခြေခံ၊ဂျပန်စကားပြော (အခြေခံ/အဆင့်မြင့်)၊
ဂျပန်စကားပြော၊ရေးနည်း၊အဘိဓာန်၊ဇာတ်လမ်း၊သီချင်းခွေ JLPTမေးခွန်းပုံစံ /စာမေးပွဲစာအုပ်များရောင်းသည်။

**EVER TOP**
သင်တန်းကျောင်း
အမှတ်(၆၆ /၆၈)၊၅လွှာ၊ အင်းစိန်လမ်း၊ကမာရွတ် (စံရိပ်ငြိမ်မှတ်တိုင် / လှည်းတန်းအနီး)
Ph: 098770096
0973040610
09254903604




## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေ(kyats)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံ ရောင်းချမည့်နေ့ | တင်ဒါပိတ်ရက်/ အချိန် |
|---|---|---|---|---|
| (က) | 3-7(T)/MESC/2015-2016 | ရုံးသုံးစက်ကိရိယာများ(၇)မျိုး | ၆-၁၁-၂၀၁၅ | ၂၀-၁၁-၂၀၁၅ ၁၃း၀၀နာရီ |
| (ခ) | 3-8(T)/MESC/2015-2016 | ရုံးသုံးပရိဘောဂများ(၁၆)မျိုး | ၆-၁၁-၂၀၁၅ | ၂၀-၁၁-၂၀၁၅ ၁၃း၀၀နာရီ |
| (ဂ) | 3-9(T)/MESC/2015-2016 | ရုံးသုံးယာဉ်များ (အုပ်ချုပ်မှုနှင့်လုပ်ငန်းသုံး) | ၆-၁၁-၂၀၁၅ | ၂၇-၁၁-၂၀၁၅ ၁၃း၀၀ နာရီ |
| (ဃ) | 3-10(T)/MESC/2015-2016 | တာယာနှင့်ဘက်ထရီများ | ၆-၁၁-၂၀၁၅ | ၂၇-၁၁-၂၀၁၅ ၁၃း၀၀နာရီ |


၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူ နိုင်ပါသည်။
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)
၇၇-လမ်း၊ ၂၆-၂၇ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၇၃၈၀၁




## သွေးသည်အသက်




## ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
**MECHINICAL CAR PARKING**




**TRW**
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

**အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။**

# ကြော်ငြာ


စည်းကမ်းပြည့်ဝ၍ ယုံကြည်စိတ်ချရသော ဝန်ဆောင်မှုပေးခြင်းကို စိတ်ဝင်စားသော
**လုပ်ငန်းအတွေ့အကြုံမရှိသေးသည့် အလုပ်သင်ဝန်ထမ်းများကို** ခေါ်ယူလျက်ရှိပါသည်။

# Job Vacancy @ UNIQUE
IT & Mobile Center

| | | | |
|---|---|---|---|
| ၁။ | ကွန်ပျူတာ နှင့် မိုဘိုင်းဖုန်းအရောင်း | ကျား/မ (၁၅)ဦး | Professional Sales Executive ... (စုစုပေါင်း လစာ ၁၅၀,၀၀၀ မှ ၂၂၀,၀၀၀ ကျပ် ...) |
| ၂။ | Office Staff (Telephone & Online Operator) | ကျား/မ (၁၀)ဦး | Professional Online Sales Executive ... (စုစုပေါင်း လစာ ၁၅၀,၀၀၀ မှ ၂၂၀,၀၀၀ ကျပ် ...) |
| ၃။ | ကွန်ပျူတာ နှင့် မိုဘိုင်းဖုန်းပြုပြင် | ကျား/မ (၂၅)ဦး | A+ / Network Basic / Mobile Software Basic ... Professional Service Technician ... (စုစုပေါင်း လစာ ၁၅၀,၀၀၀ မှ ၂၂၀,၀၀၀ ကျပ် ...) |

HR Department Hot Line
09 318 33 444

Center 1 (Pansodan)
No. 261, Pansodan Road (Upper Block), Bet. Anawrahta & Bogyoke Road, Kyauktada Township, Yangon, 11182.

Center 2 (Seikkanthar)
No. 194, Seikkanthar Street (Middle), Bet. Mahabandoola & Anawrahta Road, Kyauktada Township, Yangon, 11182.

Center 3 (Tamwe)
No. 74, West Horse Race Course Road, (Near U Chit Maung Housing), Tamwe Township, Yangon, 11211.

၁၅.၁၁.၂၀၁၅



နံနက် (၁၀:၀၀) နာရီမှ (၁:၀၀) နာရီ




ည (၆:၃၀) နာရီမှ ည (၉:၃၀) နာရီ




MCC (မင်းဓမ္မလမ်း)




Call for ticket: 09 - 261599321 , 09 - 970566624






**Opportunities driven by connectivity**

ဆက်သွယ်မှုမှ ဆောင်ရွက်ပေးမည့်အခွင့်အလမ်းများ

CommuniCast 2015 Myanmar
The 2nd Communications Technology, Enterprise & Convergence Solutions Show

International Myanmar ICT Exhibition 2015

**Tuesday 17 - Thursday 19 November 2015**

Myanmar Event Park (MEP), Yangon (9.00-17.00 Hrs.)

စီးပွားရေးလုပ်ငန်းရှင်များသာ၊ အသက် (၁၈) နှစ်အောက်ဝင်ခွင့်မပြု

www.communicastmyanmar.com
Info Hotline: +95-1 513 515 - 519

Official Medias: INTERNET NetGuide MobileGuide OXFORD BUSINESS GROUP TELECOM Review | Local Media Partner: MYANMAR TIMES | Organised by: BES ALLWORLD EXHIBITIONS



100% သံချေးမတက်သည့် Stainless Steel ဘလိပ်စားသွားဆူးကြိုးများကို

**စော်ဘွားလေးမိုလ်မိုလ်မောင်ကုမ္ပဏီလီမိတက်မှ 15% Discount**

ဖြင့် ရောင်းချပေးနေပါသည်။

အရောင်းခန်းမ(၁) - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နှင်းဆီကုန်းဘိုးသွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph : 01-545531, 01-8603141, 09-5008161

အရောင်းခန်းမ(၂) - အမှတ်(၃၆/A)၊ ပြည်လမ်းမ၊ (၉)မိုင်၊ မရမ်းကုန်း။
Ph : 01-656521, 09-421024741

အရောင်းခန်းမ(၃) - အဆောင်(၁၁၇)၊ အခန်း(၅)၊ ကျောက်စိမ်း(၆)လမ်း၊ ကမ္ဘာ့ရတနာဘတ်ဘားစော်ဘွားကြီးကုန်းကားဝင်း၊ အင်းစိန်မြို့နယ်။
Ph: 01-642748, 09-421024711, 09-421024811



**ငှားရန်ရှိသည်။**

**လင့်လမ်းနှင့်ဓမ္မစေတီလမ်းထောင့်ရှိ**

"Golden Link Condo" တွင် (Sqft- 1600, 1900, 2000, 2100) အကျယ်အဝန်းရှိသည့် အဆင့်မြင့် "Condo" တိုက်ခန်းများနှင့် မြေညီထပ်ရှိ ဆိုင်ခန်းများ၊ စားသောက်ခန်းများ ငှားရန်ရှိပါသည်။ "ရွှေတိဂုံဘုရား" အား နေ့စဉ်ကြည်ညိုဖူးမြော်နိုင်သည့် မြင်ကွင်းများနှင့် "မြလှာ" တွင် အပန်းဖြေစရာ "ရေကူးကန်" လည်း ပါရှိပါသည်။ ၂၄ နာရီ "Internet ဝန်ဆောင်မှု" ပါရှိပြီး အခြားဝန်ဆောင်မှုများလည်း ပါရှိပါသည်။

စုံစမ်းရန် - ၀၁-၅၃၀၅၃၄၊ ၀၉-၈၅၈၅၃၁၉




Since 1996

Home
Think of House, Think of Home

**သီတင်းကျွတ်ပွဲတော်**

Special Promotion

**ပါကေး အစားထိုး ကြမ်းခင်း**



ကြမ်းခင်း ၁ ကျင်း ဝယ်လျှင် နံရံကပ် ၁ ကျင်း လက်ဆောင်

ကြမ်းခင်း ၃ ကျင်း ဝယ်လျှင် နံရံကပ် ၁ ကျင်း လက်ဆောင်

ကြမ်းခင်း ၅ ကျင်း ဝယ်လျှင် နံရံကပ် ကြွေပြား ၁ ကျင်း လက်ဆောင်



ကုမ်ပဏီအနေဖြင့် ... လက်ဆောင်များ ... ** Selected Items Only

- ရန်ကုန် (ဘောင်သန်းကျွင်း) မင်္ဂလာတောင်ညွန့်။ ဖုန်း - 09 730 84 840, 09 730 84 841
- ရန်ကုန် (သီရိရတနာ) မြောက်ဥက္ကလာ။ ဖုန်း - 09 79 700 70 88, 09 79 700 70 99
- ရန်ကုန် (လေးထောင့်ကန်) သာယာဝတီ...။ ဖုန်း - 09 79 700 70 73, 09 79 700 70 83
- (မန္တလေး) ၈၂ လမ်း (၃၄ လမ်း နှင့် ၃၅ လမ်းကြား) ဖုန်း - 09 3311 6626, 09 3311 6636
- (ပဲခူး) ... ဖုန်း - 09 79 700 70 75, 09 79 700 70 85
- (နေပြည်တော်) ... ဖုန်း - 09 730 84 844, 09 795900 146
- (လားရှိုး) ... ဖုန်း - 09 79 58 999 80, 09 79 58 999 81
- (တောင်ကြီး) ... ဖုန်း - 09 79 700 70 79, 09 79 700 70 89
- (မုံရွာ) ... ဖုန်း - 09 79 700 70 87, 09 79 700 70 97

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မာရှီးလျှင်(လားရှိုး)**

**အသက်(၁၀၈)နှစ်**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ (၁၂)ရပ်ကွက်၊ ရှမ်းနိလောင်းလမ်း၊ အမှတ်(၂၅)နေ (ဦးရန်နိမ်ကျမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးရန်ကြွင်း–ဒေါ်ရောက်နော်၊ ဦးရန်ဟော် (Chairman, Mottama Holdings Ltd.) – ဒေါ်ခင်ခင်ထက်တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၅၇ ယောက်၊ မြစ် ၈၀ ယောက်၊ တီ ၂၉ ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၃၁ - ၁၀ - ၂၀၁၅ ရက် (စနေနေ့) နံနက် (၁ း ၀၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇော်ဇော် + ဒေါ်ငွေးငွေးခိုင်
Max Myanmar Holding Co.,Ltd.

---

## ဖောင်းကြွပျောက်

## လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ-၃၄၁၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---

PGD CO.LTD တွင်

**တာဝန်ထမ်းဆောင်ရန်**

ယာဉ်မောင်းအမြန်လိုရှိသည်။
အသက်(၂၈)နှစ်နှင့်အထက်
လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်
PH 253 963144, 09-258233339
01-430230

---

**မီး သတိပြု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ရဲမှူးအောင်မြင့်(ငြိမ်း)(လ/၁၅၀၀)**

**အသက်(၆၇)နှစ်**

**(ကြည်း-၁၄၃၉၇) OTS(53)**

မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ဒေလီစိုး၏ခင်ပွန်း ရဲမှူးအောင်မြင့်သည် ၂-၁၁-၂၀၁၅ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**OTS(53) စည်သူတပ်ခွဲ**
**သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**Winston Sein (MEHS)**

**အသက်(၆၆)နှစ်**

သူငယ်ချင်း ဒေါက်တာသန်းထွန်း (Winston Sein)သည် ၃၀-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(MEHS)' 68 Batch**
**ငယ်သူငယ်ချင်းများ**

---

**အလွှာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီဦးဇော်ဝင်း(ခ)ဟာဂျီခါဂျာရှုရစ်ဖ်

**Asia Win Group (Managing Director)**

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ အမှတ်(၁၂၉)၊ ဗိုလ်မင်းရောင်လမ်းနှင့် (၁၀၈)လမ်းထိပ်နေ (KED ဟာဂျီမိုင်းဒင်းဂနီ)-SKဟာဂျီမရှုဟဲရ်ဘာနူးတို့၏သားကြီး၊ ဦးမောင်မြင့်-ဒေါ်သန်းသန်းဝင်းတို့၏မောင်၊ ဦးညွန့်ဝင်း-ဒေါ်အေးမာလာ၊ ဦးနေဝင်း-ဒေါ်အေးနှင်းဖြူ၊ ဦးစိန်ဝင်း-ဒေါ်သီဂီဝင်း၊ ဦးကိုကိုလေး-ဒေါ်ဖြူဖြူဝင်း၊ ဦးအောင်မျိုးထွန်း-ဒေါ်သီတာဝင်း၊ ဦးအောင်နိုင်ဝင်း-ဒေါ်သန်းသန်းတို့၏အစ်ကို ဟာဂျီဦးဇော်ဝင်း(ခ)ဟာဂျီခါဂျာရှုရစ်ဖ်သည် ၅-၁၁-၂၀၁၅ရက် နံနက်၀၀း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၆-၁၁-၂၀၁၅(သောကြာနေ့)တွင် ကျူလီယာဂျာမေဗလီကြီးတွင် ဂျွမ္မာနမားဇ်ပြီး ဂျွမ္မာနမားဇ်ဖတ်အပြီး သန်လျင် ငါးပါးသခင်ကဘာရ်စတန် ဥယျာဉ်တော်၌ ဒါဖွနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းမြင့်**

**အသက်(၈၃)နှစ်**

ဦးမင်းခန့်-ဒေါ်မြင့်မြင့်သိန်း၊ (ကျောင်းအုပ်ဆရာမကြီး အထက ၄၊ ပုဇွန် တောင်)တို့၏ဖခင် ဦးထွန်းမြင့် အသက် (၈၃)နှစ်သည် ၃၀-၁၀-၂၀၁၅ရက်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါ သည်။

**ပညာရေးဝန်ထမ်းများနှင့် မိဘဆရာအသင်း**
**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**အထက(၄)၊ ပုဇွန်တောင်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဖြူဖြူ(ခ)မရ်ယမ်ဘီဘီ**

**အသက်(၆၄)နှစ်**

**ကထိက (ငြိမ်း)သတ္တဗေဒဌာန၊ အရှေ့ပိုင်းတက္ကသိုလ်(တာဝ)**

ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒကျောင်းသူ၊ ကျောင်းသားဟောင်းများအသင်းဝင် ဒေါ်ဖြူဖြူ အသက်(၆၄)နှစ် ကထိက (ငြိမ်း) သတ္တဗေဒဌာနသည် ၂-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသူ၊ ကျောင်းသားဟောင်းများ**
**လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဲမှူးခင်မောင်မြင့်(ငြိမ်း)**

ဒေါ်မြင့်မြင့်သောင်း၏ခင်ပွန်း၊ ဦးဇော်လင်းဦး၊ ဒေါ်ထိုက်ထိုက်လင်း၊ ဒေါ်ထက်ထက်လင်းတို့၏ဖခင်ရဲမှူး ခင်မောင်မြင့်(ငြိမ်း)သည် ၅-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

| | |
|---|---|
| **အစ်ကို-** | **ဦးခင်မောင်တင့်-ဒေါ်ခင်ခင်အေး(ကျိုင်းတုံ)** |
| **တူ၊ တူမများ-** | **ရန်ကြီးအောင်-ခင်ချိုသက်၊ ထွန်းထွန်းထိုက်-သီသီထွန်း** |
| **သက်ဝင်းစိုး-** | **ခင်ညီညီအေး၊မြင့်မောင်ဦး-ထွေးငယ်ငယ်အောင်** |
| **ညီ-ဦးဦးခိုင်-** | **ဒေါ်မိမိခိုင်(မန္တလေး)** |
| **တူတူမများ-** | **ထက်အောင်ရှိုင်း၊ မေသူခိုင်** |

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြင့်မြင့် (၇၇)နှစ်**

**(ရမ်းဗြဲ၊ ကျောက်ဖြူ)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၃၇)နေ ဒုတိယဗိုလ်မှူးကြီး မင်းကြည်(ငြိမ်း)(နာယကကြီး၊ ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်)၏ဇနီး၊ ဗိုလ်မှူးချုပ်မင်းသိန်းဇံ(ငြိမ်း) (သံအမတ်ကြီး၊ သီရိလင်္ကာနိုင်ငံဆိုင်ရာမြန်မာသံရုံး)-ဒေါ်မေသင်းကြိုင်တို့၏မွေးသမိခင် ဒေါ်မြင့်မြင့်သည် ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်)**

---

# ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မာရှီးလျှင်(လားရှိုး)**

**အသက်(၁၀၈)နှစ်**

ဦးရန်ဟော် (Chairman, Mottama Holdings Ltd.)-ဒေါ်ခင်ခင်ထက်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင် ဒေါ်မာရှီးလျှင်သည် ၃၁-၁၀-၂၀၁၅ရက်(စနေနေ့)နံနက် ၁နာရီတွင် လားရှိုးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Board of Directors**
**Kaba Kyaw Trading Co.,Ltd.**
**San Kaung Industry Limited.**

---

**တစ်လပြည့်လွမ်းဆွတ်သတိရခြင်း**

**ဦးထွန်းလင်း [ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန]**

ဖေဖေသားတို့မိသားစုနဲ့ ခွဲခွာသွားခဲ့တာ ဒီနေ့ (၈-၁၀-၂၀၁၅- ၈-၁၁-၂၀၁၅)ဆို တစ်လတင်းတင်းပြည့်ခဲ့ပါပြီ၊ သားတို့မိသားစုအပေါ် အစစအရာရာ တာဝန်ကျေပွန်ခဲ့တဲ့ဖေဖေကို သားတို့မိသားစု အမြဲတမ်းသတိတရနဲ့ တန်ဖိုးထားနေမှာပါ။ သားတို့မိသားစု ပြုခဲ့သမျှ ကုသိုလ်ကောင်းမှု အားလုံးဖေဖေရောက်ရာ ဘဝက ရနိုင်ပါစေ၊ ကြားသိနိုင်ပါစေ၊ သာဓုခေါ်ဆိုနိုင်ပါစေ၊ ဖေဖေရယ်။ ဖေဖေရေ အမျှ၊ အမျှ၊ အမျှ

**ဇနီးဒေါ်သန်းသန်းဆင့်၊ သားကြီး-ဦးကျော်စွာလင်း-ဒေါ်အိအိဖြိုး**
**သားငယ်-ဥက္ကာလင်း၊ မြေး-ဆောင်းနှင်းဖြူ၊ ဖွဲ့ထက်ကျော်စွာ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာတင်အုန်း**

**အသက်(၇၁)နှစ်**

**M.B.,B.S(Ygn) (၁၉၆၆/၇၃) ဆေးတက္ကသိုလ်(၂)**

**ရွှေတောင်တန်းကျားသက်န်းတိုက်**

အစ်မဖြစ်သူ ဒေါက်တာမမ၏ခင်ပွန်းဖြစ်သူ ဒေါက်တာတင်အုန်းသည် ၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးတင့်-ဒေါ်သင်းသင်းမွှေး**
**ကုန်ဈေးတန်း၊ ကျားသက်န်းတိုက်မိသားစု**
**အမှတ်(၁၄၉)၊ ကုန်ဈေးတန်းလမ်း၊ ရန်ကုန်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးတိုက်အောင် (ငြိမ်း)**

**လက်ထောက်အထွေထွေမန်နေဂျာ၊ ကမ္ဘောဇရတနာဘဏ်လီမိတက်**

L3/002(၁၄)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်နေ ဒေါ်ဝင်းဝင်းမော်၏ ခင်ပွန်း ဗိုလ်ကြီးတိုက်အောင်(ငြိမ်း)သည် ၅-၁၁-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Diploma in Banking (Full Time)၊ Batch(4)**
**သူငယ်ချင်းသင်တန်းသား၊ သင်တန်းသူများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

**သုဓမ္မသိင်္ဂီဒေါ်နန်းငွေရီ(၆၆)နှစ်**

မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်း၊ ဒေါ်နန်းချိုချိုလှိုင်တို့၏မိခင်ဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး သုဓမ္မသိင်္ဂီဒေါ်နန်းငွေရီသည် ၁-၁၁-၂၀၁၅ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြင့်မြင့်**

**အသက်(၇၇)နှစ်**

**ရခိုင်ပြည်နယ်ဓမ္မာရုံ၊ နာယကကြီး**

ဦးမင်းကြည် (ဦးဆောင်နာယကကြီး၊ ရခိုင်ပြည်နယ်ဓမ္မာရုံ)၏ဇနီး၊ ဗိုလ်မှူးချုပ်မင်းသိန်းဇံ(သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)-ဒေါ်မေသင်းကြိုင်တို့၏မွေးသမိခင်ကြီး ဒေါ်မြင့်မြင့်သည် ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ်ဓမ္မာရုံ**
**ဂေါပကအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးတိုက်အောင်(ငြိမ်း)**

**MBF 1st Batch**

**လက်ထောက်အထွေထွေမန်နေဂျာ(ကမ္ဘောဇရတနာဘဏ်၊ ရုံးချုပ်)**

**အသက်(၇၄)နှစ်**

သူငယ်ချင်း ကိုတိုက်အောင် MBF .1.Roll No(41) သည် ၅-၁၁-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၄း၁၅နာရီတွင် မမျှော်လင့်ဘဲ ဒို့သူငယ်ချင်း တွေကို မနှုတ်ဆက်ဘဲ ရုတ်တရက် ခွဲခွာသွားသော၊ စာကို အပတ်တကုတ်ကြိုးစားသော သူငယ်ချင်းအတွက် ဖြေမဆည်နိုင်အောင် ဝမ်းနည်းကြေကွဲရပါတယ်၊ သူငယ်ချင်း မြင့်မြတ်တဲ့ဘုံဘဝမှာ အေးချမ်းစွာ အနားယူနိုင်ပါစေ။

**MBF Program Director များနှင့်**
**ချစ်သောသူငယ်ချင်းများ(MBF 1st Batch)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးတိုက်အောင်(ငြိမ်း) OTS (91)**

**လ/ထ အထွေထွေမန်နေဂျာ (စာရင်းဌာန)**

**ကမ္ဘောဇရတနာဘဏ် လီမိတက်(ရုံးချုပ်)**

ရန်ကုန်မြို့၊ ကမ္ဘောဇရတနာဘဏ် လီမိတက်(ရုံးချုပ်)စာရင်းဌာနမှ လ/ထ အထွေထွေမန်နေဂျာ၊ ဗိုလ်ကြီးတိုက်အောင်(ငြိမ်း)သည် ၅-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကမ္ဘောဇရတနာဘဏ်မှ သူငယ်ချင်းများ**
**ကိုကိုအောင်၊ လှဦး၊ ခင်မောင်ဦး၊သိန်းနိုင်ဦး၊**
**အောင်အောင်၊သန်းငွေးဦး၊**
**အောင်နိုင်ဦး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဇင်မင်းထူး(တေဇ-၁၈)**

**ကြည်း/၂၃၀၂၇**

**အသက်(၄၆)နှစ်**

စိတ်သဘောထားပြည့်ဝပြီး ခင်မင်ကူညီတတ်သူ၊ အပတ်စဉ်အတွက် သာရေး/နာရေးကိစ္စများတွင် စိတ်ရောကိုယ်ပါ ဆောင်ရွက်ပေးတတ်သူ ချစ်သူငယ်ချင်း ဇင်မင်းထူးသည် ၅-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက်၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ နှမြော တသ ကြေကွဲဝမ်းနည်းရပါကြောင်း။

**သူငယ်ချင်း ကောင်းရာဘုံဘဝရောက်ပါစေ. . .**
**တေဇ(၁၈)မှ သူငယ်ချင်းမိသားစုများ**

Hot Line No-0930500100

### ယနေ့ မာတိကာ

လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲ
စာမျက်နှာ - ၂

မြောက်ဦးဒေသ ရေဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးအတွက် ကျေးရွာသုံးရွာတွင် အိမ်ခြေ ၁၁၈ လုံး ဆောက်လုပ်လှူဒါန်း
စာမျက်နှာ - ၅

စပိန်အသင်းနဲ့အတူ ပါဝင်လာဖို့ရှိနေတဲ့ ဒီယေဂိုကော်စတာ
စာမျက်နှာ - ၁၂

# မြန်မာနိုင်ငံသား ရေလုပ်သား ၇၁ ဦး အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းမှ ပြန်လည်ရောက်ရှိ



သတင်းနှင့် ဓာတ်ပုံ » ဇော်ကြီး(ပဏီတ)

**ရန်ကုန် နိုဝင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရေလုပ်သား ၇၁ ဦးတို့သည် ယနေ့ နံနက် ၂ နာရီ မိနစ် ၄၀ တွင် စင်းလုံးငှားလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

"အခုပြန်ရောက်လာတဲ့သူတွေက အင်ဒိုနီးရှားရေပိုင်နက်ထဲက ငါးဖမ်းလှေတွေပေါ်မှာအလုပ်လုပ်တဲ့သူတွေပါ။ အများစုကတော့ လုပ်ခလစာတွေရခဲ့တယ်။ သူတို့ကို နေရပ်လိပ်စာမှန်ကန်မှု ရှိ၊ မရှိနဲ့ လူကုန်ကူးခံရခြင်းရှိ၊ မရှိ စစ်ဆေးမှုတွေပြုလုပ်သွားမယ်။ လူကုန်ကူးခံရတာတွေရှိခဲ့ရင် ဥပဒေအရ ဆက်လက် ဆောင်ရွက်သွားမယ်" ဟု အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး ရဲမှူး ရဲဝင်းအောင်က ပြောသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❋

## တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ပန်ဒါနီ အမတစ်ကောင်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

ကမ္ဘာပေါ်တွင် ရှားပါးတိရစ္ဆာန်မျိုးနွယ်စာရင်းဝင်ဖြစ်ပြီး ကောင်ရေ ၁၀၀၀၀ အောက်ခန့်သာကျန်ရှိသော ပန်ဒါနီများသည် ဟိမဝန္တာအရှေ့ဘက်နှင့် အနောက်တောင်ပိုင်း သမပိုင်းသစ်တော၊ နီပေါ၊ အိန္ဒိယ၊ ဘူတန်၊ တရုတ်ပြည်အနောက်တောင်ပိုင်းနှင့် မြန်မာပြည်မြောက်ပိုင်းဒေသများရှိအပင်ကြီးများ၊ ဝါးရုံပေါများသည့်နေရာများတွင်သာ တွေ့မြင်နိုင်သော တိရစ္ဆာန်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖



## ဗီယက်နမ်ဖိတ်ခေါ်အမျိုးသမီးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများ ယနေ့ကစားမည်

**ဟိုချီမင်း နိုဝင်ဘာ ၇**

ဗီယက်နမ်ဖိတ်ခေါ်အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် FEU အသင်း၊ ညနေ ၆နာရီတွင် မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းနှင့် ဟိုချီမင်းစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပနေခြင်းကြောင့် နှစ်ပွဲစီအနိုင်ရထားသော မြန်မာအသင်းနှင့် ဟိုချီမင်းစီးတီးအသင်းတို့မှာ အဆုံးအဖြတ်ကစားရခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ဖိလစ်ပိုင်ကလပ် FEU အသင်းကိုခြောက်ဂိုး-ဂိုးမရှိ၊ ဟောင်ကောင်လက်ရွေးစင်အသင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရထားပြီး ဟိုချီမင်းစီးတီးကလပ်အသင်းမှာ ဟောင်ကောင်လက်ရွေးစင်အသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ FEU အသင်းကို ငါးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရထားခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ဟိုချီမင်းစီးတီးအသင်းတို့မှာ ခြောက်မှတ်စီရရှိထားသော်လည်း ဂိုးကွာခြားချက်တွင် ဟိုချီမင်းစီးတီးအသင်းက အသာရထားရာ မြန်မာအသင်းအနေဖြင့် ချန်ပီယံဆုအတွက် မဖြစ်မနေအနိုင်ကစားရမည်ဖြစ်သည်။

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်သည် ယခုလအတွင်း နိုင်ငံတကာပြိုင်ပွဲဆက်တိုက်ကျင်းပလျက်ရှိပြီး ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဆုကြေးများအဖြစ် ပထမ အမေရိကန်ဒေါ်လာ ၃၀၀၀၊ ဒုတိယ အမေရိကန်ဒေါ်လာ ၂၀၀၀၊ တတိယ အမေရိကန်ဒေါ်လာ ၁၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ မြန်မာအသင်းမှာ ယူ-၂၀အသင်းဖြင့် ယှဉ်ပြိုင်နေသော်လည်း လက်ရွေးစင်ကစားသမားအချို့ပါဝင်နေသလို လက်ရွေးစင်နည်းပြအဖွဲ့က ဆက်လက်ကိုင်တွယ်နေခြင်းဖြစ်သည်။



သတင်းနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

မြန်မာယူ-၂၀ တောင်ပံကစားသမား မေသူကျော်။

MECTEL
CDMA 800 MHz (3G)
ဘယ်အချိန် ၊ ဘယ်နေရာမဆို အကောင်းဆုံး ဝန်ဆောင်မှု ပေးတဲ့ MECTel ကိုသာသုံးလိုက်ပါ
၂၀၁၅ခုနှစ်တွင် MECTel ၏အထူးခြားဆုံး "BONUS"
MECTel မှ ၂၀၁၅ ခုနှစ် ဝါကျွတ်လက်ဆောင်အဖြစ် (၁၈-၉-၂၀၁၅)ရက်နေ့မှ စတင်၍ (၁-၁-၂၀၁၆)ရက်နေ့အထိ ငွေဖြည့်ကတ် ဖြည့်သွင်းပါက ၁၀,၀၀၀ိ/- တန်အား ၇၀% ၊ ၅,၀၀၀ိ/- တန်အား ၅၀% ၊ ၃,၀၀၀ိ/- တန်အား ၃၀% အပိုထပ်ဆောင်းငွေ Bonus ရရှိမည်ဖြစ်ပြီး Bonus ငွေအား ငွေဖြည့်ကတ် စတင်ဖြည့်သွင်းသည့်ရက်မှ ရက်ပေါင်း(၆၀)အတွင်း သုံးစွဲနိုင်မည် ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ခွေမေတ္တာ အစီအစဉ် ရယူရန်အတွက် SMT ဟုရိုက်ပြီး 233 သို့ SMS အခမဲ့ ပေးပို့ပါ။
Anytime.., Anywhere...

themirror.npt@gmail.com
www.facebook.com/themirrordaily